# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၁)

**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်ကိစ္စ၌ ဩစတြေးလျနိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် အလားအလာများဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

**ကင်ဘာရာ မတ် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကင်ဘာရာမြို့ရှိ ဩစတြေးလျ ဓနသဟာယနိုင်ငံ လွှတ်တော်ဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဩစတြေးလျ ဓနသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့က အမြောက် ၁၉ ချက် ပစ်ဖောက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကာ နှစ်နိုင်ငံခေါင်းဆောင်များက နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒

**Other Account မှ ဘဏ္ဍာငွေများ**


စာ » ၆

**၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန်တင်ပြ**

စာ » ၇

**တိုင်းရင်းသားလူမျိုးစုအလိုက် ယဉ်ကျေးမှုပြခန်းများ ပြသခြင်းနှင့် တေးသီချင်းအကပဒေသာများဖြင့် ပျော်ရွှင်စွာ ပါဝင်ဖျော်ဖြေမည်**

စာ » ၁၁



# အာရှတိုက်၏ အနာဂတ်စပါးကျီ

မြန်မာနိုင်ငံသည် နှစ်ပေါင်း(၇၀)အတွင်း အမြင့်ဆုံးစံချိန်အဖြစ် ဆန်တန်ချိန်သုံးသန်းကျော်ကို ပြည်ပသို့တင်ပို့ နိုင်ခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ရလဒ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်၌ မြန်မာနိုင်ငံက ပြည်ပသို့ ဆန်တန်ချိန်လေးသန်းအထိတင်ပို့ရန် ရည်မှန်းချက်ချမှတ်ထားပါသည်။ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်၌ ပြည်ပသို့ ဆန်တင်ပို့မှုမှ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခွဲခန့်အထိ ဝင်ငွေရရှိရန်ကိုလည်း မျှော်မှန်းထားပါသည်။

ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံက လက်ရှိရရှိထားသော အောင်မြင်မှုနှင့် အနာဂတ်မျှော်မှန်းချက်တို့သည် အားရစရာကိန်းဂဏန်းတို့ဖြစ်သော်လည်း အောင်မြင်မှုရနေသည့် အခြားသော အာဆီယံနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်သည့် အနေအထားတို့ များစွာရှိနေသေးသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် ၁၀ သန်းတင်ပို့နိုင်ပြီး ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၆ ဒသမ ၅ သန်း တင်ပို့နိုင်ပါသည်။ တင်ပြလိုသည်မှာ မြန်မာနိုင်ငံသည် လက်ရှိမျှော်မှန်းထားသော အောင်မြင်မှုတို့ထက် ပိုမိုကြီးမားသည့် အောင်မြင်မှုတို့ကို ဖန်တီးပုံဖော်နိုင်သည့် အနေအထားတို့ ရှိနေခြင်းဖြစ်ပါသည်။

တစ်ဖက်က ဆန်စပါးအထွက်နှုန်းတန်ချိန်ကို နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် နှိုင်းယှဉ်လျှင်ဖြစ်စေ၊ ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်လျှင်ဖြစ်စေ မတိမ်းမယိမ်းအနေအထားမျိုး ရှိနေသော်လည်း ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံထက် နှစ်ဆနီးပါးပိုမိုသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် အာရှတိုက်၏ စပါးကျီဟူသော မူလအနေအထားကို ပြန်လည်ပိုင်ဆိုင်နိုင်ရန် မည်ကဲ့သို့သော လိုအပ်ချက်တို့အား ဖြည့်ဆည်းပေးရမည်ကို သုံးသပ်ရမည်ဖြစ်ပါသည်။ ကောက်ပဲသီးနှံတို့စိုက်ပျိုးသော မြေဧရိယာများအနက် ဆည်ရေရယူစိုက်ပျိုးနိုင်သော မြေဧရိယာ ရာခိုင်နှုန်းကို စိစစ်လေ့လာကြည့်ပါက ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံထက် ခုနစ်ဆပိုများသကဲ့သို့ ထိုင်းနိုင်ငံကမူ မြန်မာနိုင်ငံထက် သုံးဆပိုများပါသည်။

ကွန်ပေါင်းဓာတ်မြေသြဇာတစ်တန်အတွက် တစ်နိုင်ငံချင်းအလိုက် စိုက်ထုတ်ရင်းနှီးရသော အမေရိကန်ဒေါ်လာတန်ဖိုးကို နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် ဒေါ်လာ ၅၀၀ ကျော် အသုံးပြုရသော်လည်း ဗီယက်နမ်နိုင်ငံ၌မူ အမေရိကန်ဒေါ်လာ ၃၀၀ စွန်းစွန်းခန့်သာ အသုံးပြုရပါသည်။ ထိုင်းနိုင်ငံ၌မူ ဤနှုန်းထားသည် ဒေါ်လာ ၄၀၀ လောက်သာရှိပါသည်။ အသုံးပြုသော ယူရီးယားဓာတ်မြေသြဇာတစ်တန်အတွက် တစ်နိုင်ငံချင်းအလိုက် လယ်ကွင်းအရောက် ပျမ်းမျှဈေးနှုန်းတို့ကို နှိုင်းယှဉ်ကြည့်ပါကလည်း မြန်မာနိုင်ငံ၌ ဒေါ်လာ ၄၅၀ ခန့်ရှိ၍ ဗီယက်နမ်နိုင်ငံ၌ ဒေါ်လာ ၄၀၀ လောက်သာရှိပါသည်။ ထိုင်းနိုင်ငံ၌မူ ဒေါ်လာ ၄၀၀ ခန့်ရှိပါသည်။ ချုပ်၍ တင်ပြရပါက မြန်မာတောင်သူလယ်သမားတို့ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲတို့နှင့် ကုန်ကျစရိတ်တို့သည် ဗီယက်နမ်၊ ထိုင်း အစရှိသော နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ကျယ်ပြန့်ကြီးမားနေဆဲ ဖြစ်ပါသည်။

မျိုးကောင်းမျိုးသန့်ရရှိရေးမှအစပြု၍ မြေသြဇာအမျိုးမျိုး အသုံးပြုခြင်း အလယ်၊ ရိတ်သိမ်းချိန်မှသည် ပြည်ပတင်ပို့ခြင်း အဆုံး၊ စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့သော လုပ်ငန်းစဉ်တစ်ခုလုံး၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တောင်သူလယ်သမားတို့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် သက်ဆိုင်သူအားလုံး မျှမျှတတ အကျိုးခံစားခွင့်ရှိစေရမည်ဟူသော အခြေခံမူဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လေးစားစွာအကြံပြု တင်ပြအပ်ပါသည်။ ။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၉**

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှု စီရင်ချက်ချမှတ်၊ သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးမြပဟန်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)ခုနစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) သုံးမှုတို့ကို ရုံးထိုင် ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နွားထိုးကြီးမြို့နယ်၌ အိမ်ခြံမြေဈေးကွက်နှင့် ဆိုင်ခန်းခများမြင့်တက်နေ

**နွားထိုးကြီး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင် အိမ်ခြံမြေဈေးကွက်နှင့် ဆိုင်ခန်းခများ မြင့်တက်နေ၍ ဒေသခံများ အခက်တွေ့နေကြောင်း သိရသည်။

နွားထိုးကြီးမြို့ရှိ အိမ်ခြံမြေဈေးကွက်နှင့် ဆိုင်ခန်းငှားရမ်းခများမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

“အင်ကြင်းကျောက်ထွက်တဲ့ ကျွန်တော်တို့ နွားထိုးကြီးမြို့မှာ ပုဂ္ဂလိကဘဏ်ခွဲတစ်ခုက ငွေကျပ် သိန်း ၃၀၀၀ ခန့်ပေးဝယ်ပြီးတဲ့ နောက်မှာ တစ်နှစ်ထက်တစ်နှစ် ဈေးတက်လာတာပါ၊ အရင်နှစ်က ငွေကျပ် သိန်း ၁၀၀ လောက်ပေးရတဲ့ဝိုင်းက ငွေကျပ် သိန်း ၅၀၀ အထိ ဖြစ်လာတယ်၊ မြင်းခြံ-နွားထိုးကြီး၊ နွားထိုးကြီး-ပြင်စည် အစရှိတဲ့မြို့တွေသွားတဲ့ လမ်းမတော်ဘက်မှာဆို ငွေကျပ် သိန်း ၁၀၀၀ အထိ ဈေးခေါ်လာကြတယ်၊ နောက်တစ်ခုက ဆိုင်ခန်းခ တွေပါ၊ ဆိုင်ခန်းငှားရမ်းခတွေကလည်း မြင့်တက်လာတယ်၊ နိုင်ငံခြားချေးငွေအသင်းတွေက ငွေကြေးပိုပေးပြီး ငှားရမ်းတာကနေ ဆိုင်ခန်းခတွေ တက်လာတယ်၊ အိမ်လခ၊ တိုက်ခန်းငှားရမ်းခ အကုန်တက်လာတယ်၊ အရင်ငွေကျပ် ၅၀၀၀၀ ကနေ ၈၀၀၀၀ ငှားတဲ့နေရာတွေက အခု ငွေကျပ် ၅၀၀၀၀၀ ကနေ ၇၀၀၀၀၀ အထိ ဖြစ်လာတယ်။

“ဈေးဆိုင်ခန်းတွေလည်း အဲလိုပါပဲ၊ အရင်က ငွေကျပ် ၂၀၀၀၀၊ ၃၀၀၀၀ အခန်းတွေက အခု ၈၀၀၀၀၊ ၁၀၀၀၀၀ အထိ မြင့်တက်နေပါတယ်၊ ဆိုင်ခန်းဆောက်လုပ်တဲ့သူတွေ အဆင်ပြေပြီး ဆိုင်ခန်းဆောက်သလောက် ငှားရမ်းရတယ်၊ ဈေးဆိုင်ခန်းတွေကို မီးခိုးမထွက်တဲ့ စက်ရုံလို့တောင် တင်စားကြတယ်လေ၊ ဆိုင်ခန်းငှားရမ်းနေထိုင်သူတွေကျတော့ တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လာတော့ ဆိုင်ခန်းဈေးကွက်ထဲမှာ နစ်ကုန်တော့တာပါ”ဟု ဆိုင်ခန်းငှားရမ်း၍ ဈေးရောင်းချနေသူ ဒေသခံတစ်ဦးက ပြောကြားသည်။

နွားထိုးကြီးမြို့နယ်တွင် ရပ်ကွက်ကြီးရှစ်ခုရှိပြီး အုပ်စု ၇၂ အုပ်စုရှိကာ ကျေးရွာပေါင်း ၁၈၆ ရွာရှိသည်။ နွားထိုးကြီးမြို့နယ်တွင် အိမ်ခြေ ၅၀၀၀ ခန့်ရှိပြီး လူဦးရေ ၂၀၀၀၀ ကျော်နေထိုင်သောကြောင့် အခြေခံလက်လုပ်လက်စား လူတန်းစားအများစုမှာ နေထိုင်ရေးအတွက် တည်ငြိမ်သော အိမ်ခန်းငှားရမ်းခ၊ ဆိုင်ခန်းငှားရမ်းခ ဈေးကွက်များဖြစ်ပေါ်လာရန် မျှော်လင့်နေကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**



နွားထိုးကြီး မြို့တွင်းလမ်းတစ်နေရာကို တွေ့ရစဉ်။

# စဉ်ဆက်မပြတ် ဆေးပညာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို မတ် ၂၃ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့ လှိုင်သာယာပြည်သူ့ဆေးရုံ ခုတင် ၂၀၀ ဆေးရုံခန်းမ၌ ပါမောက္ခ ရဲမြက "Non Communicable Diseases in Myanmar"၊ ပါမောက္ခမာမာကြည်က "Role of General Practitioners in Sepsis Management"၊ ပါမောက္ခ ခင်ထားရီက " Primary Prevention of Cancer Cervix in Community " ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်အားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လှိုင်သာယာမြို့ ရွှေလင်ပန်းစက်မှုဇုန်ရှိ ရွှေလင်ပန်းတိုက်နယ်ဆေးရုံတွင် ကျင်းပမည်ဖြစ်ပြီး ပါမောက္ခထင်အောင်စော၊ ပါမောက္ခယဉ်ယဉ်စိုး၊ တွဲဖက်ပါမောက္ခ နိုင်ဦး၊ ဒေါက်တာ ဝင်းဇော်တို့က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၉-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၂၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ ·၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၁ ·၅ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၃၄၅၊ ဖက်စ် ၀၆၇-၃၄၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

❒ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်တို့သည် ဩစတြေးလျ နေသဟာယနိုင်ငံ လွှတ်တော်ရှိ ဝန်ကြီးချုပ်ညှော်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျ နေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျ နေသဟာယနိုင်ငံ ဝန်ကြီးချုပ်တို့သည် လွှတ်တော်ညှော်ခန်းမ၌ မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဩစတြေးလျ နေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွှန့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုး မြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျ နေသဟာယနိုင်ငံ အတိုက်အခံ လေဘာပါတီခေါင်းဆောင် Mr. Bill Shorten နှင့် တွေ့ဆုံသည်။

**ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စ ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျ နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအလားအလာများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**စိုက်ပျိုးပေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် National Arboretum သို့ရောက်ရှိပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-ဩစတြေးလျ ချစ်ကြည်ရေးခရီးစဉ် အထိမ်းအမှတ် Pinus roxburghii (chir pine) ပင်ကို စိုက်ပျိုးပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Albert Hall ၌ ဩစတြေးလျ နေသဟာယနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာအသိုက်အဝန်းနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။

**ပါဝင်ကူညီ**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ လုပ်ငန်းများတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများအနေ ဖြင့် တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီပံ့ပိုးရေး မှာကြားသည်။

**ပြန်လည်ရှင်းလင်း**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တွေ့ဆုံ ပွဲသို့တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျ နေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနေသဟာယနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံမတ်ကြီး ဦးသာအောင်ညွှန့်က ဩစတြေးလျနေသဟာယနိုင်ငံရှိ မြန်မာအသိုက်အဝန်းမှ ရခိုင်ပြည်နယ်အတွင်းရှိ လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး အတွက် လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**


ညပိုင်းတွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တို့သည် မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်ထားကြသည့် ဩစတြေးလျကုန်သည်ကြီးများ အသင်းဝင်ကုမ္ပဏီကြီးများက တည်ခင်းညှော်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

*စာမျက်နှာ ၄ သို့*

**“ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျ နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး အလားအလာများနှင့် ရခိုင် ပြည်နယ်ဆိုင်ရာကိစ္စရပ်များ ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ”**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်တို့ ဩစတြေးလျကုန်သည်ကြီးများ အသင်းဝင်ကုမ္ပဏီကြီးများက တည်ခင်းညှော်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဩစတြေးလျ ချစ်ကြည်ရေးခရီးစဉ် အထိမ်းအမှတ် **Pinus roxburghii (chir pine)** ပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

**တိုးတက်မှုအခြေအနေ ရှင်းလင်း**

အဆိုပါ ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်တို့က မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားကြပြီး တက်ရောက်လာကြသည့် ဩစတြေးလျစီးပွားရေးကုမ္ပဏီကြီးများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

# အမှတ်(၁၅) အကြီးစားစက်ရုံ သာဂရမှ ၂၀၁၈ ခုနှစ်အတွင်း Ambulance ယာဉ် ၅၅ စီးထုတ်လုပ်သွားမည်

နေပြည်တော် မတ် ၁၉

**စက်မှုဝန်ကြီးဌာန၌ Ambulance အရည်အသွေးသတ်မှတ် အတည်ပြုရေးအဖွဲ့နှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်များနှင့် ကျွမ်းကျင်ပညာရှင်များ၏အကြံပြုချက်များအတိုင်း နိုင်ငံတကာအဆင့်မီ Ambulance များကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ စက်မှုဝန်ကြီးဌာနမှ တပ်ဆင်ထုတ်လုပ်သော Ambulance ယာဉ်များ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ စစ်ဆေး အတည်ပြုနိုင်ရေးအတွက် Ambulance အရည်အသွေး သတ်မှတ်အတည်ပြုရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်နိုင်ရန် မတ် ၅ ရက်တွင် ပထမအကြိမ်ညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးတွင် Ambulance ယာဉ်ထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာအသိမှတ်ပြု Ambulance ယာဉ် စစ်ဆေးရေးအဖွဲ့ဖြစ်သည့် Commission on Accreditation of Ambulance Services(CAAS) ၏ စစ်ဆေးအသိမှတ်ပြု လက်မှတ်ရရှိရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း၊ Ambulance ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး လက်မှတ်များကို စနစ်တကျ ထုတ်ပေးရန် Ambulance **“အရည်အသွေး သတ်မှတ်အတည်ပြုရေးအဖွဲ့ နှင့် အရည်အသွေး စစ်ဆေးရေးအဖွဲ့”** တို့ကို ဆက်စပ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီးဖြစ်၍ အဖွဲ့ဝင်အမည်စာရင်းကို အတည်ပြုရန်နှင့် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မည့် ကိုယ်စားလှယ်များမှ Ambulance Guideline & Check List နှင့် (SOP) တို့ကို အတည်ပြုရေးဆွဲနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။



**Ambulance အရည်အသွေးသတ်မှတ် အတည်ပြုရေးအဖွဲ့နှင့် အရည် အသွေးစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

အစည်းအဝေးတွင် တက်ရောက်လာကြသည့်ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များမှ Ambulance အရည်အသွေးကို စံသတ်မှတ်နိုင်ရေးနှင့် စစ်ဆေးရမည့် အချက်အလက် Check List တို့ကို အတည်ပြုရေးဆွဲနိုင်ရေးအတွက်အသေးစိတ်ဆွေးနွေးသည်။

စက်မှုဝန်ကြီးဌာန အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)တွင် Ambulance ယာဉ်များကို နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး ဖြစ်ရာ ထုတ်လုပ်ပြီးသော Ambulance ယာဉ်များနှင့် နောင်ဆက်လက်ထုတ်လုပ်မည့် ယာဉ်များကို နိုင်ငံတကာအဆင့်အရည်အသွေးပြည့်မီစေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် Commission on Accreditation of Ambulance Services (CAAS) အဖွဲ့၏ Standards and Guidelines များနှင့်အညီ ထုတ်လုပ်လျက်ရှိသည်။ အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)မှ ၂၀၁၈ ခုနှစ်တွင် Ambulance ယာဉ် ၅၅ စီးကိုထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မစ္စတာ ဇာဟိုင်ရီ ဘင် ဘာဟာရင်းမ်အား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဟာနဖ်ဘင် အဗ္ဗဒူလာရာမန်၏ နေရာတွင် မစ္စတာ ဇာဟိုင်ရီ ဘင်ဘာဟာရင်းမ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဇာဟိုင်ရီ ဘင် ဘာဟာရင်းမ်ကို ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် မလက်ကာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် မလေးရှားနိုင်ငံ မာလာယာ တက္ကသိုလ်မှ ဥပဒေဘွဲ့(ဂုဏ်ထူးတန်း)ကို လည်းကောင်း၊ မလေးရှားပြည်သူ့ရေးရာ စီမံခန့်ခွဲမှု အမျိုးသားတက္ကသိုလ်မှ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၉၆ ခုနှစ်တွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လာအို၊ ကူဝိတ်နှင့် ကာတာနိုင်ငံများရှိ မလေးရှားသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ အကြီးတန်းလက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့ရှိ မလေးရှားမဟာမင်းကြီးရုံးတွင် သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ လက်ရှိအချိန်အထိ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဇာဟိုင်ရီဘင်ဘာဟာရင်းမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ် သာဝတ္ထိ မီးဘေးသင့်ပြည်သူများအား သွားရောက်အားပေးလှူဒါန်း

**လယ်ဝေး မတ် ၁၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိတွင် မတ် ၁၇ ရက် ညနေပိုင်းကဆီ ဘောက်ဆာယာဉ်တိမ်းမှောက်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအပါအဝင် နေအိမ် ၁၀ လုံး မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ မတ် ၁၈ ရက် ညနေ ၄ နာရီက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လာရောက်ကြည့်ရှုကာ မီးဘေးသင့်ပြည်သူများ ယာယီနေထိုင်သည့် ကြံခင်းရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က မီးဘေးသင့် အိမ်ထောင်စု ၁၆ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းစီပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်သုံးလူသုံးပစ္စည်း ၁၆ မျိုး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်သုံးလူသုံးပစ္စည်း ငါးမျိုးနှင့် အလှူရှင်များက အလှူငွေ၊ အဝတ်အထည်နှင့် အစားအစာများ ပေးအပ်လှူဒါန်းသည်။ အဆိုပါ ပေးအပ်လှူဒါန်းပွဲသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအေးမောင်စိန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးကြည်ဝင်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မတ် ၁၉**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရိတ်စင်တီဂရိတ်၊ ပျဉ်းမနားမြို့၊ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ပါသည်။ မုတ်သားဖွယ်ရာမိုးရေချိန်များမှာ ပင်လည်ဘူးမြို့တွင် ၀ ဒသမ ၁၂လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ရွှေမိုးတောင် ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁၉

**ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စည်ကားခမ်းနားစွာ ကျင်းပသည်။**



**စည်ကားသိုက်မြိုက်**

အခမ်းအနားသို့ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက၊ ကချင်ပြည်နယ် သာသနာ့အကျိုး တော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနာ့ဇောတိကဓမ္မာစရိယ ဘဒ္ဒန္တကေတုမာလ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညီညီဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

**ဗုဒ္ဓဘိသိက်သွန်းတော်မူ**

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ဂရင်းနိုက်ကျောက်များဖြင့် ထုလုပ် ပူဇော်**

အဆိုပါ ရွှေမိုးတောင်စေတီတော်မြတ်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာတို့အား ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူးဗလမင်းထင်တံတား၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အများပြည်သူအလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီးသည် ဉာဏ်တော်အမြင့် ၇၇ ပေရှိကာ ရွှေမိုးတောင်မှထွက်ရှိသည့် ဂရင်းနိုက်ကျောက်များဖြင့် ထုလုပ်ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ပူဇော်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှည့်လည်ပူဇော်ခံစဉ်။**
သတင်းစဉ်

# တပ်မတော်သည် အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များထိပါးလာလျှင် ကာကွယ်ရမည်

နေပြည်တော် မတ် ၁၉

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၁၈ ရက် ညနေပိုင်းတွင် တနိုင်းတပ်နယ် ရှဒူဇွပ်ကျေးရွာရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံသည်။**

**ကာကွယ်စောင့်ရှောက်နေ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ထိပါးလာလျှင် ကာကွယ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများကို တိုက်ခိုက်နေခြင်း၊ ဘာသာရေးကို တိုက်ခိုက်နေခြင်း မဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နေခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဂုဏ်ပြုချီးမြှင့်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်များ၊ သမ္မာကျမ်းစာအုပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေများကိုလည်းကောင်း၊ တာဝန်ရှိသူများက သုတ၊ ရသစာအုပ်စာစောင်များ၊ အားကစားပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် KIA လက်နက်ကိုင်အဖွဲ့က အဆိုပါ တပ်ရင်းဌာနချုပ်ကို အလစ်အငိုက် လာရောက်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ရှပ်ရှပ်ချွံချွံ ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ရကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ICBC နှင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် Industrial and Commercial Bank of China, Yangon Branch မှ Chief Executive Officer, Mr. He Bi Qing နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ ICBC, Yangon Branch ၏ မြန်မာနိုင်ငံ၌ ဘဏ်ခွဲဖွင့်လှစ်ထားရှိမှု အခြေအနေများ၊ ၂၀၁၇ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်အောင်မြင်ရရှိမှု အခြေအနေများ၊ AML/CFT အားကောင်း ခိုင်မာစေရန် ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် RMB ငွေကြေးဖြင့် နယ်စပ်ဖြတ်ကျော် စာရင်းရှင်းလင်းမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန်နှင့် ယုဇနဥယျာဉ်မြို့တော် အိမ်ရာအဆောက်အအုံများဆိုင်ရာ ခိုင်ခံ့မှု ရှိ၊ မရှိ စစ်တမ်းကောက်ယူမည်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန်(၉၂)ရပ်ကွက်နှင့် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက်ရှိ အိမ်ရာအဆောက်အအုံများဆိုင်ရာ ခိုင်ခံ့မှု ရှိ၊ မရှိ စစ်တမ်းကောက်ယူမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၉ ရက် နံနက်ပိုင်း ၁၁ နာရီခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)**(၉၂/၉၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် လမ်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဒေါ်သဲစုငြိမ်းက စစ်တောင်းရိပ်မွန်(၉၂)ရပ်ကွက်နှင့် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက်ရှိ အဆောက်အအုံများဆိုင်ရာ ခိုင်ခံ့မှု ရှိ၊ မရှိ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ စစ်တမ်းကောက်ယူမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက လုပ်ငန်းပိုင်းဆိုင်ရာကို ပေါင်းစပ်ညှိနှိုင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လမ်းကိုယ်စားလှယ်များက မိမိတို့၏ လမ်းအလိုက်အခက်အခဲများကို တစ်ဦးချင်းစီ တင်ပြအကြံပြုဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**ကျင်မောင် (ဆိပ်ကမ်း)**



## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၉-** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# Other Account မှ ဘဏ္ဍာငွေများ

သက်ဇင်မိုး / ရှင်မင်း

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ထဲတွင် မြန်မာကျပ်ငွေ ထရီလီယံများစွာရှိနေသည်ဟု ပြောလိုက်လျှင် ပြည်သူများအနေဖြင့် ဒီလောက်များပြားတဲ့ ပိုက်ဆံတွေ ဘာကြောင့်ရှိနေတာလဲ၊ ဘာအတွက်လဲ၊ ဘာလုပ်ဖို့လဲ စသည်ဖြင့် မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့် အပြည့်အစုံမဟုတ်သော စာရင်းအခေါ်အဝေါ်တစ်ခုကြောင့် ပြည်သူ့ယုံကြည်မှု မယွင်းစေလိုပါ။

**Other Account ဆိုသည်မှာ**

Other Account ၏ အမည်အပြည့်အစုံမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) - Union Fund Account- Other Account-UFA OA ဖြစ်ပါသည်။ လွယ်လွယ်ဖြင့် Other Account ဟု ခေါ်ခြင်းသာဖြစ်ပါသည်။ ထိုစာရင်းမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ဌာနဆိုင်ရာငွေထုတ်စာရင်းဖြစ်သော MD Account (Ministries and Department Account) အပြင် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက်တောင်းခံ၍ ထပ်မံဖွင့်လှစ်သော အခြားစာရင်းရှင်များ ဖြစ်ပါသည်။

UFA (OA) များကို နှစ်မျိုးနှစ်စား ခွဲခြားတွေ့နိုင်ပါသည်။ အဓိကအားဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ UFA (OA) နှင့် အခြားလုပ်ငန်းလိုအပ်ချက်အရ ဖွင့်လှစ်ရသော UFA (OA) များ ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ဦးစီးဌာနများ၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မည်သူမဆို ဖွင့်လှစ်နိုင်သောစာရင်းဖြစ်ပြီး ပထမအမျိုးအစားမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကသာ ဖွင့်လှစ်ခွင့်ရှိသော စာရင်းဖြစ်ပါသည်။ ဒုတိယအမျိုးအစားတွင် ချေးငွေ / ထောက်ပံ့ငွေ စီမံကိန်းအရ ဖွင့်လှစ်ရသော UFA (OA)၊ သီးခြားထားရှိသုံးစွဲရသော ပညာရေးအသုံးစရိတ်၊ ကျန်းမာရေးအသုံးစရိတ်တို့အတွက် ဖွင့်လှစ်ရသော UFA (OA)၊ လှူဒါန်းမှုများအတွက် ဖွင့်လှစ်ရသော UFA (OA) စသည်ဖြင့် အမျိုးအစားစုံလင်ပေသည်။ ၎င်းတို့အားလုံးကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းက ၎င်းတို့သဘောဖြင့် ဖွင့်လှစ်၍မရဘဲ ဘဏ္ဍာရေးစည်းမျဉ်းအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဖွင့်လှစ်ရပြီး လုပ်ငန်းပြီးသည့်အခါ ပြန်လည်ပိတ်သိမ်းရပါသည်။

အခွင့်သာ၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ လည်ပတ်ရန်Other Account ဟု ခေါ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) အကြောင်းကို တင်ပြလိုပါသည်။

ရှေးဦးစွာတင်ပြလိုသည်မှာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ Other Account ဟုခေါ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) သည် ဘတ်ဂျက်တွင် ပါဝင်ခြင်းဖြစ်ပါသည်။ ၎င်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရှိ စာရင်းတစ်ခု မဟုတ်ပါ။ ထို့အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account မှ ငွေများကို သက်ဆိုင်ရာနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့သဘောဖြင့် သုံးစွဲခွင့်မရှိပါ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့်သာ သုံးစွဲခွင့်ရှိပါသည်။ သုံးစွဲမှုကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရပါသည်။

ထို့ပြင် Other Account ရှိငွေများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရသာ သုံးစွဲခွင့်ရှိပါသည်။ ထို့ကြောင့် Other Account သည် ပြည်သူ့ဘဏ္ဍာအဖြစ် လွှတ်တော်၏ ထိန်းကျောင်းမှုရှိသည့် စာရင်းဖြစ်ပါသည်။

**Other Account ကို ထိန်းကျောင်းမှုအဆင့်ဆင့်**

Other Account ရှိ ဘဏ္ဍာငွေများကို သုံးစွဲနိုင်ရန် အဆင့်ဆင့်ထိန်းကျောင်းထားပါသည်။ Other Account တွင်ရှိသည့် ဘဏ္ဍာငွေများကို သုံးစွဲနိုင်ရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရပါသည်။ ရေးဆွဲပြီးဘတ်ဂျက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ စိစစ်မှုခံယူရပါသည်။ ထို့နောက် ဘဏ္ဍာရေးကော်မရှင်သို့ထပ်မံတင်ပြကာ ဘဏ္ဍာရေးကော်မရှင်က စိစစ်အတည်ပြုထောက်ခံပါက နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ကာ ပြည်ထောင်စုလွှတ်တော်၏ ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲခွင့်ရရှိခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏ ဘတ်ဂျက်ဖွဲ့စည်းပုံကိုလည်း တင်ပြလိုပါသည်။ ဘတ်ဂျက်သည် လာမည့်ဘဏ္ဍာနှစ်အတွက် ရငွေ၊ သုံးငွေကိုကြိုတင်စာရင်းပြုစုခြင်းဖြစ်ပါသည်။ နိုင်ငံတော်ဘတ်ဂျက်တွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ (State Economic Enterprises -SEE )ဟူ၍ အဓိက သုံးပိုင်းခွဲခြားထားပါသည်။

**နိုင်ငံတော်၏ဘတ်ဂျက်တွင် ပါဝင်**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEE) ၏ ရငွေ၊ သုံးငွေစာရင်းအားလုံးသည် နိုင်ငံတော်၏ဘတ်ဂျက်တွင် ပါဝင်ပါသည်။ ပြည်ထောင်စုအစိုးရ၏ ရငွေ၊ သုံးငွေများအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (Union Fund Account-UFA) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (Union Government Deposit Account- UGDA) ဟူ၍ ဖွင့်လှစ်ဆောင်ရွက်ရပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို လစဉ်စာရင်းပေါင်းချုပ်ကိုက်ညှိခြင်းနှင့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းကို လစဉ်ကိုက်ညှိ၍ လချုပ်ချုပ်ဆိုခြင်းတို့ကို မြန်မာ့ စီးပွားရေးဘဏ်၊ ငွေတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က ဆောင်ရွက်ပါသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းအောက်တွင် စာရင်းအမျိုးအစားအလိုက် လယ်ဂျာခြောက်မျိုးဖြင့် ဖွင့်လှစ်ထိန်းသိမ်းထားသည့်အနက်မှ Other Account သည် လယ်ဂျာ-၅ အဖြစ် ပါဝင်ပါသည်။

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအောက်တွင် ဖွင့်လှစ်ထားသည့် လယ်ဂျာခြောက်မျိုး**

၎င်းနေရာတွင် လယ်ဂျာခြောက်မျိုးကိုလည်း ဗဟုသုတအလို့ငှာ တင်ပြချင်ပါသည်။ ၎င်းတို့မှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း တစ်ခုချင်းအလိုက် ဖွင့်လှစ်သည့်ငွေထုတ် စာရင်းများ (SEE Account) အဖြစ် လယ်ဂျာ- ၁၊ စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) အဖွဲ့များ၏ ငွေထုတ်စာရင်းများ (Development Committee Account) အဖြစ် လယ်ဂျာ- ၂၊ ဗဟိုအဖွဲ့ အစည်းများ၊ ဝန်ကြီးရုံးများ၊ ဦးစီးဌာနများ၏ ဌာနတစ်ခုချင်းအလိုက် ဖွင့်လှစ်သည့် ငွေထုတ်စာရင်းများ (Ministries and Development Account)အဖြစ် လယ်ဂျာ- ၃၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ မဖွင့်လှစ်နိုင်သည့်နေရာများတွင် ဖွင့်လှစ်ထားသောဘဏ်ငွေတိုက်ခွဲများရှိ စာရင်းများအဖြစ် လယ်ဂျာ- ၄၊ စာရင်းရှင်အပ်ငွေစာရင်းများ(Other Accounts) အဖြစ် လယ်ဂျာ- ၅ နှင့် လှည့်ပတ်ရန်ပုံငွေစာရင်းရှင်များ ( Revolving Fund Account) အဖြစ် လယ်ဂျာ-၆ ဟူ၍ ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲများက Other Account ငွေစာရင်းအပါအဝင် အထက်ဖော်ပြပါ လယ်ဂျာ- ၁ မှ ၆ အထိ အစိုးရစာရင်းအားလုံးကို တစ်စုတစ်စည်းတည်း စုပေါင်းကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အသားတင် လိုငွေ၊ ပိုငွေ ဖော်ထုတ်ရေးဆွဲ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိပြည်ထောင်စု အစိုးရအပ်ငွေစာရင်း (Union Government Deposit Account) နှင့် လစဉ်စာရင်းရှင်းလင်းခြင်းကို ဆောင်ရွက်ရပါသည်။

အဆိုပါ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ ဝင်ရောက်လာသောငွေများမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပိုငွေဖြစ်သည့်အခါ ရရှိလာသောငွေများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊ အစိုးရငွေတိုက်စာချုပ် / ငွေတိုက်လက်မှတ်ရောင်းချရငွေများ ဖြစ်ပါသည်။ အဆိုပါစာရင်းမှ ထွက်သွားမည့်ငွေများမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက ထည့်ဝင်ငွေ ပိုမိုထည့်ဝင်မိသည့်အခါ ပြန်အမ်းငွေများ၊ ငွေတိုက်စာချုပ် / ငွေတိုက်လက်မှတ်များ၊ ရွေးနုတ်ငွေများ၊ တိုင်းဒေသကြီး / ပြည်နယ်များသို့ ပြည်ထောင်စုအစိုးရက ထောက်ပံ့သည့်ငွေများ စသည်တို့ဖြစ်ပါသည်။ အဆိုပါစာရင်းများ၏ အဝင်အထွက်သည် အမြဲရှိနေပြီး ပိုငွေပေါ်ပေါက်သည့်လ ရှိသကဲ့သို့ လိုငွေပေါ်ပေါက်သည့်လလည်း ရှိပါသည်။ ပိုငွေပေါ်ပေါက်ပါက ငွေတိုက်စာချုပ် / ငွေတိုက်လက်မှတ်များကို ပြန်လည်ရွေးနုတ်ရန် စဉ်းစားနိုင်ပါသည်။ လိုငွေပေါ်ပေါက်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များရယူ၍ ဖြည့်ဆည်းထားပေးပါသည်။

**Other Account လက်ကျန်၏သဘော**

အထက်တွင်ဖော်ပြသည့်အတိုင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ရှိ ရငွေ၊ သုံးငွေများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဖွင့်လှစ်ထားသည့် ပြည်ထောင်စု အစိုးရအပ်ငွေစာရင်းသို့ ရောက်ရှိလာပါသည်။ တစ်နည်းအားဖြင့် Other Account ရှိ လက်ကျန်ငွေများသည် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ အဝင်အထွက်ပြုလုပ်ပြီးသော ငွေများဖြစ်ပါသည်။

အမှန်စင်စစ်အားဖြင့် Other Account ရှိ ဘဏ္ဍာငွေများသည် စာရင်းအားဖြင့်သာ ဘဏ်လက်ကျန်အဖြစ် ကျန်ရှိနေခြင်းလည်းဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ ဝင်ရောက်လာချိန်တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းတစ်ခုလုံး၏ အသားတင်ပိုငွေအဖြစ် ဝင်လာခြင်းဖြစ်ပြီး အသားတင်လိုငွေဖြစ်ပါက ဗဟိုဘဏ်မှငွေတိုက် လက်မှတ်အာမခံယူ၍ ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ OA စာရင်းရှိ ငွေများအားလုံးကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းပေါင်းချုပ်ရာတွင် ထည့်သွင်းတွက်ချက်ပြီးဖြစ်ပါသည်။ စာရင်းအရ လက်ကျန်ပေါ်နေခြင်းသာဖြစ်ပြီး နိုင်ငံတော်က သုံးစရာရှိသည်များကို သုံးထားပြီးသား ဖြစ်ပါသည်။

နိုင်ငံတော်၏ ဘတ်ဂျက်ပကတိအခြေအနေမှာ ရငွေထက် သုံးငွေကပိုသဖြင့် လိုငွေဖြစ်ပေါ်နေသည့်အနေအထားတွင် ရှိပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ရှာဖွေသော OA ရငွေများအပါအဝင် ရငွေစုစုပေါင်းသည် သုံးငွေစုစုပေါင်းကို ကာမိမှုမရှိပါ။ ယင်းသို့ ဖြစ်ရခြင်းမှာလည်း နိုင်ငံတော် အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အသုံးစရိတ်များကို သုံးစွဲနေရသည့်အတွက် ဖြစ်ပါသည်။

ဥပမာဖြင့်တင်ပြရပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ မူလအရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ကြည့်လျှင် အခွန်အကောက်နှင့် အခြားရငွေကျပ် ၁၂၂၃၂ ဘီလီယံနှင့် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ၏ Other Account မှ ရငွေကျပ် ၄၃၇၃ ဘီလီယံဖြစ်သည့်အတွက် ပြည်ထောင်စု၏ ရငွေစုစုပေါင်းသည် ကျပ် ၁၆၆၀၅ ဘီလီယံ ဖြစ်ပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ အပါအဝင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ သုံးငွေစုစုပေါင်းမှာ ကျပ် ၂၀၅၉၄ ဘီလီယံဖြစ်ပါသည်။

အလားတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းအရ အခွန်အကောက်နှင့် အခြားရငွေကျပ် ၆၀၅၄ ဘီလီယံနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account မှ ရငွေကျပ် ၂၄၃၈ ဘီလီယံဖြစ်သည့်အတွက် ပြည်ထောင်စု၏ ရငွေစုစုပေါင်းသည် ငွေကျပ် ၈၄၉၂ ဘီလီယံဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ သုံးငွေစုစုပေါင်းမှာ ငွေကျပ် ၁၀၆၇၈ ဘီလီယံ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွက် လိုငွေကျပ် ၂၁၆၈ ဘီလီယံ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကယ်၍ အဆိုပါရငွေများတွင် OA စာရင်းများ ပါဝင်မှုမရှိပါက လိုငွေကျပ် ၄၆၁၃၈ ဘီလီယံဖြစ်ပေါ်ကာ လိုငွေပိုများမည်ဖြစ်ပါသည်။

**"နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ဟုခေါ်သည့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) သည် ဘတ်ဂျက်တွင် ပါဝင်ခြင်းဖြစ်ပါသည်၊ ၎င်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်း တစ်ခုပင် ဖြစ်ပါသည်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရှိ စာရင်းတစ်ခု မဟုတ်ပါ"**

**စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန်**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ကုန်ကြမ်းလိုအပ်ချက်များ၊ ဈေးအပြောင်းအလဲများ အစရှိသဖြင့် ပြောင်းလဲမှုများပေါ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ရန် Other Account ထားရှိစေခြင်းလည်းဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးအမြင်ဖြင့် တစ်နည်းဆိုရသော် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် Other Account ထားရှိရခြင်းဖြစ်သည်။ Other Account ကို ယခင်အစိုးရ လက်ထက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြား ချက်ဖြင့် ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၃၂ ခု ရှိပါသည်။ အဆိုပါလုပ်ငန်းများမှ ရရှိလာသည့် ရငွေအားလုံးကို OA စာရင်းသို့ ထည့်ဝင်ရပါသည်။ OA စာရင်းမှ ထုတ်ယူသုံးစွဲရာတွင် ဘတ်ဂျက်တွင်ပါဝင်သော အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်းမှသာ ထုတ်ယူသုံးစွဲရမည် ဖြစ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း တစ်ခုချင်းစီ၏ ဘဏ္ဍာရေးအခြေအနေ အရှုံး၊ အမြတ်စာရင်းဖော်ပြချက်များကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စု၏အရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့ ပူးတွဲပေးပို့တင်ပြရပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို တိုင်းတာစစ်ဆေးရန်နှင့် စောင့်ကြည့်ကြပ်မတ်ရန် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် စောင့်ကြည့်ကြပ်မတ်မှုလက်စွဲ ထုတ်ပြန်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍လည်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး စီမံချက်အောက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အသုံးစရိတ်ပြန်လည်သုံးသပ်ခြင်းကိုလည်း ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့် တင်ပြရသော် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ OA စာရင်းရှိ လက်ကျန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းမှ စာရင်းများဖြစ်ပါသည်။ ထိုလက်ကျန်များကို ၎င်းတို့က လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခြင်းမရှိပါ။ ပြည်ထောင်စုအစိုးရကိုယ်စား ဆောင်ရွက်ရသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှသာ စီမံခန့်ခွဲဆောင်ရွက်နိုင်ပါသည်။ OA စာရင်းရှိ လက်ကျန်ငွေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် ခွဲဝေပေးသည့်အတိုင်းသာ သုံးစွဲခွင့်ရှိပါသည်။ အဆိုပါ OA စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရပါသည်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ UFA (OA) စာရင်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်ပါသည်။ OA စာရင်းသို့ ဝင်ရောက်သောရငွေများကို ဘတ်ဂျက်တွင် အခြားရငွေများနှင့်အတူ ခွဲဝေသုံးစွဲပြီး ဖြစ်ပါသည်။ ထို့ကြောင့် လက်ကျန်ဖြစ်ပေါ်သည့် ဘဏ္ဍာငွေသည် ငွေသားကျန်အဖြစ်မရှိသော ဘဏ်လက်ကျန်အဖြစ်သာ စာရင်းပေါ်နေသောငွေဖြစ်ပါသည်။ OA လက်ကျန်စာရင်းသည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ တစ်ခုချင်းစီ၏ ရရန်ပိုင်ခွင့်အဖြစ် စာရင်းဖော်ထားပေးပြီး နိုင်ငံတော်မှ ပေးရန်တာဝန်အဖြစ် စာရင်းဖော်ထားပေးပါသည်။

အကယ်၍ ထိုလက်ကျန်ကို ထို SEE သို့ပေးမည်ဟု ဆုံးဖြတ်သည်ဆိုပါစို့။ ထိုအခါ နိုင်ငံတော်သည် သုံးထားပြီးဖြစ်နေ၍ အခြားနေရာမှ ရှာကြံပြီးပေးရမည်ဖြစ်တော့သည်။ ထိုသို့ရှာကြံရန်မှာ အစိုးရငွေတိုက်စာချုပ်များ / ငွေတိုက်လက်မှတ်များ၊ ရောင်းချရရှိငွေများဖြင့် ပေးရမည်။ ထိုအခါ နိုင်ငံတော်အပေါ် ပြည်တွင်းကြွေးမြီ ထပ်မံတင်ရှိလာမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန်တင်ပြ

**နေပြည်တော်  မတ်  ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**လွှတ်တော်၏ အဆုံးအဖြတ်ရယူ**

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ဥပဒေကြမ်း ပူးပေါင်း ကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ် ရန်ပုံငွေမှ ၆၄၂၆ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းတင်ပြရာတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်က "လူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် အိုင်တီနည်းပညာဖြင့် ဆိုရှယ်မီဒီယာ သုံးစွဲမှုကို (အိုင်တီနည်းပညာ အလွဲသုံးမှုကို) လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းခြင်း (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့တွင် တင်သွင်းခဲ့ပါကြောင်း။

**စောင့်ကြပ်ကြည့်ရှုဖော်ထုတ်အရေးယူခြင်း**

အဆိုပါ တင်သွင်းခဲ့သည့် အဆိုနှင့် စပ်လျဉ်း၍ ပြည်သူလူထုအား အသိပညာပေးရန် လိုအပ်ခြင်း၊ လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများအား ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် ဆိုရှယ်မီဒီယာနှင့် လူမှုကွန်ရက် ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက စောင့်ကြပ်ကြည့်ရှုဖော်ထုတ် အရေးယူခြင်း အချက်အလက်များကို အခြေခံဆွေးနွေးခဲ့ပြီး အဆိုကိုအတည်ပြုခဲ့ပါကြောင်း။

ဆွေးနွေးခဲ့သည့် အချက်အလက်များအနက် ဆိုရှယ်မီဒီယာ တစ်ခုဖြစ်သည့် Facebook အသုံးပြုရာတွင် လိုက်နာသတိပြုရမည့် အချက်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နိုင်ငံတော်ပိုင် ရုပ်သံ၊ ရေဒီယိုတို့မှ ပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ခြင်း၊ NGO များ၊ လူမှုအထောက်အကူပြုအဖွဲ့စည်းများဖြင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အတူ အင်တာနက်ကိုအသုံးပြု၍ ကျူးလွန်သော ပြစ်မှုများကို ထိထိရောက်ရောက် အရေးယူ အပြစ်ပေးနိုင်ရန် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆိုက်ဘာဥပဒေ (Cyber Law) တစ်ရပ် ပေါ်ထွန်းလာရေး ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ရေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

**အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခွင့်ပြု**

Facebook နှင့် ဆိုရှယ်မီဒီယာများ ဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်နိုင်ရေး Social Media Monitoring Team-SMMT ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော် သမ္မတရုံးအနေဖြင့် Social Media Monitoring Team-SMMT အဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Hardware and Devices , Software များ ဝယ်ယူရန် စုစုပေါင်းကုန်ကျငွေကျပ် ၆၄၂၆ သန်းအား ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၈)၏ ခွင့်ပြုချက်ဖြင့် အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲခွင့် ပြုခဲ့ပါသဖြင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၆၄၂၆ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက်** Neighbouring Countries Economic Development Cooperation Agency – NEDA **ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ဘီလီယံ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချေးငွေထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံနှင့် ဆောင်ရွက်သွားမည့် ထားဝယ်ရေနက် ဆိပ်ကမ်း-မေတ္တာ- ထီးခီးလမ်းပိုင်း၏ လမ်းအရှည်မှာ ၁၅၆ ကီလိုမီတာဖြစ်ပြီး ယာဉ်သွားလမ်းသည် ၃ ဒသမ ၅မီတာ အကျယ်ရှိသည့် နှစ်လမ်းမောင်း ဖြစ်ပါကြောင်း၊ ချေးငွေ၏ ဆိုင်းငံ့ကာလ ၁၀ နှစ်ဖြစ်ပြီး အတိုးနှင့်အရင်း ပြန်ဆပ်ကာလမှာ နှစ် ၂၀၊ အတိုးနှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး Management Fee ၀ ဒသမ ၁၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

**အဆင့်မြှင့်တင်နိုင်ရေး**

ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်များ လွယ်ကူစွာ ပို့ဆောင်နိုင်ရေး အဓိကထား ဆောင်ရွက်ရမည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံနယ်စပ် ထီးခီးအကြား လမ်းကြောင်းအား လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် NEDA ထံမှ ထိုင်းဘတ်ငွေ ၄ ဒသမ ၅ ဘီလီယံ ချေးငွေရယူရန်အတွက် လွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးခြင်းများအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် စီးပွားဖြစ်ထွန်းမှုအပေါ် အခွန်ပေးဆောင်ထားမှုမရှိသော ငွေကြေးအမြောက်အမြား လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားကြခြင်းသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသော ငွေကြေးများ မဟုတ်ခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့်လည်း ငြိစွန်းမှုမရှိခြင်းတို့ကြောင့် ၎င်းတို့က စိုးရိမ်ပူပန်မှုမရှိဘဲ ကိုင်ဆောင်နေကြသော်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် အခွန်ပေးဆောင်ထားမှု မရှိသဖြင့် ၎င်းငွေများကို သုံးစွဲ၍ မရပါကြောင်း။

**တိမ်မြုပ်နေသော ငွေပင်ငွေရင်းများ**

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လည်းကောင်း၊ ရွှေ့ပြောင်း၊ မရွှေ့ပြောင်းနိုင်သော အခြေခံပစ္စည်းများ ဝယ်ယူရာတွင်လည်းကောင်း တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ တိမ်မြုပ်နေသော ငွေပင် ငွေရင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေပါကြောင်း။

အခွန်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်းမရှိသူများကို မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် အခွန်ဆိုင်ရာ အထောက်အကူပြုအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဖော်ထုတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသခွဲ စင်္ကြံလမ်းတစ်လျှောက်ရှိ မြို့များ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါစီမံကိန်းသည် မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးတစ်လျှောက်တွင် ကျရောက်နေသည့် မြို့များတွင် ဆောင်ရွက်မည့် စီမံကိန်းဖြစ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့အတန်းအစား သတ်မှတ်ချက်တွင် (ခ)အဆင့်ရှိသော Secondary Cities မြို့များဖြစ်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း၊ Development Potential အခွင့်ကောင်းများရှိခြင်း စသည်တို့ကြောင့် ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် မြဝတီမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့တို့အား စီမံကိန်းဝင်မြို့များအဖြစ် သတ်မှတ်ရွေးချယ်ရခြင်း ဖြစ်ပါကြောင်း။

**ပြည်သူ့ဗဟိုပြု မြို့ပြစီမံကိန်းအမျိုးအစား**

အဓိက လုပ်ငန်းများအနေဖြင့် ပြည်သူတို့အတွက် ရေကောင်းရေသန့်နှင့် ရေလုံလောက်စွာ ရရှိနိုင်ရေး၊ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များ စီမံခန့်ခွဲရေး စသောလုပ်ငန်းများပင် ဖြစ်ပါကြောင်း၊ ယခု စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပြည်နယ်အစိုးရအဖွဲ့များကိုယ်စား ချေးငွေရယူပြီး တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ မြို့သုံးမြို့အတွက် ဆောင်ရွက်မည့် စီမံကိန်းသည် ပြည်သူတို့၏ နေထိုင်မှုပတ်ဝန်းကျင်ကို အဆင့်မြှင့်တင် ပေးနိုင်သည့် ပြည်သူ့ဗဟိုပြု မြို့ပြစီမံကိန်းအမျိုးအစားဖြစ်ပြီး မြို့များ၏ လူမှုရေး၊ စီးပွားရေးနှင့် မြို့ပြအခြေခံ အဆောက်အအုံကဏ္ဍများအား တိုးတက်မြင့်မားစေရန် အထောက်အကူပြုသော စီမံကိန်းအမျိုးအစားဖြစ်သဖြင့် ချေးယူမည့် အမေရိကန် ဒေါ်လာသန်း ၈၀ အား ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၅၃၃မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၃ မဲဖြင့် ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၊ အထွေထွေမွမ်းမံပြင်ဆင်ရန်နှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီထံမှ ချေးငွေယူရို ၂၂ သန်းနှင့် ထောက်ပံ့ငွေ ယူရို ၅ သန်း ရယူလိုခြင်း**နှင့် စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးနှင့် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေး**

*စာမျက်နှာ ၈ သို့*




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

**" ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စီးပွားဖြစ်ထွန်းမှုအပေါ် အခွန်ပေးဆောင်ထားမှုမရှိသော ငွေကြေးအမြောက်အမြား လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားကြခြင်းသည် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသော ငွေကြေးများ မဟုတ်ခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့်လည်း ငြိစွန်းမှုမရှိခြင်းတို့ကြောင့် ၎င်းတို့က စိုးရိမ်ပူပန်မှုမရှိဘဲ ကိုင်ဆောင်နေကြသော်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် အခွန်ပေးဆောင်ထားမှုမရှိသဖြင့် ၎င်းငွေများကို သုံးစွဲ၍ မရ"**



# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မွန်ပြည်နယ်လွှတ်တော်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် လွှတ်တော်သို့ရောက်ရှိပြီး မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက မွန်ပြည်နယ် လွှတ်တော်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၄၄ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကျင်းပ

**မော်လမြိုင် မတ် ၁၉**

၂၀၁၈ ခုနှစ် ၄၄ နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးများမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတမှ(၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဖတ်ကြားပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်အတွင်း ထူးချွန်ပုဂ္ဂိုလ်များအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းရင်းသားအဆိုအကများဖြင့် ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ ဖွင့်လှစ်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် သံလွင်ဥယျာဉ်ပန်းခြံ၌ နံနက် ၁၁ နာရီတွင် ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(ယာပုံ)**တက်ရောက်လာကြသူများနှင့်အတူ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မွန်ပြည်နယ်နေ့တွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပြခန်းပေါင်း ၅၀ ကျော် ခင်းကျင်းပြသထားပြီး ကုန်စည်ပြပွဲများ၊ အထူးဈေးရောင်းပွဲတော်များ၊ မွန်၊ ဗမာ ဇာတ်သဘင်ပွဲများ၊ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အကများဖြင့် မတ် ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ ဖျော်ဖြေတင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၇ မှ*

**စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံ အခြေခံအဆောက်အအုံရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာ သန်း၃၆၀ ချေးယူရန်ကိစ္စ** နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြန်မာနိုင်ငံအနေဖြင့် CBTA (Cross Border Transport Agreement) စာချုပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ယနေ့အချိန်အထိ မြန်မာနိုင်ငံမှ ခရီးသည်တင်ကားများ၊ ကိုယ်ပိုင်ယာဉ်များ၊ ကုန်တင်ယာဉ်များသည် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစရှိသော GMS နိုင်ငံများသို့ နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ မဆောင်ရွက်နိုင်သေးသကဲ့သို့ အဆိုပါနိုင်ငံများမှ ယာဉ်များ၊ ကုန်စည်များ၊ ကမ္ဘာလှည့်ခရီးသွားများသည်လည်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာနိုင်ခြင်း မရှိသေးသည့် အခြေအနေတွင် ရှိနေပါကြောင်း။

ထို့ကြောင့် ADB အနေဖြင့် East- West Economic Corridor ၏ အစိတ်အပိုင်းဖြစ်သော မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လက်ရှိဖော်ဆောင်နေသည့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးသည် ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမြို့မှ စတင်၍ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကိုဖြတ်ပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း SEZ တွင် အဆုံးသတ်ရန် ညှိနှိုင်းဆုံးဖြတ်ထားခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ စင်္ကြံလမ်းမကြီးသည် မြန်မာနိုင်ငံကို ဖြတ်သန်းဝင်ရောက်သည့်အခါ မြဝတီ၊ ဘားအံ၊ ကျိုက်ထို၊ ဘုရားကြီးမှတစ်ဆင့် ရန်ကုန်- မန္တလေး အမြန်လမ်းတစ်လျှောက်မှ လည်းကောင်း၊ သနပ်ပင်၊ ကမာစဲမှတစ်ဆင့် သီလဝါလမ်းကြောင်းတစ်လျှောက်မှ လည်းကောင်း ရန်ကုန်မြို့သို့ အသီးသီး ဝင်ရောက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ထို့မှတစ်ဆင့် Future Plan အနေဖြင့် ရန်ကုန်မြို့မှပတ်၍ ပုသိမ်မြို့မှတစ်ဆင့် ငရုတ်ကောင်းမြို့အထိ ဆက်သွယ်သွားလာနိုင်မည့် စီးပွားရေးစင်္ကြံလမ်းအဖြစ် လျာထားစီစဉ် ဆောင်ရွက်ထားရှိခြင်း ဖြစ်ပါကြောင်း။

စီမံကိန်းများအတွက် တင်ပြခဲ့သည့်အချက်များအပြင် ADB ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အတွက် ADB မှ ချေးငွေပေးအပ် ဆောင်ရွက်လိုပါကြောင်း အဆိုပြုလာခြင်းဖြစ်ပါသဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ယခုစီမံကိန်းများအတွက် အသုံးပြုရန် လိုအပ်သော အမေရိကန်ဒေါ်လာသန်း ၃၆၀ ချေးယူရန်ကိစ္စအား လွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေး နွှေဦးပွဲတော် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် မတ် ၁၉**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဗဟိုနှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ ပန်းပေါင်းဝေဆာပြည်မြန်မာခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး မစ္စတာယူဖျင်ကျန်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို )ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်၊ မြန်မာပြည်ဖွားတရုတ်မျိုးနွယ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကြီးစိန်နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦး တို့တက်ရောက် အမှာစကားများပြောကြားကြပြီး ဆုရဓာတ်ပုံဆရာများအား ဆုများချီးမြှင့်ပေးသည်။ **(အောက်ဝဲပုံ)**

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ တရုတ်တန်းလသာမြို့နယ်၌ တရုတ်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဓာတ်ပုံမှတ်တမ်းကောင်းများ ထွက်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ပွင့်လင်းမှုနှင့် တံခါးဖွင့်လာမှုတို့ကို ကမ္ဘာက ပိုမိုလေ့လာသိမြင်စေရန်အတွက် ရည်ရွယ်ကာ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း၊ ပြိုင်ပွဲတွင် အပျော်တမ်းနှင့် ဓာတ်ပုံပညာရှင်များ၏ဓာတ်ပုံပေါင်း ၇၂၈ ပုံ ရရှိခဲ့ပြီး အကဲဖြတ်ပညာရှင်ကြီးများက အဆင့်ဆင့်ရွေးချယ်ခဲ့ကာ ဆုအမျိုးအစား နှစ်မျိုး ချီးမြှင့်ခဲ့ကြောင်း၊ ၎င်းတို့မှာ ဒီဂျစ်တယ်ကင်မရာနှင့် ရိုက်ထားသောပုံနှင့် ဖုန်းကင်မရာဖြင့် ရိုက်သောပုံဟူ၍ ဖြစ်ကြောင်း သိရသည်။

ဒီဂျစ်တယ်ကင်မရာဖြင့် ဇော်ဇော်ဝေက ပထမ၊ အောင်ထွန်းဝင်းက ဒုတိယ၊ အောင်မြင့်ထွေးက တတိယရရှိပြီး နှစ်သိမ့်ဆု ၁၀ ဆုချီးမြှင့်သည်။

ဆုကြေးငွေအဖြစ် ပထမငွေကျပ် ၁၅ သိန်း၊ ဒုတိယငွေကျပ် ၁၀ သိန်း၊ တတိယ ငွေကျပ် ခုနစ်သိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုချင်းစီအတွက် ငွေကျပ်တစ်သိန်းစီ ပေးအပ်ခဲ့သည်။

လက်ကိုင်ဖုန်းဖြင့် စိန်ထွန်းက ပထမ၊ မြင့်ဇော်က ဒုတိယ၊ အာကာထွန်းကျော်က တတိယရရှိပြီး နှစ်သိမ့်ဆု ၁၀ ဆုချီးမြှင့်သည်။ ဆုကြေးငွေအဖြစ် ပထမငွေကျပ် ၁၀ သိန်း၊ ဒုတိယငွေကျပ် ခုနစ်သိန်း၊ တတိယ ငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုချင်းစီအတွက် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးသည်။

**သတင်း-မြင့်မောင်**
**ဓာတ်ပုံ-တင်စိုး( မြန်မာ့အလင်း)**

# မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် သံချပ်ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

**မန္တလေး မတ် ၁၉**

ယခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်၌ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ယခင်နှစ်ကဲ့သို့ သံချပ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသံချပ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လူအင်အားနှင့် သံချပ်စာသားများကို ကြိုတင်စိစစ်ခွင့်ပြုပေးနိုင်ရန် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနသို့ ဧပြီ ၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

"သင်္ကြန်သံချပ်ပြိုင်ပွဲဝင်မယ့် အဖွဲ့တွေအတွက် လိုက်နာရမယ့် စည်းကမ်းချက်တွေကိုလည်း ထုတ်ပြန်ထားပါတယ်၊ သံချပ်စာသားစိစစ်တာတို့၊ မှတ်ပုံတင်တာတို့၊ ခွင့်ပြုတာတို့တွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ သံချပ်တစ်ဖွဲ့ရဲ့ ပြိုင်ပွဲဝင်ချိန်ကို မိနစ် ၃၀ သတ်မှတ်ထားပါတယ်၊ ဆုတွေကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

သံချပ်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၂ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်ငါးသိန်းနှုန်းဖြင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများကို သင်္ကြန်ကာလအတွင်း အကြိုနေ့၊ အကျနေ့နှင့် အကြတ်နေ့များတွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ညနေ ၃ နာရီမှ ၆ နာရီအချိန်အတွင်း ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❍ *ကျော့ဖုံးမှ*

ပညာရှင်များအနေဖြင့် လိုအပ်သည့် လေ့ကျင့်ပေးမှု၊ စောင့်ကြည့်ပေးမှု၊ ပူးပေါင်းကူညီမှုများကို ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်း၊ အိန္ဒိယနိုင်ငံ EXIM Bank ချေးငွေနှင့် မြန်မာ့မီးရထား၏ ရထားစက်ခေါင်းတွဲများ၊ အင်ဂျင်နီယာသုံးယာဉ်များ လိုအပ်ချက်၊ စက်ပစ္စည်းနှင့် အရန်ပစ္စည်းများ၊ အချက်ပြဆက်သွယ်ရေး စသည်တို့ကို ဖြည့်ဆည်းပေးရန် စီစဉ်ပေးသည့်အတွက် အိန္ဒိယနိုင်ငံအစိုးရ၊ အိန္ဒိယနိုင်ငံ EXIM Bank နှင့် စက်ခေါင်းထုတ်လုပ်သည့် RITES Ltd တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E Mr. Rajen Gohain နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Vikram Misri တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှု/ လျှပ်စစ်) ဦးမင်းအောင်နှင့် အိန္ဒိယနိုင်ငံ RITES Ltd. မှ Technical Director Mr. Mukesh Rathore တို့က ရထားစက်ခေါင်းနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြကြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် အိန္ဒိယနိုင်ငံ RITES Ltd. မှ Technical Director Mr. Mukesh Rathore က မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းထံသို့ စက်ခေါင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က မီးရထားစက်ခေါင်းများအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။


**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒုတိယဝန်ကြီးများ၊ အိန္ဒိယနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**ပိုမိုအားသာသည့် စက်ခေါင်းများဖြစ်**

အိန္ဒိယနိုင်ငံ RITES Ltd. မှ မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးသည့် စက်ခေါင်းများသည် Micro Controller Based Control, Fuel Efficient ALCO အင်ဂျင်များ တပ်ဆင်ထားခြင်း၊ Control Unit တွင် တယ်လီဖုန်း Sim Card များထည့်ထားပြီး စက်ခေါင်းရောက်ရှိရာနေရာ၊ မောင်းနှင်နေသည့် မိုင်နှုန်းအပါအဝင် စက်ခေါင်း၏အင်ဂျင် Control ပိုင်းဆိုင်ရာ အခြေအနေကို မိခင်စက်ရုံ တယ်လီဖုန်း Hand Set မှတစ်ဆင့် Download ဆွဲယူကြည့်ရှုစစ်ဆေးနိုင်ခြင်း၊ စက်ခေါင်းစက်ရုံရောက်ရှိချိန်တွင် Control Unit နှင့် Laptop ကွန်ပျူတာချိတ်ဆက်ပြီး စက်ခေါင်းနှင့် ပတ်သက်သည့် အချက်အလက်များ ရယူနိုင်ခြင်း၊ Fault Code များ ကြည့်ရှုစစ်ဆေးနိုင်ခြင်းတို့ကြောင့် ယခင်စက်ခေါင်းများထက် ပိုမိုအားသာသည့် စက်ခေါင်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီဇယ်လျှပ်စစ်စက်ခေါင်းများသည် ပထမအသုတ်အဖြစ် ၂၀၁၇ခုနှစ်၊ ဇူလိုင်လတွင် ခြောက်ခေါင်း၊ ဒုတိယအသုတ်အဖြစ် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ခြောက်ခေါင်း၊ နောက်ဆုံးအသုတ်အဖြစ် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခြောက်ခေါင်း စုစုပေါင်း ၁၈ ခေါင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ရောက်ရှိလာသည့် စက်ခေါင်းများအား ရန်ကုန်- မန္တလေးလမ်းပိုင်း၊ မန္တလေး- မြစ်ကြီးနားလမ်းပိုင်းနှင့် ရန်ကုန်- မော်လမြိုင်လမ်းပိုင်းများတွင် လူစီးရထားနှင့် ကုန်ရထားများ၌ ပြေးဆွဲအသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စကားဝိုင်းဆွေးနွေးပွဲ မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ကျင်းပ

**မန္တလေး မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ(၆)ကြိမ်မြောက် ကျင်းပသည့် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မန္တလေး ပြည်ကြီးတံခွန်မြို့နယ် (၉)ရပ်ကွက် ဖိုးရာဇာလမ်း ၅၉ လမ်း နှင့် လမ်း၆၀ ကြား စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်တို့က အမှာစကား ပြောကြားကြသည်။

**ရိုးသားမှုနှင့် စိတ်ကောင်းရှိမှု အဓိကကျ**

ထို့နောက် ဆွေးနွေးပွဲကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး သန်းအောင်၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည့် ယူနိုက်တက်ပစိဖိတ်ကုမ္ပဏီနှင့် Advance Myanmar Star Co မှ ဒေါ်အေးမိစံ (MD)နှင့် ဦးအောင်တိုး၊ စာရေးဆရာ ဦးထိန်ဝင်း (ခ)အနီမောင်၊ စာရေးဆရာ ဦးရဲဝင်းအောင်တို့က လူငယ်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ကြိုးတင်ပြင်ဆင်မှုမျိုးရှိရန် လိုအပ်ကြောင်း၊ လူတစ်ဦးတွင် ရိုးသားမှုနှင့် စိတ်ကောင်းရှိမှုတို့သည် အဓိကကျကြောင်း၊ ကျွမ်းကျင်မှုများရှိမှသာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း။

**မှန်ကန်သည့် ရွေးချယ်မှုရှိရန် လိုအပ်**

လူငယ်တိုင်း လုပ်ငန်းခွင်ပေါ်တွင် မှန်ကန်သည့် ရွေးချယ်မှုရှိရန် လိုအပ်ကြောင်း၊ ရွေးချယ်မှုမှားယွင်းပါက လမ်းမှားသို့ ရောက်ရှိနိုင်သည့်အပြင် ဘဝကိုပါ ပျက်စီးသွားစေနိုင်ကြောင်း၊ လူငယ်များအနေဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်ထားရှိ၍ ရိုးသားမှု၊ ကြိုးစားမှု၊ ကျေးဇူးတရားသိတတ်မှု၊ သစ္စာရှိမှု၊ နည်းလမ်းမှန်ကန်မှုတို့နှင့် တည်ဆောက်မှသာ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်လာပြီး လုပ်ငန်းခွင်များအတွင်းမှ လုပ်ငန်းရှင်များဖြစ်လာမည်ဖြစ်ကြောင်း၊ ပြည်ပအလုပ်အကိုင်များ ရှာဖွေရာတွင် စည်းရုံးပြောဆိုမှုများကို မယုံကြည်ဘဲ မိမိ၏ဘဝလေ့လာတွေ့ရှိချက်များနှင့် ဆုံးဖြတ်ဆောင်ရွက်မှသာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ကြောင်း စသည့်အကြောင်းအရာများကို အခြေခံ၍ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ၎င်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**





✻ *ကျော့ဖုံးမှ*

ဆော်ဒီအာရေဗျနိုင်ငံသို့ မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် နှစ်စဉ်တင်ပို့လျက်ရှိသော်လည်း မြန်မာ့ရေချိုပုစွန်၌ white tail disease ရောဂါပိုးတွေ့ရှိခဲ့သည့်အတွက် ယာယီတားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ငါး၊ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၁ ဒသမ ၅၆ သန်းနှင့် ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ၂၃ ရက်အထိ အမေရိကန်ဒေါ်လာ ၆၁၁ ဒသမ ၆၂၃ သန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ကုန်တင်ပို့မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ ရေထွက်ကုန်စုစုပေါင်း တင်ပို့မှု၏ ၃ ဒသမ ၀၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာဆီယံဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်

**ရန်ကုန် မတ် ၁၉**

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာဆီယံနိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မန်ဒရင်အိုရီယင်တယ် ဟိုတယ်တွင် ကျင်းပရာ အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးသို့ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အယ်လ်ခါလီဖာ အပါအဝင် အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများနှင့်တွေ့ဆုံကာ အာဆီယံ ဘောလုံးလောက ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။



အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာဆီယံနိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌများ တွေ့ဆုံရာတွင် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်က အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ယခုထက်ပို၍ ငွေကြေးဘတ်ဂျက်ပိုမိုသုံးစွဲပေးသင့်ပါကြောင်း၊ ကစားသမားအပြောင်းအရွှေ့ စည်းမျဉ်းဖြစ်သည့် (၄+၁)စနစ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ အာဆီယံနိုင်ငံများမှ ကစားသမားများအနေဖြင့် အာရှကလပ်အသင်းများတွင် ပါဝင်ကစားခွင့်ရရေးအတွက် နည်းလမ်းများ ဖွင့်ပေးထားသင့်ပါကြောင်း၊ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများကို ပိုမိုဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း အဆိုပြုတိုက်တွန်းခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေနဲ့လည်း ပြည်တွင်းမှာ လူငယ်ဖွံ့ဖြိုးရေးတွေကို အဓိက ဦးစားပေးဆောင်ရွက်နေပါတယ်၊ စနစ်တကျ ငွေကြေးရင်းနှီးမြှုပ်နှံပြီး အကယ်ဒမီတွေ၊ ဘောလုံးပွဲတော်တွေ၊ သင်တန်းတွေ ဖွင့်လှစ်ပေးနေသလို လူငယ်သက်တမ်းလိုက် ပြိုင်ပွဲတွေကိုလည်း အဆက်မပြတ် ကျင်းပပေးနေပါတယ်၊ အာရှဘောလုံးအဖွဲ့ချုပ် အနေနဲ့လည်း လူငယ်စီမံကိန်းတွေအတွက် ငွေကြေးပိုမိုသုံးစွဲမယ်ဆိုရင် အာရှရဲ့ အနာဂတ်က ပိုမိုတောက်ပလာမှာပါ"ဟု အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာဆီယံဘောလုံးအဖွဲ့ချုပ်တွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူဖြစ်ပြီး မြန်မာ့ဘောလုံးတိုးတက်ရေး အပါအဝင် အာဆီယံဘောလုံးလောက တိုးတက်ရေးအတွက် ယခုကျင်းပခဲ့သည့် အာရှဘောလုံးအဖွဲ့ချုပ် အစည်းအဝေးတွင် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# မိတ္ထီလာမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် မူခင်းအသိပညာပေး

**မိတ္ထီလာ မတ် ၁၉**

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းကိုကို၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိတ္ထီလာမြို့နယ် ကျေးရွာများနှင့် ရပ်ကွက်များတွင် မြို့နယ်တရားသူကြီး(ငြိမ်း)နှင့် ရဲတပ်ဖွဲ့စခန်းများမှ စခန်းမှူးများက မူခင်းအသိပညာပေး ဟောပြောပွဲများကို လိုက်လံဟောပြောလျက်ရှိသည်။

မိတ္ထီလာမြို့နယ် တောမအုပ်စု ဥယျာဉ်ကျေးရွာစာကြည့်တိုက်တွင် မတ် ၁၆ရက်က အမှတ် -၂ နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းက မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အမှတ်-၂ နယ်မြေရဲစခန်းမှ ဒုရဲအုပ်အိချိုဇော်က သက်ငယ်မုဒိမ်းကျူးလွန်ခံရခြင်း အကြောင်းခြင်းရာ၊ မူခင်းသတင်းထောက် ဦးရွှေမောင်က သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားရခြင်းအကြောင်း၊ ဒေါ်သီတာသိမ်း မြို့နယ်တရားသူကြီး (ငြိမ်း) မိတ္ထီလာမြို့က သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံရသူတို့၏ နေထိုင်မှုနှင့် ကျူးလွန်သူများ၏ ကျခံရမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များ အသိပညာပေး ဟောပြောခဲ့ကြသည်။ ဆက်လက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် မူခင်းကျဆင်းရေး ဟောပြောပွဲများကို ရပ်ကွက် ကျေးရွာအလိုက် ကွင်းဆင်းဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**



❖ *ကျောဖုံးမှ*

အခက်အခဲတွေကြောင့်လည်း ကုန်ဈေးနှုန်းတက်တာ ဖြစ်ပါတယ်၊ အသား၊ ငါးနဲ့ အသီးအရွက်ဈေးနှုန်းတွေတက်လာတယ်၊ စားသုံးကုန်နဲ့ လူသုံးကုန်ဆိုရင် ဖြစ်စဉ်တွေ ဖြစ်နေတဲ့အခြေအနေမှာ စားသုံးကုန်က ပိုပြီးလိုအပ်တယ်လို့ ထင်ပါတယ်၊ ဒါကြောင့် အခြေခံစားသောက်ကုန်တွေ ဈေးတက်ရတာ ဖြစ်ပါတယ်၊ ဒီမှာ နယ်စပ်ကဝင်တဲ့ပစ္စည်းတွေကလည်း ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချတာတွေရှိပါတယ်၊ နာရီအမျိုးအစားများစွာနဲ့ မျက်မှန်နဲ့အခြား အဝတ်အထည်၊ စောင်စတာတွေက ဈေးနှုန်းသက်သာပါတယ်၊ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်နေတဲ့အချိန်မှာတော့ ရောင်းဝယ်ဖောက်ကားမှုတွေ အခက်အခဲအချို့ရှိခဲ့ပေမယ့် အခုချိန်မှာ အေးအေးချမ်းချမ်းနဲ့ အားလုံးပုံမှန်အနေအထား ဖြစ်နေပါပြီ”ဟု မောင်တောမြို့မဈေးမှ ဆိုင်ရှင်တစ်ဦးက ပြောသည်။

မောင်တောမြို့ အသား၊ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးကို နံနက် ၆ နာရီမှ ၁၁ နာရီထိ ရောင်းချလျက်ရှိပြီး ရောင်းဝယ်ဖောက်ကားသူများနှင့် စည်ကားလျက်ရှိကြောင်း၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများမှာလည်း ပုံမှန်ဈေးနှုန်းသာရှိကြောင်း၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၁၄၀၀၀၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၄၀၀၀၊ ကြက်သားတစ်ပိဿာ ငွေကျပ် ၁၈၀၀၀ ၊ ဂေါ်ဖီတစ်ထုပ် ငွေကျပ် ၅၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၁၀၀၀၊ ကြက်သွန်အနီတစ်ပိဿာ ငွေကျပ် ၁၆၀၀ နှင့် အခြားဟင်းသီးဟင်းရွက်ဈေးနှုန်း များမှာလည်း ဝယ်ယူစားသုံးသူများ အတွက် ပုံမှန်ဈေးနှုန်းများဖြင့်သာ ရောင်းချလျက်ရှိကြောင်း ဟင်းသီးဟင်းရွက်ရောင်းဝယ်သူတစ်ဦးထံမှ သိရသည်။

မောင်တောမြို့မဈေးသည် အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ ရောင်းချလျက်ရှိပြီး တနင်္လာနေ့တစ်ရက်ကို ပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်း၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ဈေးသည် ပိတ်ရက်မရှိ နေ့စဉ် ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**



ရောင်းသူဝယ်သူများ စည်ကားနေသည့် မောင်တောဈေးတစ်နေရာ။

# ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသ

**စစ်တွေ မတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များကို စစ်တွေမြို့ ရွှေကရုဏာစေတနာဆေးခန်း၌ ယနေ့ နံနက်ပိုင်းမှ စတင်ပြီး မတ် ၂၁ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။



“ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးက မျက်စိအထူးကု ပါမောက္ခ ဒေါက်တာခင်ဥမ္မာခိုင် ဦးစီးပြီးတော့ ဆရာဝန်ကိုးဦး၊ မျက်မှန်ကျွမ်းကျင်တစ်ဦးနဲ့ သူနာပြုဆရာမလေးဦးတို့က ခွဲစိတ်ကုသပေးနေတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ လူနာခုနစ်ရာကျော်ကို စမ်းသပ်ထားပြီးဖြစ်ပါတယ်။

“ဆက်ပြီးတော့လည်း စမ်းသပ်မှုတွေ လုပ်နေပါတယ်၊ အဲဒီထဲကလူနာသုံးရာကျော်ကို ဒီနေ့က စပြီးတော့ ၂၁ ရက်အထိ ခွဲစိတ်ကုသသွားမယ်”ဟု ရွှေကရုဏာဖောင်ဒေးရှင်း ပြန်ကြားရေးတာဝန်ခံ ကိုတင်ငြိမ်းဦးက ပြောသည်။

ရွှေကရုဏာဖောင်ဒေးရှင်းအနေဖြင့် မျက်စိဝေဒနာရှင်များကို (၁၂)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး မျက်စိခွဲစိတ်ကုသမှုခံယူမည့်သူများကိုလည်း စစ်တွေမြို့တွင် တည်းခိုနေထိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

**သတင်း-တင်ထွန်း၊ ဓာတ်ပုံ-တင်ငြိမ်းဦး**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးနှံကုသပေး

**နေပြည်တော် မတ် ၁၉**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွား ၆၀၄ ကောင်နှင့် ဆိတ် ၉၁၈ ကောင်တို့အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာတွင် နွား ၂၄ ကောင်အား ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၁၆ ကောင်အား ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပန်းတောပြင်စခန်းအနီးရှိ ရွှေဇဟိုလ်(တိုင်းရင်းသား)ကျေးရွာတွင် နွား ၁၈ ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၂၄ ကောင်အား ကုသပေးခြင်း ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရစခန်း စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၆၀၄ ကောင်နှင့် ဆိတ် ၉၁၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြင်လှကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်ပတ်လည်ဆွေးနွေး

**စစ်တွေ မတ် ၁၉**

မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြောက်ဦးမြို့နယ် ပြင်လှကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်ပတ်လည်ဆွေးနွေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး နိုင်လင်းထွန်း၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြောင်း သိရသည်။

**ပွင့်လင်းမြင်သာစွာ ရှင်းလင်း**

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြင်လှကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစံသာကျော်က လည်ပတ်ရန်ပုံငွေ ၄၂ ဒသမ ၈ သန်း ရရှိမှု အခြေအနေများကို ကျေးရွာသူ၊ ကျေးရွာသားများထံသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြစိမ်းရောင်စီမံကိန်း စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကော်မတီသစ်ရွေးချယ်ခြင်းကို မဲစနစ်ဖြင့် ရွေးချယ်ပြီး မြစိမ်းရောင်စီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးပွဲတွင် ရွေးချယ်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ဝန်ထမ်းများအား အခြေခံနှင့် အဆင့်မြင့် ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြား

**စစ်တွေ မတ် ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ဝန်ထမ်းများအား ရုံးလုပ်ငန်း အခြေခံနှင့် အဆင့်မြင့်ကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ KMD ကွန်ပျူတာသင်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ကွန်ပျူတာသင်တန်းကို ပြည်နယ်ဘဏ်ခွဲမန်နေဂျာ ဦးအေးသိန်းနှင့် စစ်တွေမြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးစံညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဘဏ်ခွဲမန်နေဂျာက သင်တန်းဖွင့်အမှာစကားပြောကြားပြီး KMD ကွန်ပျူတာသင်တန်းကျောင်းမှ သင်တန်းဆရာ ဦးကျော်မင်းထွန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကွန်ပျူတာသင်တန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် KMD ကွန်ပျူတာသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်ဘဏ်ခွဲ၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှ သင်တန်းသား၊ သင်တန်းသူ ၃၃ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးစုအလိုက် ယဉ်ကျေးမှုပြခန်းများ ပြသခြင်းနှင့် တေးသီချင်းအကပဒေသာများဖြင့် ပျော်ရွှင်စွာ ပါဝင်ဖျော်ဖြေမည်

တောင်ကြီး မတ် ၁၉

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့တွင် မတ် ၂၁ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးစုအလိုက် ယဉ်ကျေးမှု ပြခန်းများနှင့် တေးသီချင်းအကပဒေသာများဖြင့် ပျော်ရွှင်စွာ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။**


ဦးစိုင်းခင်မောင်စိန်


ဦးကျိုင်းလုံ


မငွေလှိုင်


ဦးအေးကို


ဒေါ်မြတ်ဆုဝင်း

**ဦးစိုင်းခင်မောင်စိန်**
**ဗဟိုရှမ်းစာပေယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ**

"ဗဟိုရှမ်းစာပေ ယဉ်ကျေးမှုအသင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ ယဉ်ကျေးမှုအသင်းပေါင်း ၇၀ ပါဝင် ဖွဲ့စည်းထားတဲ့အသင်းဖြစ်ပြီး တောင်ကြီးမြို့မှာ ရုံးစိုက်ပါတယ်၊ ယခုပွဲတော်မှာ တိုင်းလုံလို့ ခေါ်တဲ့ ရှမ်းကြီးပြခန်း နှစ်ခန်း၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလိုင်၊ တိုင်းနီစတဲ့ ပြခန်းလေးခန်းနဲ့ ရှမ်းအရှေ့က ဂုံရှမ်းပြခန်း စုစုပေါင်း ရှမ်းမျိုးနွယ်စုထဲက ပြခန်းစုစုပေါင်းခုနစ်ခန်း ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်၊ အဲဒီပြခန်းတွေမှာ စာပေနဲ့သက်ဆိုင် တာတွေ၊ ကျွန်တော်တို့ ရှမ်းလူမျိုးစုရဲ့ ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများနဲ့ ပတ်သက်တဲ့ ပြခန်းတွေ ပြသသွားမှာဖြစ်ပါတယ်၊ အားလုံးလာရောက်ကြည့်ရှုဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားသည်။

**ဦးကျိုင်းလုံ၊ ကျိုင်းတုံမြို့နယ်၊ လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**

"ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ လားဟူတိုင်းရင်းသားများကိုယ်စား စာတမ်းဖတ်ပွဲ၊ ယဉ်ကျေးမှုပြခန်းနဲ့ ဖျော်ဖြေရေးအတွက် လာရောက်ခြင်းဖြစ်ပါတယ်၊ ပြခန်းအတွက် မဲနှိုက်ပါတယ်၊ လာရောက် ပြသခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ အခုလို လာရောက်ရတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ခင်လေးစားမှု၊ ခင်မင်မှု များစွာရရှိပါတယ်၊ ပျော်ရွှင်မှုလည်း အပြည့်အဝရရှိပါတယ်၊ လားဟူတိုင်းရင်းသားတွေရဲ့ဝတ်စုံတွေ၊ အိမ်အသုံးအဆောင်ပစ္စည်းတွေ၊ တူရိယာပစ္စည်းတွေ၊အားကစားပစ္စည်းတွေ၊ မီးဖိုချောင်သုံးပစ္စည်းတွေ၊ ဂျပ်ခုတ်လွယ်အိတ်ပေါင်းစုံ၊ ဖုန်းအိတ်ပေါင်းစုံ စတာတွေ ပြသသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**မငွေလှိုင် ရှမ်းပြည်နယ်လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်း (တောင်ကြီး)၊ အဖွဲ့ဝင်**

"ဒီနေ့မှာတော့ ရရှိတဲ့ပြခန်းကို လာရောက်ကြည့်ရှုတာဖြစ်ပါတယ်၊ နောက်ရက်မှာလီဆူတိုင်းရင်းသားတွေရဲ့ယဉ်ကျေးမှုဝတ်စုံတွေပြသမယ်၊ အစားအသောက်တွေ ရောင်းချပေးသွားမယ်၊ ရိုးရာ တူရိယာတွေ၊ သမိုင်းကြောင်းနဲ့ ဖြစ်ပေါ်လာပုံတွေ ပြသပေးမှာဖြစ်ပါတယ်၊ အခုလို တိုင်းရင်းသားတွေရဲ့စာပေယဉ်ကျေးမှုတွေ ဖွံ့ဖြိုးအောင် ပွဲတော်စီစဉ်ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်၊ နောင်နှစ်တွေမှာလည်း ကျင်းပပေးဖို့ မျှော်လင့်ပါတယ်၊ မတူညီတဲ့ ဒေသတွေက တိုင်းရင်းသားတွေနဲ့ ရင်းနှီးမှုရတယ်၊ ခင်မင်မှုရတယ်၊ ဗဟုသုတတွေရရှိတဲ့အတွက်ကြောင့် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ် "ဟု ပြောကြားသည်။

**ဦးအေးကို၊ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး**

ကျွန်တော်တို့ ဌာနအနေနဲ့ ယခုပွဲတော်မှာ သန့်ရှင်းရေးနဲ့ အခမ်းအနားပြင်ဆင်ရေးအပိုင်း နှစ်ပိုင်းတာဝန် ယူထားပါတယ်၊ အဲဒီလုပ်ငန်းတွေကတော့ စာတမ်းဖတ်ကြားမယ့် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမကြီးနဲ့ ပြခန်းတွေ၊ ဖျော်ဖြေပွဲတွေ ပြုလုပ်မယ့် အဝေရာ ကုန်းသာယာမီးပုံးပျံကွင်းမှာ ပြုလုပ်နေတာဖြစ်ပြီး ဖွင့်ပွဲမတိုင်မီ လုပ်ငန်းတွေအားလုံး ပြင်ဆင်ပြီးစီးမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဒေါ်မြတ်ဆုဝင်း၊ တောင်ကြီးမြို့နယ်လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)**

"ပြခန်းတွေ၊ တေးဂီတဖျော်ဖြေစင်နဲ့ အခြားလိုအပ်တဲ့ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ လက်ရှိဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ပါတယ်၊ မနက်ဖြန် မတ် ၂၀ ရက်မှာတော့ လုပ်ငန်းတွေအားလုံးပြီးစီးမှာဖြစ်တယ် " ဟု ပြောသည်။

အဆိုပါပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်း ညပိုင်းတွင် တိုင်းရင်းသားရိုးရာအကအဖွဲ့ ၄၅ ဖွဲ့၊ နိုင်ငံကျော် တေးသံရှင်များက စင်တင်တေးဂီတများဖြင့် လာရောက်ပါဝင်ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**


မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် - ၂ ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)၏ အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် ၃၁၀/၁၇ ဇေယျတပ်ခွဲ သင်တန်းဆင်းပွဲကို မတ် ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

ခရိုင် (ပြန်/ဆက်)

# ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကျင်းပ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖိတ်ခေါ်

**ဟားခါး မတ် ၁၉**

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုရာတွင် လုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်လျက် ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၁/၂၀၁၈) အစည်းအဝေးကို မတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။





အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြည်နယ်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာရရှိရေးတို့အတွက် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်အားပေးဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာ မင်းဇော်ဦးက ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ စက်မှုဇုန်တည်ထောင်ခြင်း လုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများ ဦးစားပေးဖိတ်ခေါ်ထားကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ စွဲချက်အမိန့်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ပြင်ဆင်မှုလျှောက်ထား

**ရန်ကုန် မတ် ၁၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီလုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမားကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ အောင်ဝင်းထွန်းနှင့် ဇေယျာဖြိုးတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက စွဲချက်တင်သည့်အမိန့်အား တရားခံများဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က ပြင်ဆင်မှုလျှောက်ထားရာ ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ကြားနာခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ မှ တရားခံ ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ပုဒ်မ ၃၀၂ (၂)အရ လည်းကောင်း၊ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရလည်းကောင်း၊ အောင်ဝင်းထွန်းကို ရာဇသတ်ကြီး ပုဒ်မ ၂၁၂ အရလည်းကောင်း စွဲချက်တင်သည့်အမိန့်ကို တရားခံဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က ရာဇဝတ်ပြင်ဆင်မှုသုံးမှုနှင့် သေဆုံးသူ ဦးနေဝင်း၏ဇနီး ဒေါ်စုသက်ခိုင်ဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က ပြင်ဆင်မှု တစ်မှုကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ မှ တရားခံကြည်လင်း(ခ)ဖိုးထူးနှင့် အောင်ဝင်းဇော်တို့အပေါ် လက်နက်အက်ဥပဒေ ပုဒ်မ ၁၉(ဃ)နှင့် ပုဒ်မ ၁၉(စ)အရ စွဲချက်တင်သည့်အမိန့်ကို တရားခံများက ရာဇဝတ်ပြင်ဆင်မှုနှစ်မှုကို လည်းကောင်း လျှောက်ထားခဲ့ကြောင်း တိုင်းဒေသကြီးတရားလွှတ်တော် သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေးက ပြောကြားသည်။

ယနေ့တွင် အဆိုပါ ပြင်ဆင်မှုခြောက်မှုကို တိုင်းဒေသကြီးတရားလွှတ်တော်က လက်ခံရန် သင့်၊ မသင့် ကြားနာခဲ့ပြီး အမှုခြောက်မှုစလုံးကို လက်ခံခဲ့ကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

"ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇မှ စီဒီပြား များ သက်သေခံတင်သွင်းခွင့်မပြုကြောင်း ချမှတ်တဲ့အမိန့်ကို ကြည်လင်း(ခ)ဖိုးထူးက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကို ရာဇဝတ်ပြင်ဆင်မှုတင်သွင်းတာကို မတ် ၁၆ ရက်က ကြားနာပြီး ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပါတယ်၊ အဲ့ဒီနေ့မှာပဲ ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ မှ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ စွဲချက်တင်တဲ့အမိန့်ကို ဇေယျာဖြိုးက ပြင်ဆင်မှုတင်သွင်းတာကို တော့ ကြားနာပြီး လက်ခံကြောင်း အမိန့်ချမှတ်ခဲ့ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေးက ဆက်လက်ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မော်လမြိုင်မြို့၌ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် မတ် ၁၉**

မော်လမြိုင်မြို့လှိုင်ရပ်ကွက် ရွှေပြည်အေးမြောက် ၄ လမ်း အမှတ် ၇၀ နေ သက်ပိုင်စိုး (၄၀နှစ်)၏ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း နေအိမ်သည် မတ် ၁၈ ရက် ည ၁၂နာရီခန့်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မီးလောင်နေရာသို့ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးတင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒိုင်းဝန်ကွင်း နယ်မြေရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မြင့်အေးနှင့် တပ်ဖွဲ့ဝင်များ၊ လှိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးနှင့် ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ငါးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၁၂နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းသိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ သက်ပိုင်စိုးကို ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# ကသာမြို့နယ် ဝေအင်းရေဆိပ်တွင် တရားမဝင်ကညင်သစ်တန် ၁၆၀ ကျော် သိမ်းဆည်းရမိ

**ကသာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် သပြေပင်ကျေးရွာအနီး ဧရာဝတီမြစ် ဝေအင်းရေဆိပ်တွင် တရားမဝင် ကညင်သစ်လုံး ၁၀၇ လုံး (၁၆၀ ဒသမ ဝ၁၆)တန် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် နံနက် ၁၁ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ ကသာမြို့နယ်သစ်တောဦးစီးမှူး ဦးတင်ထွဏ်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် သပြေဝကျေးရွာအနီး ဧရာဝတီမြစ် ဝေအင်းရေဆိပ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်ဘက်မှ လာရောက်စုပုံ၍ တရားမဝင် သစ်ဖောင်ဖွဲ့စုန်မျှောရန် ကြံစည်နေသည့် ကညင်သစ် ၁၀၇ လုံး (၁၆၀ ဒသမ ဝ၁၆)တန်အား တွေ့ရှိဖမ်းဆီးရမိ၍ တရားမဝင်သစ်ခိုးထုတ်သူများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# မင်းလှမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ နှစ်ဦး ဖမ်းဆီးရမိ



မာဟတရို



မနိရိဂျင်နို(ခ)နီနီသန်း

**နေပြည်တော် မတ် ၁၉**

မင်းလှမြို့နယ် ဆုံကုန်းကျေးရွာ တောင်ဘက် နှစ်ဖာလုံခန့်အကွာ တောထဲ၌ မတ် ၁၈ ရက် နံနက် ၁၁ နာရီက မသင်္ကာဖွယ် လူနှစ်ဦးတွေ့ရှိကြောင်း သတင်းအရ ရှမ်းတပ် ရဲကင်းစခန်းမှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောက်တော်မြို့နယ် အောက်ပိုက်သေကျေးရွာနေ မာဟတရို(၂၅နှစ်)နှင့် နေပူခံကျေးရွာနေ မနိုရိဂျင်နို(ခ)နီနီသန်း(၂၀နှစ်)တို့ နှစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးအား အောက်ပိုက်သေကျေးရွာနေ ရှောဘီ (စိစစ်ဆဲ)က ရန်ကုန်သို့အလုပ်သွားရောက်လုပ်ကိုင်လိုပါက ငွေကျပ် ၁၆ သိန်းပေးရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော တစ်လခန့်က ရှောဘီက မာဟတရိုပါ နှစ်ဦးတို့အား အောက်ပိုက်သေကျေးရွာမှ စက်လှေဖြင့် ခေါ်ဆောင်ခဲ့ရာ ရိုးမတောတစ်နေရာသို့ရောက်ရှိခဲ့ပြီး အမျိုးသားသုံးဦးထံ အပ်နှံကာ ရှောဘီမှာပြန်သွားကြောင်း၊ ၎င်းအမျိုးသားသုံးဦးက တောလမ်းအတိုင်း ရက် ၂၀ ခန့် လမ်းလျှောက်ခေါ်ဆောင်လာခဲ့ရာ လူစုကွဲ လမ်းမှားပြီး ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တရားမဝင်ရောက်ရှိလာသူ မာဟတရို ပါ နှစ်ဦးတို့အား အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နိုင်ငံခြားသားမောင်းနှင်လာသည့် ယာဉ်တိုက်မိသဖြင့် ငါးဦးဒဏ်ရာရ

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၃၅၂/၆ အနီး၌ မတ် ၁၈ ရက် ညနေ ၃ နာရီက ယာဉ်တိုက်မှုဖြစ်၍ ငါးဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေက ပလိပ်မှ တံတားဦးလေဆိပ်သို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် ၂ နေ တရုတ်နိုင်ငံသား Mr.Chen Pin (၅၆နှစ်)၊ (ပတ်စ်ပို့နံပါတ် G-55413716၊ ဗီဇာအမှတ် ၁၅၀၀၈၊ လုပ်ငန်းဗီဇာ၊ သက်တမ်း ၃-၃-၂၀၁၈ မှ ၂၄-၁၀-၂၀၁၈ ထိ) မောင်းနှင်သည့် 9M/---- KIA Optima ယာဉ်သည် တံတားဦး လေဆိပ်ဘက်သို့ ဖြတ်မောင်းစဉ် မန္တလေးမှ နေပြည်တော်သို့ မလှိုင်မြို့နယ် ကျွဲကျောင်း ကျေးရွာနေ မျိုးသန့်(၂၃ နှစ်)မောင်းနှင်ပြီး မလှိုင်မြို့နယ် ကန်သစ်ကြီးကျေးရွာနေ နိုင်နိုင်(၃၈ နှစ်)ပါသုံးဦးနှင့် သံဃာတစ်ပါးလိုက်ပါလာသည့် 6H/---- CRV ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သည်။ ဖြစ်စဉ်ကြောင့် 6H/----CRV ယာဉ်မှာ လမ်းလယ်ကျွန်း ပေါ်သို့ ရောက်ရှိတိမ်းမှောက်သွားပြီး ယာဉ်မောင်း မျိုးသန့်ပါ ငါးဦး တို့တွင်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် တံတားဦးဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး တရုတ်နိုင်ငံသား Mr.Chen Pin အား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**ကိုရဲ**

# မိုင်းဖြတ်၌ တရားမဝင်ရွှေတူးဖော်သည့် ပစ္စည်းများ သိမ်းဆည်းရမိ

**မိုင်းဖြတ် မတ် ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့ဆားလို့အုပ်စု နမ့်ယောင်းကျေးရွာအနီးရှိ နမ့်ပန်ချောင်းအတွင်း တရားမဝင်ရွှေသတ္တုတူးဖော်ရန် ပြင်ဆင်ထားသော စက်နှင့် ဆက်စပ်ပစ္စည်းများကို မတ် ၁၈ ရက် နံနက်ပိုင်းက ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က မိုင်းဖြတ်မြို့မရဲစခန်းမှ ဒုရဲမှူး အောင်လင်းခိုင်နှင့် ရဲတပ်ဖွဲ့ဝင် များသည် မိုင်းဖြတ်မြို့ နမ့်ပန်ချောင်းအတွင်း တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းအရ သွားရောက်စုံစမ်းစစ်ဆေးရာ ဆားလို့ အုပ်စု နမ့်ယောင်းကျေးရွာအနီးရှိ နမ့်ပန်ချောင်းအတွင်း တရားမဝင်ရွှေသတ္တုတူးဖော်ရန် ပြင်ဆင်ထားသည့် ပိုင်ရှင်မဲ့ ရေငုပ်ဝတ်စုံတစ်စုံ၊ အင်ဂျင်စက်တစ်လုံး၊ ကွန်ပရက်ဆာ တစ်လုံး၊ လေအိုးတစ်လုံး၊ လေပိုက်ခွေ တစ်ခွေ၊ ပိုက်များ၊ ရွှေစစ်ဆန်ခါ သုံးခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသဖြင့် မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်ထား ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူအား အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ အမိန့်ချမှတ်

**မန္တလေး မတ် ၁၉**

ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ အမှတ် ၄ ရပ်ကွက်နေ မ------၏သမီးဖြစ်သူ မ-------- (၁၄နှစ်)အား ၉-၆-၂၀၁၇ ရက် ည ၈ နာရီခန့်က ကိုဆိုင်းဆိုသူက ရွှေစာရံသွား လမ်းဘေး၌ အလိုမတူဘဲ သားမယားပြုကျင့်ခဲ့သဖြင့် အုန်းချောနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အဆိုပါအမှုအား မန္တလေးခရိုင်တရားရုံးမှ ရာဇဝတ်ကြီးအမှုအမှတ် ၁၄၉/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၃၇၆ ကို ကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် တရားခံ ကိုဆိုင်း(ခ) ဇော်ဆိုင်းအား ၂၀၁၈ ခုနှစ် မတ် ၁၉ ရက်တွင် မန္တလေးခရိုင်တရားရုံး ခရိုင်တရားသူကြီးက အလုပ်နှင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံစေ ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

# မန္တလေးသွားမည့် ယာဉ်ငယ်နှစ်စီးနှင့် ခရီးသည်တင်ယာဉ်နှစ်စီးပေါ်မှ စာရွက်စာတမ်းမတင်ပြနိုင်သည့် အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်းများဖမ်းမိ

**နေပြည်တော် မတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၈ စီး၊ သွင်းကုန် ၉၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅ စီး ၊ သွင်းကုန် ၁၉၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၁၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉ သန်းခန့် စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် Toyota Wish ယာဉ်နှစ်စီးနှင့် ခရီးသည်တင်ယာဉ်နှစ်စီးတို့အား မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်းများ စုစုပေါင်း အမျိုးအစား ၁၄ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှေ့ဂူတာရှိ တိုက်ပွဲဖြစ်ပွားနေသည့် ဒေသများသို့ ဆီးရီးယားသမ္မတအာဆတ်သွားရောက်

**ဒမတ်စကတ် မတ် ၁၉**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်သည် ဒမတ်စကတ်အရှေ့ပိုင်း ဂူတာဒေသရှိ တပ်မတော်၏ရှေ့တန်းစစ်မျက်နှာသို့ တနင်္ဂနွေနေ့က သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတွင် ဆီးရီးယားတပ်မတော်သည် သူပုန်များအား ထိုးစစ်ဆင်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဆီးရီးယားသမ္မတရုံးဆိုင်ရာ သတင်းမီဒီယာက ဖော်ပြခဲ့သည်။

ဆီးရီးယားတပ်မတော်သတင်းထုတ်ပြန်ရေးရုံးက သတင်းမှတ်တမ်းပုံနှစ်ပုံကို ဖော်ပြခဲ့သည်။ ယင်းပုံတွင် သမ္မတအာဆတ်ကို တပ်ဖွဲ့ဝင်များက ဝန်းရံလျက်တွေ့မြင်ရသည်။ ဆီးရီးယားအင်အားစုများသည် အရှေ့ဂူတာရှိ သူပုန်အုပ်စုများစွာတို့ကို တိုက်ခိုက်နေသည့်တိုက်ပွဲများအတွင်း တိုးတက်မှုရရှိနေသည်ဖြစ်ရာ သမ္မတအာဆတ် ရှေ့တန်းစစ်မျက်နှာသို့ လာရောက်မှုသည် ရှားပါးသည့်ဖြစ်ရပ်ဖြစ်သည်။

နိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီက ထောင်ပေါင်းများစွာသောပြည်သူများသည် တနင်္ဂနွေနေ့တွင် အရှေ့ဂူတာမှ ထွက်ခွာသွားခဲ့ကြကြောင်း၊ ဒမတ်စကတ်အရှေ့ပိုင်းတွင် အခိုင်အမာခြေကုပ်ယူထားသည့် သူပုန်များထံမှ နောက်ဆုံးသိရသည့် သတင်းအရ အမြောက်အမြား ကယ်ဆယ်ရွှေ့ပြောင်းမှုဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့တွင် Saqba မြို့ကို ရယူခဲ့ပြီး ကဖာဘတ်တနာ မြို့ဆီသို့ ဆက်လက်ဝင်ရောက်လာနေသည်ဖြစ်ရာ ဆီးရီးယား အစိုးရအင်အားစုများသည် အရှေ့ဂူတာ၏ ၈၀ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယားတပ်မတော်မှ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ **ဆင်ဟွာ**




# အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးသေဆုံး

**ခို့စ် အာဖဂန်နစ္စတန် မတ် ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး တခြားကလေးငယ် ၁၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ယမန်နေ့က ပြောခဲ့သည်။

ပေါက်ကွဲမှုသည် နာဒါရှက်ခ်ကော့ခရိုင် စပင်ကန်နယ်မြေရှိ ဘာသာရေးကျောင်းတစ်ကျောင်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ခို့စ်ပြည်နယ် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဘာဆာဘီနာက ပြောခဲ့သည်။

ယခုတိုက်ခိုက်မှုသည် တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြစ်နိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ပဋိပက္ခနှင့် ဆက်စပ်သည့် မတော်တဆမှုများတွင် ကလေးငယ် ၈၅၀ ကျော် အပါအဝင် အရပ်သား ၃၄၃၀ သေဆုံးခဲ့ကြောင်း



သိရပြီး ကလေးငယ် ၂၃၀၀ ကျော် ဒဏ်ရာရရှိမှုအပါအဝင် စုစုပေါင်း ဒဏ်ရာ ရရှိသူ ၇၀၀၀ကျော်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံး၏ စာရင်းထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားမြောက်ပိုင်း အာဖရင်ဒေသကို ကာ့ဒ်စစ်သွေးကြွများလက်မှ အပြည့်အဝရရှိခဲ့ပြီဖြစ်ကြောင်း တူရကီကြေညာ

**အန်ကာရာ မတ် ၁၉**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်စစ်သွေးကြွများထိန်းချုပ်ထားသော မဟာဗျူဟာကျသည့် အာဖရင်ဒေသကို တနင်္ဂနွေနေ့က အပြည့်အဝပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း တူရကီက ကြေညာခဲ့သည်။

တူရကီသည် ကာ့ဒ်တိုက်ခိုက်ရေးသမားများကို နယ်စပ်ဒေသများမှ တိုက်ထုတ်ရန် နှစ်လကြာ ထိုးစစ်ဆင်နွှဲမှုပြုလုပ်ခဲ့ပြီးနောက်တွင် ယခုကဲ့သို့ အာဖရင်ဒေသကို အပြည့်အဝပြန်လည်ရယူနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

တူရကီ အင်အားစုများက ကျောထောက်နောက်ခံပေးထားသည့် လွတ်လပ်သော ဆီးရီးယားတပ်မတော် ယူနစ်အဖွဲ့(FSA) သည် နံနက် ၈ နာရီခွဲတွင် အာဖရင်အလယ်ပိုင်းကို အလုံးစုံထိန်းချုပ်နိုင်ခဲ့ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က အနောက်မြောက်ပိုင်းကာနတ်ကာလီမြို့၌ ပြုလုပ်သည့် လူထုအခမ်းအနားတစ်ခု၌ ပြောကြားခဲ့သည်။

တူရကီတပ်မတော်သည် ကာ့ဒ်အလုပ်သမားပါတီနှင့် ပတ်သက်ဆက်နွှယ်နေသည့်ဆီးရီးယားအကြမ်းဖက်အဖွဲ့ဟု ယူဆထားသည့် ပြည်သူ့ကာကွယ်ရေးယူနစ် (ဝိုင်ပီဂျီ) ကို နှင်ထုတ်ရန် Operation Olive Branch စစ်ဆင်ရေးကို ပြီးခဲ့သည့်ဇန်နဝါရီ ၂၀ ရက်က စတင်ဆင်နွှဲခဲ့သည်။

တူရကီဦးဆောင်သည့်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် ရက်သတ္တပတ်က အာဖရင်ဒေသကို ဝိုင်းရံခဲ့ပြီး အရပ်သားများကို မြို့တွင်းမှ ထွက်ခွာသွားကြရန် တိုက်တွန်းခဲ့သည်။ အာဖရင်ကိုအနိုင်ရရှိမှုသတင်းကို တူရကီတပ်မတော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။




တူရကီအနေဖြင့် တိမ်းရှောင်လျက်ရှိသည့် ဒေသခံများ အသေအချာပြန်လာနိုင်ရေးတတ်စွမ်းသမျှ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတအာဒိုဂန်က အခိုင်အမာပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# ရုရှားသမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရသည့် ဗလာဒီမာပူတင်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင်ကို ရှီကျင့်ဖျင် ပေးပို့

**ပေကျင်း မတ် ၁၉**

ရုရှားနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရသည့် ဗလာဒီမာပူတင်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင်ကို တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ပေးပို့လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသားများသည် ပေါင်းစည်းမှုရှိကြောင်း၊ အားသစ်လောင်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုသဘောပေါက်သူများဖြစ်ကြောင်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် မှတ်ချက်ပြုလောက်ဖွယ် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ နိုင်ငံတကာကိစ္စများတွင်လည်း အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း ရှီက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများတွင် ဂုဏ်ကျက်သရေများတိုးပွားအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လက်ရှိအချိန်တွင် တရုတ်-ရုရှားနှစ်နိုင်ငံ၏ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်နိုင်ငံ ဆက်ဆံရေးသည် သမိုင်းတစ်လျှောက် အကောင်းဆုံးအဆင့်တွင် ရှိနေကြောင်း ရှီက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအား မြှင့်တင်ရန် ဆန္ဒရှိကြောင်း ရှီက ၎င်း၏ဝမ်းမြောက်ကြောင်းသဝဏ်လွှာထဲတွင် ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**



# တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်များခန့်အပ်

**ပေကျင်း မတ် ၁၉**

(၁၃) ကြိမ်မြောက်အမျိုးသားပြည်သူ့ကွန်ဂရက်ပထမအကြိမ်အစည်းအဝေးကျင်းပသည့် မတ်လ ၁၉ ရက်က တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်များ ရွေးချယ်ခန့်အပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်များအဖြစ် ဟန်ကျန့်၊ စွန်ချွန်လန်း၊ ဟူချွန်ဟွာနှင့် လျူဟဲတို့အား ခန့်အပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အရေးယူပိတ်ဆို့မှုများက နှစ်နိုင်ငံဆွေးနွေးမှုများကို အဆီးအတားဖြစ်စေနိုင်ကြောင်း မြောက်ကိုရီးယားသတိပေး

**တိုကျို မတ် ၁၉**

အရေးယူပိတ်ဆို့မှုများနှင့် ဖိအားပေးမှုများသည် နှစ်နိုင်ငံအကြားစကားပြောဆိုဆွေးနွေးမှုများ မဖြစ်မြောက်အောင် တားဆီးမည့် အဆီးအတားများဖြစ်လာနိုင်သည်ဟု မြောက်ကိုရီးယားနိုင်ငံက ဂျပန်ကိုသတိပေးခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက အကယ်၍ ဂျပန်နိုင်ငံသည် တစ်ဦးတည်းဆုံးဖြတ်ခွင့်အာဏာမရှိသော၊ ကောင်းမွန်သည့်သဘောထားမရှိသော အပြုအမူများကို အဆက်မပြတ် လုပ်ဆောင်နေပါက ပြံ့ယမ်းနှင့် ကောင်းမွန်သည့်အခြေအနေရရှိနိုင်မည်မဟုတ်ဟု ပြီးခဲ့သည့်စနေနေ့က ပြောကြားခဲ့သည်။

အမေရိကန်နှင့်တောင်ကိုရီးယားခေါင်းဆောင်များက မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် စီစဉ်နေကြချိန်တွင် ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားအပေါ်တွင် အရေးယူပိတ်ဆို့မှုများ အကြီးအကျယ်ပြုလုပ်သွားရန် နိုင်ငံတကာအဖွဲ့အစည်းများကို တောင်းဆိုနေသည်ဟု မြောက်ကိုရီးယားသတင်းအေဂျင်စီက ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဗြိတိန်နိုင်ငံသားများ၏ အသက်ခြိမ်းခြောက်လာခြင်းကို သည်းခံမည်မဟုတ်ကြောင်း ဝန်ကြီးချုပ်မေ ပြောကြား

**လန်ဒန် မတ် ၁၉**

ဗြိတိန်သံအမတ် ၂၃ ဦးကိုစနေနေ့တွင် ရုရှားမှ နှင်ထုတ်ကြောင်း ရုရှားအစိုးရက ကြေညာလိုက်ပြီးနောက်တွင် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေသည် ဗြိတိန်မြေပေါ်တွင် ဗြိတိန်နိုင်ငံသားများနှင့် အခြားသူများ၏ အသက်ကိုခြိမ်းခြောက်လာမှုကို ဘယ်သောအခါမျှ သည်းခံနေလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်အစိုးရသည် ယခုကဲ့သို့ အပြုအမူမျိုးကို တုံ့ပြန်သွားမည်ဖြစ်ပြီး လာမည့်ရက်များအတွင်း ထိုသို့ တုံ့ပြန်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေက ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နေသဟာယ ရုံးအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့အတွက် ဗြိတိန်၏ဦးစားပေးကိစ္စရပ်မှာ ရုရှားရှိ ဗြိတိန်ဝန်ထမ်းများကို စောင့်ရှောက်ရန်နှင့် ဗြိတိန်သို့ပြန်လာမည့် ၎င်းတို့အား အကူအညီပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်မြေပေါ်ရှိ ပြည်သူနှစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားမှုသည် ရုရှား၏ ယခုကဲ့သို့ အပြုအမူမျိုးဖြင့် ပြောင်းလဲသွားလိမ့်မည် မဟုတ်ကြောင်း၊ ရုရှားသည် နိုင်ငံတကာစည်းမျဉ်းဥပဒေများနှင့် ဓာတုလက်နက် ဆိုင်ရာသဘောတူညီမှုများကို ချိုးဖောက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အာဆီယံ-ဩစတြေးလျတို့ လက်မှတ်ရေးထိုးခဲ့တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး

**═══ တင်လင်းအောင် ═══**




အာဆီယံနဲ့ ဩစတြေးလျနိုင်ငံတို့ အကြမ်းဖက်မှုတွေ တိုက်ဖျက်ရာမှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ မတ် ၁၇ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့အကြောင်း သတင်းတွေမှာဖော်ပြခဲ့ပါတယ်။ အာဆီယံ-ဩစတြေးလျ အထူးအစည်းအဝေးဟာနည်းပညာကို အသားပေးပြုလုပ်တာဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာ အစွန်းရောက်အကြမ်းဖက်သမားတွေဟာ လူမှုမီဒီယာတွေကို အသုံးချပြီး အကြမ်းဖက်ဝါဒတွေဘယ်လိုဖြန့်နေသလဲဆိုတာကို အဓိကထားဆွေးနွေးခဲ့ကြတာပဲ ဖြစ်ပါတယ်။ ထို့အတူ အကြမ်းဖက်ဝါဒတွေပိုမိုအားကောင်းလာစေမယ့် ဘဏ္ဍာငွေထောက်ပံ့ရေးလမ်းကြောင်းတွေကို ဘယ်လိုကိုင်တွယ်မှုတွေလုပ်သွားမလဲဆိုတဲ့ အချက်နဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးခဲ့ကြပါတယ်။

အသစ်ရေးထိုးလိုက်တဲ့ နားလည်မှုစာချွန်လွှာမှာ အကြမ်းဖက်မှုတွေကိုနှိမ်နင်းဖို့ ဘယ်လိုအကောင်အထည်ဖော်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး အစီအစဉ်အတော်များများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီအစီအစဉ်တွေထဲမှာ ဒေသတွင်းဆွေးနွေးမှုတွေ လုပ်ဆောင်ဖို့နဲ့ အကြမ်းဖက်အုပ်စုတွေရဲ့ ခြိမ်းခြောက်မှုတွေကို တိုက်ခိုက်ပြီးတရားဥပဒေစိုးမိုးမှုရှိအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့အချက်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ထို့အတူ နယ်စပ်ဒေသလုံခြုံရေးအရာရှိတွေအတွက် အကြမ်းဖက်တန်ပြန်တိုက်ခိုက်မှုတွေကို ဘယ်လိုမျိုးအကောင်အထည်ဖော်ဆောင်ရွက်မလဲဆိုတဲ့အပေါ်လည်း ဆွေးနွေးတိုင်ပင်သွားကြမှာဖြစ်ပါတယ်။ လျှပ်စစ်သက်သေရှာပစ္စည်းသုံးပြီး စုံစမ်းမှုတွေနဲ့ တရားစွဲဆိုမှုတွေ လုပ်သွားရေးတို့လည်း ပါဝင်မှာ ဖြစ်ပါတယ်။

နိုင်ငံတကာအဆင့်မီ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးဥပဒေတွေကိုလည်း ခေတ်နဲ့အညီတိုးတက်ပြင်ဆင်ပြီး အဆင့်မြှင့်တင်မှုတွေပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီဥပဒေတွေဟာ မြန်မြန်ဆန်ဆန်လည်း ထွက်လာမှာ မဟုတ်ပါဘူး။ ပိုပြီးတော့ရှုပ်ထွေးလာမှာဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အကြံပေးအဖွဲ့ရဲ့နည်းလမ်းတွေဟာ အဆက်မပြတ်ပြောင်းလဲနေလို့ပဲဖြစ်ပါတယ်၊ ကျွန်တော်တို့လည်း အဆက်မပြတ်ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါတယ်။ ထို့အတူ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုတွေအပေါ် ရိုးရှင်းလွယ်ကူတဲ့ နည်းလမ်းတွေသုံးလို့တော့ မလုံလောက်ပါဘူးလို့ ပြောလိုက်သူကတော့ ဩစတြေးလျဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်ပဲဖြစ်ပါတယ်။

တစ်စုံတစ်ယောက်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာလိုမျိုးနေရာမှာ ဖော်ပြလိုက်တာနဲ့ အဲဒီ သတင်းအချက်အလက်ဟာ စက္ကန့်မခြားဘဲ အသုံးပြုသူသန်းပေါင်းများစွာအထိ ပျံ့နှံ့သွားမှာ ဖြစ်ပါတယ်။ ပြီးတော့လည်း ရှိပြီးသားသတင်းအချက်အလက်တွေကို ပိုပြီးပုံကြီးချဲ့နိုင်သလို အဲဒီအချက်အလက်တွေဟာ မိုဘိုင်းကွန်ရက်ရှိတဲ့ ဘယ်နေရာမဆိုရောက်ရှိသွားမှာ ဖြစ်ပါတယ်လို့ မစ္စတာတန်ဘဲလ်က ပြောခဲ့ပါတယ်။

ဆိုလိုတာကတော့ ပြစ်မှုကျူးလွန်မယ့်မျိုးဆက်သစ်တွေ ပေါ်ပေါက်လာမယ့် အခြေအနေတွေ ဖြစ်လာနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ ပြီးတော့လည်း တယ်လီဂရမ်လို ခေတ်မီလူမှုအက်ပ်တွေ အသုံးပြုပြီးတော့လည်း အကြမ်းဖက်ဝါဒတွေဖြန့်နိုင်တာဖြစ်တဲ့အတွက် အဲဒီအပေါ်မှာလည်း ထိန်းချုပ်မှုတွေ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ဆီးရီးယားမှာရှိတဲ့ အကြမ်းဖက်သမားတစ်ယောက်ဟာ ဩစတြေးလျမှာရှိတဲ့အခြားအဖွဲ့ဝင်တစ်ဦးထံ ညွှန်ကြားချက်တွေ ဘယ်လိုပေးနိုင်သလဲဆိုတဲ့ အပေါ်မှာလည်း မစ္စတာတန်ဘဲလ်က ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီလို အခြေအနေတွေကို အာဏာပိုင်တွေ အနေနဲ့စုံစမ်းဖော်ထုတ်ဖို့၊ ရုတ်တရက် အဖြေရှာဖို့ လွယ်မှာမဟုတ်ပါဘူးလို့ သူက ဆက်လက် ပြောခဲ့ပါသေးတယ်။ ပြီးတော့လည်း ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်မှု သို့မဟုတ် ဆိုက်ဘာကျူးပေါက်မှုရဲ့အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ဝမ်းနည်းစွာ နားလည်မှုလွဲခြင်းမရှိအောင် ဘယ်လိုညှိနှိုင်း ဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာခြိမ်းခြောက်မှု အန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။

လတ်တလောမှာ အစ္စလာမ့်စ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံး အကြမ်းဖက်ဝါဒ ပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ ပြုလုပ်လျက်ရှိပါတယ်။ အစ္စလာမ့်စ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ရဲ့အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းလဲဆိုရင် ၎င်းတို့အခြေပြုရာ အီရတ်၊ အာဖဂန် နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားမှသည် အရှေ့တောင်အာရှ၊ ထိုမှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျစတဲ့ နိုင်ငံတွေအထိ တောင်မက တစ်ကမ္ဘာလုံးထိတိုင်အောင် ကူးစက်ပျံ့နှံ့လာခဲ့တာကိုတွေ့ရမှာ ဖြစ်ပါတယ်။

> **“နိုင်ငံတကာအဆင့်မီ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ဥပဒေတွေကိုလည်း ခေတ်နဲ့အညီ တိုးတက်ပြင်ဆင်ပြီး အဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်၊ အဲဒီဥပဒေတွေဟာ မြန်မြန်ဆန်ဆန်လည်း ထွက်လာမှာ မဟုတ်ပါဘူး၊ ပိုပြီးတော့ ရှုပ်ထွေးလာမှာဖြစ်”**

အရှေ့တောင်အာရှနိုင်ငံတွေမှာ ဆိုရင် ဖိလစ်ပိုင်မာရာဝီမြို့ဟာလတ်တလောမှာ အစ္စလာမ့်စ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့လက်အောက်ကို ကျရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက ဖိလစ်ပိုင်သမ္မတကြီး ဒူတာတေးဟာအဆိုပါဒေသကို စည်းလုံးမှုသည် အင်အားဆိုသည့် သဘောကို တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များသိစေရန်တတိယအကြိမ်သွားရောက်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီမှာ သူဘာပြောခဲ့သလဲဆိုရင် ရန်သူကိုတိုက်ခိုက်တဲ့အခါ၊ အကြမ်းဖက်မှုတွေကိုနှိမ်နင်းတဲ့အခါမှာ “စည်းလုံးညီညွတ်မှုကို ပြသဖို့ မင်းတို့နဲ့အတူ ငါရှိနေမယ်” လို့ပြောခဲ့ပါတယ်။ အကယ်၍ ဖိလစ်ပိုင်တောင်ပိုင်းမှာ အကြမ်းဖက်သမားတွေကို ဖြိုခွဲခဲ့နိုင်တယ်ဆိုရင်တောင် မွတ်စလင်အများစု ကြီးစိုးရာ ထိုင်းနိုင်ငံတောင်ပိုင်းမှာလည်း အလားတူ ပဋိပက္ခတွေ၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ အေးချမ်းမှုကို နှောင့်ယှက်ထိပါးစေသော ဆူပူအုံကြွမှုတွေ မကြာခဏ ဖြစ်ပွားခဲ့ပါတယ်။

လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီတည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကိုပြန်ကြည့်မယ်ဆိုရင်လည်း အင်အားများတဲ့ မွတ်စလင်တွေက ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်တစ်ခုခွဲထွက်ဖို့ တောင်းဆိုခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိပါတယ်။ ယနေ့အိန္ဒိယနဲ့ ပါကစ္စတန်ဘာတွေဖြစ်သလဲကြည့်မယ်ဆိုရင် ကက်ရှ်မီးယားအရေးနဲ့ပတ်သက်ပြီး သူတို့တွေ စိတ်မအေးခဲ့ရပါဘူး။ ဘာကြောင့်လဲ၊ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေကတစ်ဆင့် မြစ်ဖျားခံလာခဲ့လို့ပဲ ဖြစ်ပါတယ်။

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ အဲဒီနိုင်ငံဟာ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာမဟုတ်ပါဘူး။ နောက်ဆုံးမှာ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန်ရှင်းလင်းနိုင်မှ တော်ကာကျမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပါးနပ်စွာလုပ်ကိုင်တတ်ဖို့လိုအပ်ပါတယ်။

အခုလို နည်းပညာတိုးတက်လာတဲ့ခေတ်ကြီးမှာ အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေးမီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေလုပ်နေတာကို မျက်ဝါးထင်ထင်တွေ့ရမှာဖြစ်ပါတယ်၊ မကြာသေးမီက ထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့က ဘာတွေတိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ မွတ်စလင်အကြမ်းဖက်သမားတွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့တိုက်တွန်းခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့ရဲ့လက်ချက်ကင်းတယ်ရယ်လို့ မရှိပါဘူး။ ဝမ်းနည်းကြေကွဲမှုရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့ မညှာမတာလုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပေါ်လာတာပါ။

အကြမ်းဖက် ကွန်ရက်တွေဟာ နယ်စပ်ဖြတ်ကျော်လာတဲ့ အထိတောင်မက တစ်ကမ္ဘာလုံးအထိ လွှမ်းခြုံလာတဲ့အပြင် ဘဏ္ဍာရေးနဲ့ဆိုင်တဲ့နည်းပညာသစ်တွေကိုလည်း အသုံးပြုလာတာ တွေ့ရပါတယ်။ ယခု ၂၀ ရာစုဟာ အလွန်ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ ဖမ်းထားတဲ့ ရာဇဝတ်အမျိုးသမီးတွေကို ကျွန်တွေအဖြစ် ရောင်းချခဲ့ကြသလို လိမ္မော်ရောင်ဝတ်စုံတွေ ဝတ်ဆင်ပေးထားတဲ့ သတင်းထောက်တွေကိုလည်း ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခဲ့တာကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်၊ အိုင်အက်စ်တို့ကို နှိမ်နင်းဖို့ တပ်ဖြန့်ချထားခြင်းခံရတဲ့ လုံခြုံရေးတပ်ဖွဲ့တွေလည်း အသတ်ခံခဲ့ရပါတယ်၊ အိုင်အက်စ်အကြမ်းဖက် သမားတွေဟာ တရားဥပဒေကိုလည်း မလေးစားသလို လူသားတွေအပေါ်လည်း လေးစားရကောင်းမှန်းသိတဲ့ လူတွေမဟုတ်ကြပါဘူး။

ဒါကြောင့် ဒီလိုအကြမ်းဖက်မှုတွေ နိုဂုံးချုပ်ဖို့ တစ်ကမ္ဘာလုံးက ဆောင်ရွက်နေသလို အာဆီယံနဲ့ ဩစတြေးလျနိုင်ငံတို့လည်း အကြမ်းဖက်မှုတွေတိုက်ဖျက်ရာမှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ မတ် ၁၇ ရက်က နားလည်မှုစာချွန်လွှာမှာ သဘောတူလက်မှတ်ရေးထိုးခဲ့တာပဲ ဖြစ်ပါတယ်။ အာဆီယံနဲ့ ဩစတြေးလျတို့အတူတကွ ပူးပေါင်းဆောင်ရွက်ရင် အင်အားကြီးမားလာမှာ ဖြစ်သလို ပြည်သူတွေလည်း ပိုမိုလုံခြုံလာမှာ ဖြစ်တယ်လို့ မစ္စတာတန်ဘဲလ်ပြောခဲ့တာကို သတိရရင်းညီညာမှ ပြည်သာမယ်ဆိုတဲ့ အရေးတွေးမြင်မိလိုက်ပါတော့တယ်။ ။

**ကိုးကား-ချန်နယ်နယူးအေးရှ**

# စန္ဒာမုနိဘုရားနှင့် ကျောက်စာများ

## မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က အသိအမှတ်ပြုခဲ့သည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of World)စာရင်းဝင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု တင်စားခေါ်ဆိုကြသည့် ပိဋကတ်ကျောက်စာတော်များသည် မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ တည်ရှိနေသည်။ ထို့အတူ ကုသိုလ်တော်ဘုရားအနီးရှိ စန္ဒာမုနိဘုရားဝင်းအတွင်း၌လည်း ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာကျမ်းများ ရေးထိုးထားသည့် ကမ္ဘာ့အကြီးဆုံး ဒုတိယ စာအုပ်ကြီးဟု ခေါ်ဆိုနိုင်မည့် ကျောက်စာချပ်များ တည်ရှိနေသည်။

စန္ဒာမုနိဘုရားသည် မန္တလေးတောင်ခြေတွင် မဟာလောကမာရဇိန် (ကုသိုလ်တော်)ဘုရားနှင့် မဟာသကျမုနိရဇိန်(ကျောက်တော်ကြီး)ဘုရားဝင်းတို့အကြားတွင် တည်ရှိနေသဖြင့် မန္တလေးတောင်သို့ လာရောက်ကြသူများသည် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ကြသည်။ မန္တလေးတောင်တွင်နေထိုင်၍ မန္တလေးတောင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူ ရသေ့ကြီးဦးခန္တီသည် စန္ဒာမုနိဘုရားဝင်းအတွင်း၌ ကျောက်စာချပ်ရေ ၁၇၇၂ ချပ်နှင့် မှတ်တမ်းကျောက်စာနှစ်ချပ်ကို ရေးထိုးစိုက်ထူခဲ့သည်။

### နန်းမြေဘုံသာ

စန္ဒာမုနိဘုရားသည် မန္တလေးနန်းမြို့ကျုံး၏ အရှေ့မြောက်ထောင့်တွင် တည်ရှိကာ မန္တလေးတောင်မှ တောင်ဘက်သို့ ကိုက် ၂၀၀ ကွာလှမ်းသည်။ မန္တလေး အရှေ့ကျုံး (၆၆)လမ်းနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ် လမ်းဆုံတွင် တည်ထားသည့် စန္ဒာမုနိဘုရား၏ မုခ်ပေါက်တွင် "နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား"ဟု ဘွဲ့တော်အမည် ရေးထိုးထားသည်။ နန်းမြေဘုံသာစံနန်းတော်ရာဟူသည့် အမည်သည် တစ်ချိန်က စံနန်းတော်တည်ရှိခဲ့သည့် နေရာဖြစ်ကြောင်း ရည်ညွှန်းနေပေသည်။



ကုန်းဘောင်ဘုရင် မင်းတုန်းမင်းသည် ရတနာပုံ မန္တလေးမြို့ကို မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် (အောင်ကျော်ချမ်းအေး မန္တလေး)တွင် တည်ထောင်ခဲ့ပြီးနောက် သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် မန္တလေးတောင်၏ လက်ယာဘက်၌ နန်းမြေဘုံသာ ယာယီစံနန်းကို ဆောက်လုပ်၍ ယင်းနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့တွင် ရှေ့သုံးတပ်၊ နောက်သုံးတပ် အခင်းအကျင်းဖြင့် စံနန်းသို့ ထွက်စံတော်မူခဲ့သည်။ မင်းတုန်းမင်းသည် ကျောက်တော်ကြီးဘုရား၊ လယ်ထွန်မင်္ဂလာ၊ ရတနာနဒီဆည်တို့သို့ ကြွမြန်းရာတွင် နန်းမြေဘုံသာ၌ ယာယီစံမြန်းလေ့ရှိခဲ့သည်။

မင်းတုန်းမင်းတည်ခဲ့သည့် နန်းမြေဘုံသာစံနန်းတော်၏ အကျယ်အဝန်းသည် လက်ရှိ စန္ဒာမုနိဘုရားဝင်းထက် များစွာကျယ်ဝန်းနိုင်ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ကိုးကားလျက် စန္ဒာမုနိဘုရားသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ပြုစုသူ ဦးမောင်မောင်တင်က "ဝင်းတော်အတွင်း စံနန်းတော်၊ မိဖုရားတို့စံနေရန် အဆောင်တော်များနှင့် တိုက်တန်း တင်းကုပ်မှစ၍ အရပ်ရပ်အလုပ်အဆောင် ပြီးပြေလျှင် စံနန်းတော်အမည်ကို ပညာရှိတို့ ရွေးချယ်ဆက်သွင်းချက်အတိုင်း နန်းမြေဘုံသာ သမုတ်တော်မူ၍"ဟု မှတ်တမ်းတင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်(ခရစ်နှစ် ၁၈၆၆ ခုနှစ် ဩဂုတ်လ ၂ ရက်)တွင် နန်းမြေဘုံသာစံနန်းတော် လွှတ်တော်အနီး တဲကြီးတွင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ ဦးစီးသည့် အရေးအခင်း ဖြစ်ခဲ့ကာ အိမ်ရှေ့မင်း ကနောင်မင်းသားနှင့် မြတောင်မြို့စား သေနတ်ဝန်ကြီး အပါအဝင် မင်းသားများ ကျဆုံးခဲ့သည်။ ကနောင်မင်းသား၏ အလောင်းတော်ကို စံနန်းတော် ဆောင်မတော်တွင် အခေါင်းသွင်း၍ ၁၁ လကြာ ထားရှိခဲ့ပြီး ၁၂၂၉ ခုနှစ် နယုန်လဆန်း ၅ ရက် (၁၈၆၇ ခုနှစ် ဇွန် ၆ ရက်)တွင် နန်းမြေဘုံသာ စံနန်းတော် ဆောင်မတော်ကို ဖျက်သိမ်းခဲ့သည်။ ထို့နောက် အိမ်ရှေ့စံ ကနောင်မင်းသား၊ မလွန်မင်းသား၊ စကုမင်းသားနှင့် ပြင်စည်မင်းသားတို့ကို သင်္ဂြိုဟ်ရန် အုတ်ဂူများပြုလုပ်ခဲ့သည်။ မင်းသားများ၏ ရုပ်အလောင်းများကို ဂူသွင်းသင်္ဂြိုဟ်ပြီးနောက် အုတ်ဂူကို လုံခြုံစွာပိတ်၍ ဂူရှေ့နှစ်တောင်အကွာတွင် စန္ဒာမုနိဘုရား ကိန်းဝပ်စံပယ်ရန် အုတ်ပလ္လင်ခံလျက် ယင်းအပေါ်တွင် အုတ်ရိုးစေတီ တည်ထားစေခဲ့ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးစာအုပ်တွင် ရေးသားထားသည်။

### ကနောင်မင်းသားအုတ်ဂူ

တစ်ချိန်က နန်းမြေဘုံသာစံနန်းတော် နေရာသည် ယခုအခါတွင် စန္ဒာမုနိ ရုပ်ပွားတော်နှင့် စေတီတော်တို့ တည်ရှိနေသည့် အာလိန်ငါးဆင့်ရှိသည့် ပရိဝုဏ်အဖြစ် တည်ရှိနေသည်။ စန္ဒာမုနိဘုရားအနီးတွင် ယခင်က ကနောင်မင်းသားနှင့် မင်းသားများအုတ်ဂူဟု ယူဆခဲ့သည့် အုတ်ဂူတစ်လုံး ရှိခဲ့သည်။ နောက်ပိုင်းတွင် စေတီတော်ရင်ပြင်၌ သချိုင်းဂူရှိနေသဖြင့် မတင့်တယ်ဟု ယူဆမှုများ ရှိခဲ့သဖြင့် ကနောင်မင်းသားဂူဗိမာန် အသစ်ဆောက်လုပ်ရန် ရည်ရွယ်လျက် ၁၉၉၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ယင်းဂူကို ဖျက်သိမ်းခဲ့သည်။ သို့သော် ဂူအတွင်းမှ အခေါင်းအစအန၊ အရိုးအစအန စသည်တို့ကို မတွေ့ရှိခဲ့ရဘဲ ဂူအတွင်းပိုင်းအောက်ခြေသည် ရှင်းလင်းနေသဖြင့် ဂေါပကအဖွဲ့ဝင်များက ယင်းဂူမှာ လူမြှုပ်နှံသည့်ဂူမဟုတ်ဘဲ အထိမ်းအမှတ် ပြုလုပ်ခဲ့သည့်ဂူသာ ဖြစ်နိုင်ကြောင်း ယူဆခဲ့ကာ ယင်းနေရာတွင် ကနောင်မင်းသားအကြောင်း ရေးသားထားသည့် ကျောက်ပြားတစ်ချပ်ကို စိုက်ထူခဲ့သည်။

ကျောက်စာချပ်ပေါ်တွင် ကနောင်မင်းသားကြီး သီရိပဝရ မဟာသုဓမ္မရာဇာ ရတနာပူရအိမ်ရှေ့စံဟု ခေါင်းစည်းတပ်လျက် သာယာဝတီမင်းနှင့် ကျောက်မော်မိဖုရားတို့မှ မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်၊ ခရစ်သက္ကရာဇ် ၁၈၁၉ စက်တင်ဘာလ ၂၇ ရက်တွင် ဖွားမြင်သည်။ ရတနာပုံ မန္တလေးမြို့နန်းတည်ထောင်ရာတွင် ပါဝင်ခဲ့သည်။ မြန်မာ့စီးပွားရေးကို ခေတ်မီစေရေးအတွက် ပထမဆုံး လုံးပန်းအားထုတ်ခဲ့သည်။ မြန်မာ့တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ရန် ပထမဆုံး ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၂၈ ခု ဝါဆိုလပြည့်ကျော် ၇ ရက် ခရစ်နှစ် ၁၈၆၆ ခု ဩဂုတ် ၂ ရက်တွင် မြင်ကွန်း၊ မြင်းခုံတိုင် အရေးတော်တွင် လုပ်ကြံခံရသဖြင့် ကံတော်ကုန်ခဲ့သည်ဟု မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးထိုးထားသည်။

### စန္ဒာမုနိ ရုပ်ပွားတော်

အမရပူရမြို့တည် ဗဒုံမင်းသည် မြန်မာသက္ကရာဇ် ၁၁၆၄ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်တွင် သံပိဿာချိန် ၁၁၃၆၈ ရှိသည့် စန္ဒာမုနိရုပ်ပွားတော်ကို သွန်းလုပ်ခဲ့ကာ မင်းကွန်းအလယ်ကျွန်း စံနန်းတော်၏ အရှေ့မြောက်၌ တန်ဆောင်းရွှေပြာသာဒ် ဆောက်လုပ်၍ ပူဇော်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်တွင် စန္ဒာမုနိရုပ်ပွားတော်ကို ယခု အမရပူရမြို့ကျုံးဟောင်းမြောက်ဘက် ကိုက် ၁၀၀ နေရာသို့ ပင့်ဆောင်ပူဇော်ခဲ့သည်။ မန္တလေး-အမရပူရ မော်တော်ကားလမ်း၏ လက်ဝဲဘက်တွင် တည်ရှိနေသည့် မဟာစန္ဒာမုနိဘုရားသည် စန္ဒာမုနိရုပ်ပွားတော်ကိုသွန်းလုပ်ပြီး ၁၃ နှစ်အကြာတွင် ဗဒုံမင်းတည်ခဲ့သည့် စေတီဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်တွင် ဘကြီးတော် စစ်ကိုင်းမင်းသည် စန္ဒာမုနိရုပ်ပွားတော်ကို အမရပူရမှ အင်းဝသို့ ပင့်ဆောင်ကာ အင်းဝ မဟာမြတ်မုနိဘုရားဝင်းအတွင်းရှိ ဂန္ဓကုဋိရွှေကျောင်းဆောင်တွင် ပူဇော်ထားရှိခဲ့သည်။ စန္ဒာမုနိရုပ်ပွားတော်သည် အင်းဝတွင် ၁၁ နှစ်ကြာ သီတင်းသုံးပြီးနောက် သာယာဝတီမင်းက မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၈ ရက်တွင် အမရပူရသို့ ပြန်လည်ပင့်ဆောင်ခဲ့သည်။ စန္ဒာမုနိ ရုပ်ပွားတော်သည် အမရပူရတွင် ၂၉ နှစ်ကြာ ထပ်မံသီတင်းသုံးခဲ့ပြီးနောက် မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ်၌ မင်းတုန်းမင်းက ရတနာပုံမန္တလေးသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ရာ ယခုတိုင် ဖူးတွေ့နေကြရပေသည်။

မင်းတုန်းမင်းတည်ထားခဲ့သည့် စန္ဒာမုနိဘုရား၏ မဟာရံတံတိုင်းသည် အရှေ့အနောက် ပေ ၇၃၀၊ တောင်မြောက် ၃၆၅ ပေနှင့် အမြင့် ခြောက်ပေ ရှိသည်။ မင်းတုန်းမင်းသည် မဟာရံတံတိုင်းအတွင်း၌ အာလိန်ငါးဆင့်ရှိသည့် အုတ်ပလ္လင်ပေါ်တွင် ဉာဏ်တော်ပေ ၁၀၀ ရှိသည့် စေတီကို တည်ထားခဲ့ကာ စေတီ၏ အရှေ့ဘက်ကပ်လျက်တွင် ဘုံခုနစ်ဆင့်ပြာသာဒ်နှင့် အုတ်ဂန္ဓကုဋိတိုက် ဆောက်လုပ်၍ စန္ဒာမုနိရုပ်ပွားတော်ကို ပူဇော်ထားရှိခဲ့သည်။ ရုပ်ပွားတော်သီတင်းသုံးသည့် အုတ်တိုက်တော်သည် အလျား ၃၆ ပေနှင့် အနံ ၃၄ ပေခွဲ ရှိသည်။ ယင်းစေတီတော်သည် သီးခြားဘွဲ့နာမ မရှိဘဲ ရုပ်ပွားတော်၏ ဘွဲ့အမည်အတိုင်း စန္ဒာမုနိစေတီဟုပင် ထင်ရှားခဲ့သည်။

စန္ဒာမုနိဘုရား၏ မုခ်လေးဘက်တွင် သံစောင်းတန်းလေးသွယ်နှင့် စေတီတော်ပတ်လည် သံစောင်းတန်းများကို ရသေ့ကြီးဦးခန္တီက ဦးစီးတည်ဆောက် လှူဒါန်းခဲ့သည်။ ဦးခန္တီသည် မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်မှ ကွယ်လွန်ချိန် ၁၃၁၁ ခုနှစ်အထိ စန္ဒာမုနိဘုရားကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

### ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာများ

စန္ဒာမုနိဘုရားဝင်းအတွင်း၌ ဂေါတမဘုရားရှင်၏ ပိဋကတ်သုံးပုံကို အကျယ်ဖွင့်ဆိုသည့် အဋ္ဌကထာနှင့် ဋီကာကျမ်းများအား ကျောက်ထက်အက္ခရာတင်ထားသည့် ကျောက်စာချပ်များကို ထည့်သွင်းပူဇော်ထားသည့် ဓမ္မစေတီများ တည်ရှိသည်။

ယင်းကျောက်စာချပ်များကို ရသေ့ကြီးဦးခန္တီက မဟာသံဃာ့ရာဇာ သာသနာပိုင်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် ရေးထိုးစိုက်ထူခဲ့သည်။ မဟာသံဃာ့ရာဇာ တောင်ခွင်သာသနာပိုင်ဆရာတော်သည် ကျောက်စာတွင် ရေးထိုးမည့် ပိဋကတ်တော်စာသားများကို အက္ခရာ ပုဒ် ပါဌ် ကျနမှန်ကန်စေရန် ဆရာတော် ၁၅ ပါးအား တည်းဖြတ်ပြင်ဆင် သုတ်သင်ရန် တာဝန်ပေးခဲ့သည်။ သုတ်သင်ပြင်ဆင်ပြီးသည့် မူများကို အဘယာရာမ မိုးထိတိုက်ဆရာတော် ဦးဇာဂရက ကြီးကြပ်လျက် ကျောက်ထက်အက္ခရာတင်ခဲ့သည်။

မှန်ကန်တိကျစွာရေးထိုးပြီးသည့် ကျောက်စာများကို စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်း၌ အုတ်ပလ္လင်တစ်ခုစီပေါ်တွင် တစ်ချပ်မှ သုံးချပ်အထိ စိုက်ထူကာ အုတ်ပလ္လင်အထက်တွင် စေတီတော်တစ်ဆူစီကို တည်ထားခဲ့သည်။ ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာများ ရေးထိုးထားသည့် ကျောက်စာချပ်များသည် ပိဋကတ်တော် ၁၇၇၂ ချပ်နှင့် မှတ်တမ်းကျောက်စာချပ် နှစ်ချပ်ဖြစ်ကာ ကျောက်စာချပ်အားလုံး၏ အရေအတွက်ကို "ဥဒေတယံ၊ ကျောက်ချပ်မှန်"ဟု မှတ်သားခဲ့ကြသည်။



ကျောက်စာများနှင့်ပတ်သက်၍ အိမ်ရှေ့စံ ကနောင်မင်းသား၏ သမီးတော် သုသီရိသန်္ဒါဝတီက မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ဘုရား၌ ပိဋကတ်သုံးပုံ ပါဠိတော်များရှိလျှင် အိမ်ရှေ့မင်း၏အုတ်ဂူရှိသည့် စန္ဒာမုနိဘုရား၌ အဋ္ဌကထာနှင့် ဋီကာများ ရှိသင့်ကြောင်း ဦးခန္တီအား လျှောက်ထားခဲ့သည်ဟု အဆိုရှိခဲ့သည်။

စန္ဒာမုနိကျောက်စာများကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး၏ နောက်ဆက်တွဲဟု ဆိုနိုင်ဖွယ်ရှိပြီး ဦးခန္တီသည် ကျောက်စာချပ် ၈၈၃ ချပ်ပေါ်တွင်သာ အုတ်စေတီများကို တည်ဆောက်နိုင်ခဲ့သော်လည်း ယခုအခါတွင် ကျန်ရှိသောကျောက်စာချပ် ၈၉၁ ချပ်ပေါ်တွင် မိုးလုံလေလုံ အမိုးအကာများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ပိဋကတ်တော်ကျောက်စာများကို စန္ဒာမုနိ ဘုရားဝင်းအတွင်း စိုက်ထူခဲ့ရာတွင် စေတီတော်အရှေ့မြောက် တနင်္ဂနွေထောင့်ရှိ ကျောက်စာရုံ ၁၉၄ ရုံတွင် ကျောက်စာချပ် ၄၅၄ ချပ်၊ စေတီတော်အရှေ့တောင် အင်္ဂါထောင့်ရှိ ကျောက်စာရုံ ၁၉၄ ရုံတွင် ကျောက်စာချပ် ၄၅၄ ချပ်၊ စေတီတော်အနောက်တောင် စနေထောင့်ရှိ ကျောက်စာရုံ ၁၈၄ ရုံတွင် ကျောက်စာချပ် ၄၃၂ ချပ်၊ စေတီတော်အနောက်မြောက် ရာဟုထောင့်ရှိ ကျောက်စာရုံ ၁၈၄ ရုံတွင် ကျောက်စာချပ် ၄၃၂ ချပ် ဖြစ်ပေသည်။

### ရသေ့ကြီး ဦးခန္တီ

မန္တလေးတောင်အကြောင်းကို ပြောပါက ရသေ့ကြီးဦးခန္တီအကြောင်း မပါဝင်လျှင် ပြည့်စုံမည်မဟုတ်ချေ။ ဦးခန္တီသည် သံတန်ဆောင်း၊ သံစောင်းတန်း၊ ကျောက်လှေကားများဖြင့် မန္တလေးတောင်ကို မွမ်းမံတန်ဆာဆင်ခဲ့သူ ရသေ့ကြီးဖြစ်သည်။

ရသေ့ကြီး ဦးခန္တီသည် မန္တလေးတောင်သို့ မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလဆန်းတစ်ရက် (ခရစ်နှစ် ၁၉၀၈ ခုနှစ် မတ် ၂ ရက်)တွင် ရောက်ရှိလာခဲ့ကာ မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်(ခရစ်နှစ် ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်)တွင် ကွယ်လွန်ခဲ့သည်။

ရသေ့ကြီးဦးခန္တီလောင်းလျာ မောင်ဖိုးမောင်ကို ရမည်းသင်းမြို့နယ် ရွာသာရွာ၌ မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်(တနင်္လာနေ့)တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးရွှေလုနှင့် ဒေါ်ကံ ခေါ် ဒေါ်ခိုဥ ဖြစ်သည်။ မောင်ဖိုးမောင် ၁၀ နှစ် အရွယ်တွင် မိဘများသည် သိမ်ကုန်းကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့ကာ မောင်ဖိုးမောင်သည် အသက် ၁၃ နှစ်တွင် ကျောင်းမကျောင်း၌ သာမဏေဝတ်ခဲ့ပြီး အသက် ၂၀ တွင် ရှင်ခန္တီ ဘွဲ့အမည်ဖြင့် ရဟန်းပြုခဲ့သည်။

ရဟန်းတော် ရှင်ခန္တီသည် မန္တလေးတောင်၏ မြောက်ဘက်ရှိ ရွှေကျင်တိုက်မတွင် နေထိုင်သီတင်းသုံးကာ ပိဋကတ်စာပေများကို သင်ယူခဲ့ပြီး သမထ၊ ဝိပဿနာ တရားများကို အားထုတ်ခဲ့သည်။ ရှင်ခန္တီသည် ရဟန်းဝါ ၁၂ ဝါရသည့် ၁၂၆၁ ခုနှစ်တွင် ရသေ့ဘဝသို့ပြောင်းခဲ့ကာ သိမ်ကုန်းကြီးကျေးရွာမှ အရှေ့ဘက်သို့ တစ်မိုင်ကျော်ကွာလှမ်းသည့် ရွှေမြင်တင်တောင်တွင် ဘာဝနာအလုပ် အားထုတ်ခဲ့ပြီး ရွှေမြင်တင်ရသေ့ဟု ထင်ရှားခဲ့သည်။

ရသေ့ကြီးဦးခန္တီသည် ၁၉၀၈ ခုနှစ်တွင် မန္တလေးမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် သာသနိက အဆောက်အအုံများ ဆောက်လုပ်ခြင်းကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ မြို့ပေါင်း ၂၀ တွင် ၄၇ ဌာန ရှိခဲ့သည်။ ၁၉၀၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ၄၁ နှစ်တာ ကာလအတွင်း မန္တလေးတောင်တွင် ရသေ့ကြီးဦးခန္တီ တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများ၏ တန်ဖိုးသည် ထိုခေတ်ကာလ ငွေတန်ဖိုးအရ ခန့်မှန်း ၁၁၆၃၉၉၈၀ ကျပ် ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာ ကျောက်စာများကို မန္တလေးမြို့အပါအဝင် မြန်မာနိုင်ငံအတွင်း ရန်ကုန်၊ မိတ္ထီလာ၊ သထုံ၊ ဟင်္သာတ၊ ကြံခင်း၊ အဖျောက်၊ မင်းကွန်းအစရှိသည့် အခြားမြို့နယ်များတွင်လည်း တွေ့မြင်နိုင်ကြသည်။ ယင်းတို့အနက် မန္တလေးတောင်ခြေ စန္ဒာမုနိဘုရားဝင်းအတွင်းရှိ ကျောက်စာချပ်များသည် ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာကျမ်းများကို ရေးထိုးထားသဖြင့် အရေအတွက် အများဆုံးဖြစ်သည်။ ယင်းကျောက်စာချပ်များသည် သမိုင်းဝင် စန္ဒာမုနိစေတီ၊ စန္ဒာမုနိရုပ်ပွားတော်တို့နှင့်အတူ ရသေ့ကြီးဦးခန္တီ၏ အလှူတော် ဗုဒ္ဓစာပေမှတ်တမ်းများအဖြစ် တည်ရှိနေပေသည်။ ။

**ကိုးကား**

**(၁) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**

**(၂) မန္တလေးတောင်(လူထုဒေါ်အမာ)**

**(၃) မန္တလေးတောင်သမိုင်းသစ် (ဘဒ္ဒန္တ ဇောတိကာဘိဝံသ)**

**(၄) စန္ဒာမုနိဘုရားနှင့် ဓမ္မစေတီကျောက်စာများ၏ သမိုင်း(ဦးအောင်သူ)**

# အမှိုက်အတွက်ကောက်ခံရရှိသော အခွန်ငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ဘားအံ မတ် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ပေါ် ရပ်ကွက်များအတွင်း အမှိုက်နှင့် အညစ်အကြေးများအတွက် လိုက်လံကောက်ခံလျက်ရှိသော အခွန်ငွေများကို ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးပြု ဆောင်ရွက်နေကြောင်း ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၏ ပြောကြားချက်အရ သိရသည်။

မတ် ၁၇ ရက်က ဘားအံမြို့ ၇ ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမ၌ ပြုလုပ်သည့် အမှိုက်နှင့်အညစ်အကြေး အခွန်ကောက်ခံမှု ရှင်းလင်းပွဲတွင် တက်ရောက်လာသော ရပ်ကွက်နေပြည်သူများက အခွန်ကောက်ခံမှုစနစ်မှ ရရှိသောငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်နိုင်မည့် အခြေအနေကို မေးမြန်းမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

“တစ်နှစ်ကို အမှိုက်နဲ့ အညစ်အကြေးများမှ ကောက်ခံရရှိတဲ့ အခွန်ငွေတွေကို ရပ်ကွက်အတွင်းမှာရှိတဲ့ လမ်း၊ တံတား၊ လမ်းမီးရရှိရေး၊ အမှိုက်သယ်ယာဉ်ဝယ်ယူခြင်း၊ ဝန်ထမ်းခန့်အပ်မှု၊ မီးပွိုင့်တပ်ဆင်ပေးခြင်း၊ ခေတ်မီဈေးသစ်ကြီးများ တည်ဆောက်ပေးခြင်းနဲ့ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ မြို့သာယာလှပရေးလုပ်ငန်းများအတွက် အသုံးပြုဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ၎င်းက ပြောသည်။

ဘားအံမြို့ပေါ် ရပ်ကွက်များအတွင်း၌ နေအိမ်များကို အမှိုက်နှင့် အညစ်အကြေးခွန် ၁၀ ရာခိုင်နှုန်း၊ အဆောက်အအုံနှင့် မြေခွန် ၁၀ ရာခိုင်နှုန်း၊ မီးခွန် ၄ ရာခိုင်နှုန်း၊ ရေခွန် ၆ ရာခိုင်နှုန်း စုစုပေါင်း ၃၀ ရာခိုင်နှုန်းကောက်ခံလျက်ရှိကြောင်း၊ သုံးထပ်တိုက် တစ်လုံးလျှင် တစ်နှစ်စာအတွက် အမြင့်ဆုံးအနေဖြင့် အခွန် ငွေကျပ် ၃၀၀၀၀ မှ အနိမ့်ဆုံး ငွေကျပ် ၁၀၀၀၀ အထိ အရစ်ကျခွဲပြီး အခွန်ကောက်ခံလျက်ရှိကြောင်း၊ မီးခွန်၊ ရေခွန် အဆောက်အအုံနှင့် မြေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်များ ကောက်ခံရရှိငွေသည် တစ်နှစ်ပတ်လုံး အတိုင်းအတာအနေဖြင့် သိန်းပေါင်း ငွေကျပ် ၁၃၀၀၀ ခန့်သာ ရရှိကြောင်း၊ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များမှ တစ်ရက်လျှင် အမှိုက်နှင့် အညစ်အကြေး ခုနစ်တန်ခန့် ထွက်ရှိနေကြောင်းလည်း ၎င်းက ဆက်၍ ရှင်းပြသည်။



ဘားအံမြို့ပေါ်၌ အမှိုက်နှင့် အညစ်အကြေးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းယာဉ်များ၊ ဝန်ထမ်းများဖြင့် နေ့စဉ် သိမ်းဆည်းလျက်ရှိရာ မြို့ပေါ်ရပ်ကွက်များ၊ ဈေးများသို့ အလှည့်ကျစနစ်ဖြင့် လိုက်လံသိမ်းဆည်းပေးနေသလို ရပ်ကွက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် စည်ပင်အဖွဲ့နှင့် ပူးပေါင်းကာ သန့်ရှင်းရေးဆောင်ရွက်နေမှုများလည်းရှိကြောင်း သိရသည်။

**မင်းရာဇာ**

# ငြိမ်းချမ်းရေး၌ ပါဝင်ပတ်သက်သူများ မျက်နှာစုံညီစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**သံတောင်ကြီး မတ် ၁၉**

စစ်တောင်းသံစဉ် လူမှုကွန်ရက်က ကြီးမှူး၍ ဒေသတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် သဘောတရားများ နည်းစနစ်များကို ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ သိရှိနားလည်ကာ လက်တွေ့အမှန်တကယ်လုပ်ဆောင်လာစေရန် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့်ဆိုင်သော စွမ်းရည်မြှင့်တင်ခြင်း အမြင်ဖွင့်ခြင်း လုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိရာ လုပ်ငန်းစဉ်များထဲမှ တစ်ခုအဖြစ် ငြိမ်းချမ်းရေးတွင် ပါဝင်ပတ်သက်သူများ မျက်နှာစုံညီ စကားဝိုင်းတစ်ရပ်ကို မတ် ၁၆ ရက်က သံတောင်ကြီးမြို့ရှိ စံစုစီရိပ်သာ၌ ပြုလုပ်ခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဒေသအတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တပ်မတော်သားများအနေဖြင့် ပြည်သူများ၏အသံများကို နားထောင်ပြီး ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန်၊ ဒေသတွင်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ယူမှု တာဝန်ခံမှုအပြင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် စီမံကိန်းလုပ်ငန်းများကို မလုပ်ဆောင်မီ ပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ပြီး သဘောထားရယူရန်၊ နိုင်ငံတော်အစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် တပ်မတော်သားများအနေဖြင့် ပုံမှန်တွေ့ဆုံခြင်းဖြင့် ယုံကြည်မှုများ ပိုမိုခိုင်မာစွာ တည်ဆောက်ရန်၊ ဝေးလံခေါင်သီသောဒေသရှိ ဒေသခံတိုင်းရင်းသားများ၏ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ဦးစားပေးဆောင်ရွက်ပေးရန်၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပေးရန်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အရ ကြားကာလအစီအစဉ်များကို အကောင်အထည်ဖော်ပေးရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ သက်ဆိုင်သည့်ဌာနများနှင့်အတူ လက်နက်ကိုင်အဖွဲ့အစည်းများကပါ ပူးပေါင်း၍ လုပ်ဆောင်ပေးရန်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အဂတိလိုက်စားမှုပပျောက်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပေါ်ထွန်းရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် လုပ်ဆောင်ပေးရန် စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် တပ်မတော်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသော ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှု ဆောင်ရွက်ပေး

**ချောင်းဦး မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာရှိ ရွှေမြင့်မိုရ် စက္ခုဒါန အထွေထွေရောဂါကုဆေးရုံတွင် ခင်မွန်ဗောဓိတောရဆရာတော်ကြီး၏ ကြီးမှူးစီစဉ်မှုဖြင့် ပြည်တွင်း ပြည်ပမှ မျက်စိအထူးကု ဆရာဝန်ကြီးများက အခမဲ့ မျက်စိစမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသမှုများကို မတ် ၁၅ ရက်မှ ၁၈ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“အခု မျက်စိအခမဲ့ကုသပွဲမှာ လာရောက်ပြသတဲ့ မျက်စိနဲ့ပတ်သက်တဲ့ ဝေဒနာရှင်



ကုသမှု လာရောက်ခံယူကြသော မျက်စိရောဂါဝေဒနာရှင် ပြည်သူများ

အများစုမှာ ရေတိမ်ရောဂါကို အများဆုံးတွေ့ရပါတယ်၊ မျက်စိဝေဒနာနဲ့ပတ်သက်ပြီး ခွဲလို့ရတဲ့ရောဂါရှိသလို၊ ခွဲလို့မရတဲ့ ရောဂါတွေလည်း အများကြီးတွေ့ရပါတယ်၊ ခွဲလို့မရတဲ့ရောဂါတွေဆိုရင် ဆေးပေးတယ်၊ မျက်မှန်တပ်ဆင်ပေးတယ်၊ အမြင် လုံးဝဆုံးရှုံးသွားတဲ့ ဝေဒနာရှင်တွေဆိုရင်လည်း အားပေးစကားပြောတယ်၊ အခုမျက်စိလာပြတဲ့သူတွေကို စမ်းသပ်မှုတွေလုပ်ဆောင်ပြီး ခွဲစိတ်ကုသလို့ ရတဲ့သူတွေကို စစ်ထုတ်ပေးတာပါ။ ခွဲစိတ်ဖို့လိုအပ်တဲ့ လူနာတွေကို ခွဲစိတ်ကုသပေးသွားမှာပါ၊ မျက်စိရောဂါပဲဖြစ်ဖြစ်၊ အထွေထွေရောဂါပဲဖြစ်ဖြစ် ကုသတဲ့နေရာမှာ ဆရာဝန်တစ်ယောက်အနေနဲ့ ကုသလို့ ပျောက်ကင်းသက်သာသွားတာကို တွေ့ရတဲ့အတွက် ပျော်ရွှင်ရပါတယ်၊ အခုပွဲမှာလည်း ဆရာတော်ကြီးရဲ့ ဦးဆောင်မှုနဲ့အတူ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းပါဝင်ကြတဲ့ ပြည်တွင်းပြည်ပက အထူးကုဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ သူနာပြုတွေ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ၊ ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကုသိုလ်ပြုကြတဲ့ အလှူရှင်တွေ၊ ပါဝင်ကူညီတဲ့ ပရဟိတအသင်းအဖွဲ့တွေ အားလုံးတွဲဖက်လုပ်ဆောင်ကြတဲ့အတွက် ပျော်ရွှင်မိပါတယ်”ဟု ရွှေမြင့်မိုရ် စက္ခုဒါန အထွေထွေရောဂါကုဆေးရုံမှ ဒေါက်တာကျော်သူထက်က မတ် ၁၆ ရက်တွင် ပြောသည်။

မျက်စိရောဂါများ အခမဲ့ကုသပေးရာသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင် ၈၀၀ ကျော် လာရောက်ပြသ ကုသမှုခံယူခဲ့ကြရာ မတ် ၁၅ ရက်နှင့် ၁၆ ရက်တွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပြီး ခွဲစိတ်ရန်မလိုအပ်သော လူနာများအား မျက်မှန်တပ်ဆင်ပေးခြင်း၊ မျက်စိအားတိုးဆေးများပေးခြင်းနှင့် အားပေးနှစ်သိမ့်ခြင်းများ ပြုလုပ်ပေးခဲ့ကာ ခွဲစိတ်ရန်လိုအပ်သော လူနာများကို မတ် ၁၇ ရက်နှင့် ၁၈ ရက်တွင် မျက်စိအထူးကု ဆရာဝန်ကြီးများက ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

**ငပုတော မတ် ၁၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်းများကို မတ် ၁၇ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

သင်တန်းများဖွင့်လှစ်ရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်က မတ် ၁၇ ရက်တွင် သီရိရော မိုးလုံလေလုံအားကစားခန်းမသို့ လာရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံဒေါ်ခင်သန္တာစိုး(နည်းပြ၊နည်းစနစ်မှူး)က သင်တန်းအတွက် ကြိုတင် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ညနေပိုင်းတွင် သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးပိုင်က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက အားကစားဝတ်စုံများနှင့် အားကစားအထောက်အကူပြု ပစ္စည်းများကို အားကစားနည်းပြများနှင့် သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ကြက်တောင်၊ အေရိုးဗစ် စသည်ဖြင့် အားကစားနည်း ခုနစ်မျိုးကို သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၁၅၀ နှင့် သင်တန်းသူ ၇၀ စုစုပေါင်း ၂၂၀ တက်ရောက်ကာ သင်တန်းများကို ဧပြီ ၅ ရက်အထိ ရက် ၂၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တံတားချဉ်းကပ်လမ်းအတွက် မြေနှင့် ငွေအလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်

**တောင်တွင်းကြီး မတ် ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အောင်းစုကျေးရွာအုပ်စု ရွာသာကျေးရွာ၌ တည်ဆောက်မည့် မိမိပုံ-ငမင်ချောင်းကူးတံတား(ရွာသာရွာ)အတွက် တံတားချဉ်းကပ်လမ်း ဖောက်လုပ်ရန် မြေနှင့် အလှူငွေများ လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

အရှည် ပေ ၂၀၀၀ ခန့်ရှိမည့် အဆိုပါ တံတားချဉ်းကပ်လမ်းကို မြေနီကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ရန် ငွေကျပ်သိန်း ၁၄၀ ခန့် ကုန်ကျမည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် ရွာသာကျေးရွာမှ ပြည်သူများနှင့် အမှတ်(၇) စစ်အခြေခံလေ့ကျင့်ရေးတပ်တို့က ငွေကျပ် ၂၂ သိန်းကို ထည့်ဝင်လှူဒါန်းထားပြီး တောင်သူ ၁၇ ဦးက လမ်းအတွက် မြေနေရာလှူဒါန်းထားရာ အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းဖြစ်သည်။



အဆိုပါလမ်းကို ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ မတ် ၁၀ ရက်က စတင်ဖောက်လုပ်နေပြီး တပ်မတော်သားများကလည်း လုပ်အားဒါန ပါဝင်ကြရာ မတ် ၁၇ ရက်တွင် တပ်မတော်သားများက ဒုတိယအကြိမ် လုပ်အားဒါန ပါဝင်ဆောင်ရွက်ခဲ့ကြောင်း တံတားဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ “တပ်မတော်က လုပ်အားပေးတဲ့အတွက် ဒေသခံပြည်သူတွေထက် လုပ်အားနှစ်ဆလောက် ပိုလုပ်နိုင်ခဲ့ပါတယ်၊ လုပ်ငန်းရဲ့ အချိန်ကာလလည်း တိုတောင်းမြန်ဆန်သွားပါတယ်၊ ဒါကြောင့် တပ်မတော်ကို ကျေးဇူးအများကြီး တင်ပါတယ်”ဟု လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မြင့်က ပြောသည်။

လမ်းဖောက်လုပ်ရာတွင် အောင်းစုကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာ ကိုးရွာမှ ပြည်သူများ ပူးပေါင်း၍ မြေညှိလယ်ထွန်စက် နှစ်စီးဖြင့် မြေသားလမ်း ဖောက်လုပ်လျက်ရှိကာ နယ်မြေခံတပ်မှ တပ်မှူးဗိုလ်မှူးကြီး စောထွန်းအောင်၏ ဦးဆောင်ညွှန်ကြားမှုဖြင့် တပ်မတော်သားများကလည်း လုပ်အားဒါန ပါဝင်နေခြင်းဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလတွင် ပဲခူးရိုးမမှ စီးဆင်းလာသော တောင်ကျချောင်းရေနှင့် ငမင်ဆည်မှ ရေပြည့်လျှင် လွှတ်လိုက်သော ဆည်ရေများကြောင့် ချောင်းရေကြီးခြင်းကို ဒေသခံပြည်သူများ နှစ်စဉ်ကြုံတွေ့နေရပြီး သွားလာရေးခက်ခဲနေသဖြင့် ဂျပန်သံရုံး အသေးစားစီမံကိန်းဌာန၏ အကူအညီဖြင့် အရှည် ပေ ၁၂၀၊ အကျယ် ၁၆ ပေရှိ တံတားသစ်တစ်စင်းကို သက်ဆိုင်ရာဌာနက တည်ဆောက်ပေးမည်ဖြစ်၍ တံတားချဉ်းကပ်လမ်းကိုမူ ကျေးရွာနေပြည်သူများက အလှူငွေနှင့် လုပ်အားများ လှူဒါန်းကာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်နေကြခြင်းဖြစ်ကြောင်း ရွာသာကျေးရွာ ရွာခွဲအုပ်ချုပ်ရေးမှူးက ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပဲဈေးကွက်အခြေအနေနှင့် ပဲစိုက်သူများ ဆောင်ရွက်သင့်သည့် အချက်များ အသိပညာပေး

**သုံးခွ မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းမှ ပဲစိုက်တောင်သူများအား ပဲဈေးကွက်အခြေအနေများ ရှင်းလင်းဆွေးနွေးခြင်းနှင့် ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ညောင်နီကျေးရွာရှိ ကံဦးဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ညောင်နီကျေးရွာအုပ်စုနှင့် ရွာသစ်ကျေးရွာအုပ်စုတို့မှ ပဲစိုက်ပျိုးသည့် တောင်သူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးရွှေဖြူက ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေး ထိန်းသိမ်းရေး၊ အရည်အသွေးထိန်းသိမ်းရန်အတွက် တစ်ဦးတစ်ယောက်တည်း ထိန်းသိမ်း၍မရသဖြင့် အစုအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်ကြရန်၊ ပဲတီစိမ်းဈေးကွက်မှာ အရည်အသွေးအဓိကကျသည့် ဈေးကွက်ဖြစ်လာသောကြောင်း အရည်အသွေးကို ထိန်းသိမ်းနိုင်မှသာ ဈေးကွက်ခိုင်မာမည်ဖြစ်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့သည်။

အောက်မြန်မာပြည် တောင်သူလယ်သမားကိုယ်စားလှယ် ဦးရဲမြင့်နှင့် ဦးသိန်းကျော်တို့ကလည်း မြန်မာနိုင်ငံ ပဲဈေးကွက်အခြေအနေနှင့် ပဲစိုက်တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့် ပဲတီစိမ်းမျိုးကို ရွေးချယ်စိုက်ပျိုးထုတ်လုပ်ရန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပဲစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

## ဖာပွန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီး ကွင်းဆင်းစစ်ဆေး

**ဖာပွန် မတ် ၁၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက မတ် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့က ဖာပွန်မြို့နယ် ဝေ့ဆန်ကျေးရွာအုပ်စု ငါးအိမ်စုကျေးရွာတွင် ရေနုတ်မြောင်းဆောင်ရွက်မည့် နေရာကိုလည်းကောင်း၊ တံခွန်တိုင်ကျေးရွာအုပ်စု ဝေ့မှုန်ကျေးရွာတွင် ရေနုတ်မြောင်းဆောင်ရွက်မည့် နေရာနှင့် မွေးဘက်စနစ်ဖြင့် ဖြန့်ဖြူးထားသော မျိုးကောင်းနွား အကောင် ၄၀ မွေးမြူထားရှိမှု အခြေအနေကိုလည်းကောင်း၊ မဲသလွတ်ကျေးရွာအုပ်စု လေယာဉ်ကွင်းအနီးရှိ ဌာနဆိုင်ရာရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာကိုလည်းကောင်း၊ အမှတ်(၂)ရပ်ကွက်ရှိ ဈေးကြီးဆောက်လုပ်ရန် မြေနေရာနှင့် ပုံကျဈေးဆောက်လုပ်ရန် မြေနေရာကိုလည်းကောင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဂဟေဆော်သင်တန်းကိုလည်းကောင်း၊ အနောက်ဘက်ကမ်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အရ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဖာပွန်မြို့နယ် ဖွံ့ဖြိုးရေးအတွက် လက်တွေ့အကောင်ထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများက ခရိုင်ပြည်သူ့ဆေးရုံ ရေရရှိရေးနှင့် အခြားလိုအပ်ချက်များကို တင်ပြခဲ့သည်။

**အောင်မျိုးလွင်(ဖာပွန်)**

## ရောဝတီမြစ်ရေ မြင့်တက်လာ၍ ရေယာဉ်များသွားလာမှုအဆင်ပြေ

**ဗန်းမော် မတ် ၁၉**

ယခု မတ်လလယ်ခန့်မှစ၍ ရောဝတီမြစ်ရေ မြင့်တက်လာသဖြင့် ဗန်းမော်-ကသာ ခရီးသည်တင်ရေယာဉ်လိုင်းတွင် ပြေးဆွဲလျက်ရှိသော ရုပ်ပြေးရေယာဉ်များအနေဖြင့် ခုတ်မောင်းသွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ဗန်းမော်မှ ကသာသို့ထွက်မည့် ရုပ်ပြေးရေယာဉ်ကို ဗန်းမော်ရုပ်ပြေးဆိပ်ကမ်း၌ တွေ့ရစဉ်။

ရောဝတီမြစ်ရေကျကာလဖြစ်သော ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက ဗန်းမော်မြို့ မြေနုဆိပ်ကမ်းအဝင်၌ ရေကြောင်း ကျပ်တည်းမှုရှိခဲ့၍ မြို့မရပ် ရုပ်ပြေးဆိပ်သို့ ရုပ်ပြေးရေယာဉ်များ ဝင်ထွက်သွားလာ မောင်းနှင်နိုင်ခြင်းမရှိဘဲ တပ်ကလေးဆိပ်ကမ်းတွင် ရုပ်ပြေးရေယာဉ်များ ဆိုက်ကပ်ရပ်နားခဲ့ကြရကြောင်း၊ မြို့မရပ် ရုပ်ပြေးဆိပ်ကမ်းနှင့် တပ်ကလေးဆိပ်ကမ်းကြားတွင် ခရီးသည်များသွားလာနိုင်စေရန်နှင့် ကုန်စည်များ တင်ဆောင်သယ်ယူနိုင်ရန်အတွက် ရုပ်ပြေးရေယာဉ်အသင်းက စက်လှေငယ်များ စီစဉ်ပေးခဲ့ရကြောင်းသိရသည်။

ယခုအချိန်တွင်မူ ရောဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် မြို့မရပ် ရုပ်ပြေးဆိပ်ကမ်းတွင် ရုပ်ပြေးရေယာဉ်များ ဆိုက်ကပ်ရပ်နားနိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှုအတွက်ရော၊ ရေယာဉ်စီး ခရီးသွားပြည်သူများအတွက်ပါ အဆင်ပြေလာကြောင်း ရေယာဉ်စီးခရီးသည်များ၏ ပြောကြားချက်များအရ သိရသည်။

ဗန်းမော်-ကသာ ရေကြောင်းခရီးစဉ်အတွက် ဗန်းမော်နှင့် ကသာ ဆိပ်ကမ်းတို့မှ နေ့စဉ် နံနက် ၉ နာရီတွင် ရေယာဉ်များ ထွက်ခွာပြေးဆွဲလျက်ရှိကာ ဒေသတွင်း ပို့ဆောင်ရေးအတွက် အရေးပါသော ရေယာဉ်လိုင်းဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

## မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ နည်းပညာပြန့်ပွားရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ နည်းပညာပြန့်ပွားရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနေသကဲ့သို့ သက်ရောက်လာလျက်ရှိသော ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး အရည်အသွေးကောင်းသော သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ အခြားတစ်ဖက်တွင်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုပစ္စည်းများ အရည်အသွေးမှန်ကန်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ခြင်းလုပ်ငန်းများကို ဆက်စပ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မတ် ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပဲချက်ကုန်း ကျေးရွာအုပ်စု ထန်းပင်ကောက်ကျေးရွာမှ တောင်သူ ၁၃ ဦး၏ လယ်မြေဧက ၈၀ တွင် SRI စိုက်ပျိုးနည်းစနစ်ဖြင့် နွေစပါး စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လဲဘူးကျေးရွာမှ ခပေါင်းဆည်ရေသောက် နွေစပါးစိုက်ကွင်းသို့ သွားရောက်ပြီး ဒေသနေတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်း အခြေအနေများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ရေသောက်မြောင်းများ ဖောက်လုပ်ခြင်း၊ လယ်မြေများ အဆင့်မြှင့်တင်ခြင်း စသည့် လုပ်ငန်းများသည် ဒေသခံ တောင်သူလယ်သမားများ အချင်းချင်း ညီညွတ်မှုရှိကြမှသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ အလားတူ လယ်ယာသုံးစက်ကိရိယာများကို စုပေါင်းဝယ်ယူ မျှဝေအသုံးချခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သကဲ့သို့ စိုက်ပျိုးသည့်သီးနှံအပေါ်တွင်လည်း မျိုးတူ အရည်အသွေးတူ သီးနှံမျိုးများကို တစ်အုပ်တစ်မ စိုက်ပျိုးပြီး လက်ကားဈေးကွက်သို့ တိုက်ရိုက် ချိတ်ဆက်ရောင်းချနိုင်မှသာ ဈေးကွက်အကျိုးအမြတ် ပိုမိုခံစားနိုင်ပြီး လုပ်ငန်းရှင် တောင်သူကြီးများအဖြစ် ရပ်တည်လာနိုင်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**



ထန်းပင်ကောက်ကျေးရွာ လယ်မြေဧက ၈၀ တွင် ရေတင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ကြည့်ရှုနေစဉ်။

## တမူးမြို့နယ်၌ မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**တမူး မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မီးသတ်ဦးစီးဌာန၏ ပွင့်လင်းရာသီကာလ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့်မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၇ ရက်က တမူးမြို့ရှိ နယ်စပ်ကုန်သွယ်ရေး ကားကြီးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။



မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင် ဦးဆောင်သော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမောင်မောင်သော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး၊ ဌာနဆိုင်ရာဝန်ထမ်းနှင့် ပြည်သူ ၁၅၉ ဦးက မီးသတ်ယာဉ် ခြောက်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် မီးလောင်မှုတွင် အကြီးစား မီးသတ်ရေပိုက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် ကနဦး မီးငြိမ်းသတ်ခြင်း၊ အပေါ့စား မီးသတ်စက်များ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ သွယ်တန်းထားသော ရေပိုက်များမှ မီးသတ်ရေယာဉ်သို့ ရေဖြည့်တင်းခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ဝင်ရောက်ရှာဖွေ ကယ်ဆယ်ခြင်းတို့ကို ပူးပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမျိုးသားသတင်းဆု စာမူပို့ရက် မတ် ၃၀ ရက်သို့ ပြောင်းလဲ

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးစီစဉ်သည့် ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆု ရွေးချယ်ရန် စာမူများပေးပို့ရက်ကို မူလက မတ် ၂၀ ရက်နောက်ဆုံးဟု သတ်မှတ်ခဲ့သော်လည်း စာမူများပေးပို့မှု အချိန်ပိုမိုရရှိစေရန်အတွက် မတ် ၃၀ ရက်သို့ ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းရုံး၌ မတ် ၁၇ ရက်က စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်စဉ် တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့ ဒီဆုကိုတော့ မေ ၃ ရက်မှာကျရောက်တဲ့ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ ( World Press Freedom Day)မှာ ပေးအပ်သွားမှာဖြစ်ပါတယ်၊ ပြည်သူတွေနဲ့ သတင်းသမားတွေ ပိုမိုသိရှိနိုင်ဖို့ ရက်တိုးမြှင့်သတ်မှတ်ရခြင်းဖြစ်ပါတယ်၊ ဒီနှစ်ဆိုရင် အမျိုးသားသတင်းဆုပေးတာ ခြောက်ကြိမ်ရှိသွားပြီဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ ဆုခုနစ်မျိုး ပေးအပ်သွားမှာပါ၊ တစ်ဆုကို ကျပ် ၁၀ သိန်းနှုန်း ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က ပြောသည်။

ချီးမြှင့်ပေးအပ်မည့်ဆုများမှာ သတင်းသူရဲကောင်းဆု၊ အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံးသတင်းဆောင်းပါးဆု၊ အကောင်းဆုံး အယ်ဒီတာ့အာဘော်/ဆောင်းပါးရှင် အာဘော်ဆု၊ အကောင်းဆုံးသတင်းဓာတ်ပုံဆု၊ အကောင်းဆုံး သတင်းကာတွန်းဆုနှင့် အကောင်းဆုံး ရုပ်သံသတင်းဆုတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများအတွက် သတင်းစာ၊ ဂျာနယ်နှင့် သတင်းဌာနများမှလည်းကောင်း၊ သတင်းသမားကိုယ်တိုင်ကလည်းကောင်း၊ စာဖတ်သူတစ်ဦးဦးက မိမိသဘောကျနှစ်ခြိုက်သော သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ဓာတ်ပုံများကိုလည်းကောင်း သတင်းဆုအဖြစ် ရွေးချယ်ရန် ပေးပို့နိုင်ကြောင်း၊ ပေးပို့ရက်ကို မူလက မတ် ၂၀ ရက်သတ်မှတ်ခဲ့သော်လည်း အချိန်ပိုမိုရရှိစေရန် မတ် ၃၀ ရက်သို့ တိုးမြှင့်သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်ရေးအတွက် ပေးပို့သော စာမူများသည် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ထုတ်ဝေသော ပုံနှိပ်မီဒီယာများတွင် ဖော်ပြပါရှိ ထုတ်လွှင့်ခဲ့ပြီးသော စာမူများဖြစ်ကြောင်း ပုံနှိပ်ထားရှိမှုမိတ္တူ တင်ပြရမည်ဖြစ်ကြောင်း၊ ရုပ်သံသတင်းများအတွက် မိမိသတင်းဖော်ပြသည့် အွန်လိုင်းဝက်ဘ်ဆိုက်၏ Link များကို ဖော်ပြရမည်ဖြစ်ကြောင်း သိရသည်။

ပေးပို့မည့်စာမူနှင့် စာမူရှင်များ၏ အမည်စာရင်းများကို myanmarja12@gmail.com သို့လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA) အမှတ်(၁၇၃/၁၇၅) အခန်း (၆၀၃) ပန်းဆိုးတန်းအလယ် ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၉၄၆၅၉ သို့လည်းကောင်း ပေးပို့နိုင်ကြောင်း သိရသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# မန်းချောင်းရေလှောင်တမံမှ စိုက်ပျိုးရေအပြင် ရွှေစက်တော်ဘုရားပွဲသို့ပါ ရေချပေးထား

**မင်းဘူး မတ် ၁၉**
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ မန်းချောင်းရေလှောင်တမံမှ ဒေသတွင်း စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေများ ပေးဝေနေသည့်အပြင် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ပါ မန်းချောင်းမှတစ်ဆင့် ရေချပေးထား၍ ဘုရားဖူးလာသူများအနေဖြင့် ကြည်လင်သန့်ရှင်းသော မန်းချောင်းရေတွင် ရေချိုးနိုင်ကြကြောင်း သိရသည်။

မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက "ကျွန်တော်တို့ဌာနက ထိန်းသိမ်းထားတဲ့ မန်းချောင်းရေလှောင်တမံက ရေကို ငဖဲမြို့ ပတ်ဝန်းကျင်ဒေသတွေနဲ့ အိုင်းမရေလွှဲဆည်ကတစ်ဆင့် မင်းဘူး၊ စကု၊ ပွင့်ဖြူ ဒေသများမှ ရေသောက်စနစ်များကို စိုက်ပျိုးရေ ပြည့်ဝလုံလောက်စွာ ပေးဝေနိုင်တဲ့အပြင် မန်းရွှေစက်တော်ဘုရားပွဲတော်ကိုပါ မန်းချောင်းမှတစ်ဆင့် ရေချပေးထားတာဖြစ်ပါတယ်၊ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများအနေနဲ့ မန်းရွှေစက်တော်က အထက်စက်တော်ရာနဲ့ အောက်စက်တော်ရာများကို ဖူးမြော်ကြည်ညိုပြီး ကြည်လင်အေးမြတဲ့ မန်းချောင်းရေချိုးခြင်းဖြင့် စိတ်ရွှင်လန်း ချမ်းမြေ့စေလို့ ဆည်ရေအကျိုးနဲ့ ကုသိုလ်ပါ ထပ်တိုးတာပေါ့"ဟု ပြောကြားသည်။


မန်းချောင်းရေလှောင်တမံမှ ရေပေးထားသော မန်းချောင်းနှင့် ရွှေစက်တော်ဘုရားပွဲ ကျင်းပရာနေရာ

မန်းရွှေစက်တော် ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာ နှစ်ဆန်း ၁ ရက်အထိ ပွဲတော်ကာလ ရက်ရှည်ကြာမြင့်စွာ ကျင်းပရာ ပွဲတော်စည်ကားသိုက်မြိုက်ရေးအတွက် မန်းချောင်းရေလှောင်တမံမှ ရေကို လွှတ်ပေးရပြီး ဒေသ၏ စိုက်ပျိုးရေအတွက်သာမက ဘုရားပွဲတော်အတွက်လည်း မရှိမဖြစ် ရေလှောင်တမံဖြစ်ကြောင်းနှင့် ဒေသနှင့် ပတ်ဝန်းကျင်ကို စိမ်းလန်းသာယာစေသော ပြည်သူ့အကျိုးပြု တမံတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံတစ်ခုဖြစ်သည့် မန်းချောင်းရေလှောင်တမံတွင် ယခုနှစ်အတွင်း ရေအပြည့် သိုလှောင်နိုင်ခဲ့သဖြင့် မန်းချောင်းရေလှောင်တမံ ရေသောက်စနစ်နှင့် အိုင်းမရေလွှဲဆည် ရေသောက်စနစ်များသို့ နွေစပါး၊ နွေနှမ်း စိုက်ပျိုးရာသီအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ရေပေးဝေလျက်ရှိကြောင်း၊ မန်းချောင်းရေလှောင်တမံမှ သိုလှောင်ရေကို အိုင်းမဆည်သို့ ရေကူးပေးပြီး နွေစပါး၊ နွေနှမ်း လျာထားဧက ၁၆၆၅ ဧကအတွက် အပြည့်အဝ ရေပေးဝေသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သန်းငွေ(မင်းဘူး)**

# ကျေးလက်နေပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

**တနင်္သာရီ မတ် ၁၉**
တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြိတ်မြို့မှ လုပ်ငန်းရှင်များနှင့်အတူ တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စု တကူတိုက်နယ်သို့ မတ် ၁၆ ရက်က သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်နယ်ဆေးရုံအတွင်း ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၄၆၀ သိန်းဖြင့် ဆောက်လုပ်လျက်ရှိသော နှစ်ထပ် သံဃာဆေးရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုပြီး လူနာများနှင့်လည်း တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တကူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသတွင်းကျေးရွာများဖြစ်သည့် တကူကျေးရွာအုပ်စု၊ သာရဘွင် ကျေးရွာအုပ်စု၊ သိန္ဓောကျေးရွာအုပ်စုနှင့် ကော့မပြင်းကျေးရွာအုပ်စုတို့မှ ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ပြည်သူများအနေဖြင့် ဒေသအတွက် အဓိကကျသည့်လိုအပ်ချက်များကို ဦးစားပေးပြီး ပွင့်ပွင့်လင်းလင်း တိုင်ပင်တောင်းဆိုရန်နှင့် တတ်နိုင်သလောက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု လေးစုမှ ပြည်သူ ၁၀ ဦးက ကျေးရွာချင်းဆက်လမ်းနှင့် တံတားလိုအပ်ချက်၊ လျှပ်စစ်မီးရရှိရေး၊ အခြေခံပညာကျောင်းများ အဆင့်မြင့်ပေးရေး၊ ဆရာ ဆရာမများ ဖြည့်စွက်ခန့်ထားပေးရေး၊ ဆက်သွယ်ရေးတာဝါတိုင် တပ်ဆင်ပေးရေးနှင့် အမှိုက်သိမ်းယာဉ်လိုအပ်ချက်များကို တင်ပြခဲ့သည်။ ထို့နောက် မြိတ်မြို့မှ လုပ်ငန်းရှင်များက တကူတိုက်နယ်-သံဃာ့ဆေးရုံအတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ အမှိုက်သိမ်းယာဉ်ဝယ်ယူရန်အတွက် တိုင်းဒေသကြီးအစိုးရနှင့် မြိတ်မြို့မှ လုပ်ငန်းရှင်များက ကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# မြို့နယ်လေးခုရှိ နွေစပါးစိုက်ဧက ကိုးသောင်းကျော်ကို ကင်းတားဆည်မှ ရေပေးဝေမည်

**မန္တလေး မတ် ၁၉**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးခုမှ နွေစပါးစိုက်ဧက ကိုးသောင်းကျော်အတွက် စိုက်ပျိုးရေများကို ကင်းတားဆည်မှ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်လေးခုဖြစ်သော မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့အတွင်းရှိ နွေစပါးစိုက်ဧက ကိုးသောင်းကျော်ကို ကင်းတားဆည်မှ ရေအားလျှပ်စစ်ထုတ်ရင်း ရေပေးသွားမည်ဖြစ်ကြောင်း၊ ဆည်အတွင်း ရေအပြည့်အဝရှိနေသဖြင့် နွေစပါးစိုက်ပျိုးရန် ရေလိုအပ်ချက်ကို အပြည့်အဝ ပေးသွားနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၏ ပြောကြားချက်အရ သိရသည်။



ကင်းတားဆည် ဦးစီးအရာရှိ ဦးထင်ကျော်လင်းကလည်း "ကင်းတားဆည်အတွင်းမှာ ရေဧကပေ ၈၇၃၀၀၀ ကျော်ရှိတယ်၊ ကင်းတားဆည်မှာ ရေသောက်စနစ်ကို ကင်းတားဆည်မြောင်းကြီးကနေ လက်ဝဲရေပေး၊ လက်ယာရေပေးနဲ့ ပန်းလောင်ရေပေးဆိုပြီး ရေသောက်စနစ် သုံးခုနဲ့ ပေးတယ်၊ မြို့နယ် လေးမြို့နယ်မှာ နွေစပါးစိုက်ဖို့ ၉၂၇၂၂ ဧကနဲ့ အခြားသီးနှံစိုက်ဖို့ ၁၃၀၀၂ ဧကကို လျာထားပြီး ကင်းတားဆည်ကနေ ရေပေးသွားမှာပါ"ဟု ပြောကြားသည်။

ကင်းတားဆည်အတွင်းရှိ ရေသောက်စနစ် သုံးခုအနက် လက်ဝဲမြောင်းမှ နွေစပါး ၄၁၀၆၁ ဧကကိုလည်းကောင်း၊ လက်ယာမြောင်းမှ နွေစပါး ၂၉၅၉၆ ဧကကိုလည်းကောင်း၊ ပန်းလောင်မြောင်းမှ နွေစပါး ၂၂၀၆၅ ဧကကိုလည်းကောင်း ရေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ထိုင်းနိုင်ငံမှ စပီဘုတ်တစ်စီးကို ပြန်လည်လွှဲပြောင်းပေးအပ်

**ကော့သောင်း မတ် ၁၉**
ထိုင်းနိုင်ငံ ရနောင်းမြို့မှ Phayam ကုမ္ပဏီပိုင် Speed Boat တစ်စီးမှာ ပင်လယ်အတွင်း မျောပါပျောက်ဆုံးခဲ့ရာ မြန်မာ့ရေပိုင်နက် အက်ဒမန်ပင်လယ်ပြင်အတွင်း၌ မြန်မာ့ တပ်မတော်(ရေ)က ပြန်လည်တွေ့ရှိသဖြင့် မူလပိုင်ရှင် ထိုင်းနိုင်ငံ တာဝန်ရှိအဖွဲ့အစည်းများထံသို့ မတ် ၁၇ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရနောင်းမြို့မှ Phayam ကုမ္ပဏီလီမိတက်ပိုင် ရေယာဉ်အမှတ်-(၄၇၅၄၀၃၈၄)၊ Mr.TRIP အမည်ရှိ Speed Boat မှာ မတ် ၁၁ ရက်က ပင်လယ်အတွင်း မျောပါပျောက်ဆုံးခဲ့ရာ ပင်လယ်ပြင်နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် မြန်မာ့ရေပိုင်နက်အတွင်းသို့ မျောပါဝင်ရောက်သွားနိုင်ကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းများက ဆက်သွယ်အကူအညီတောင်းခံထားခဲ့ကြောင်း၊ ထို့နောက် ဇာဒက်ကြီးရေတပ်စခန်းမှ စစ်ရေယာဉ်က ပင်လယ်ပြင်လုံခြုံရေး ဆောင်ရွက်နေစဉ် မတ် ၁၃ ရက် ညပိုင်းတွင် အက်ဒမန်ပင်လယ်အတွင်း သျှားကျွန်းအနီး၌ အဆိုပါ Speed Boat ကို ပြန်လည်တွေ့ရှိခဲ့၍ မတ် ၁၇ ရက် နံနက်ပိုင်းတွင် ဇာဒက်ကြီးရေတပ်အခြေစိုက်စခန်းမှ ဒုတိယဗိုလ်မှူးကြီးကျော်စိုးလွင်က ထိုင်း-မြန်မာ နယ်ခြားကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး Jirawit Chulakran နှင့် အဖွဲ့ထံသို့ ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှုကာ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတားသို့ လာရောက်၍ လက်ခံရယူခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**



# တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးကုသမှုများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁၉**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ တိုင်းရင်းဆေးပညာရှင်များသည် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာသို့ မတ် ၁၇ ရက်က ကွင်းဆင်း၍ ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အခမဲ့ ကွင်းဆင်းဆေးကုသမှုကို ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနေအောင်နှင့် ဒေါ်အေးမြသိင်္ဂီတို့ ဦးဆောင်သည့် တိုင်းရင်းဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်း ၁၃ ဦးတို့က ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။ ကွင်းဆင်းအဖွဲ့သည် ဒေသခံပြည်သူများအား လေငန်းရောဂါမဖြစ်စေရန်၊ သွေးတိုး၊ ဆီးချိုရောဂါသမားများ နေထိုင်စားသောက်မှုနှင့် ဆောင်ရန်၊ ရှောင်ရန်စသည်တို့ကို အသိပညာပေးဟောပြောပြီး မင်းကုန်းကျေးရွာ ရာအိမ်မှူး ဦးထွန်းထွန်းဦးနှင့် ရပ်မိရပ်ဖများ၏ ကူညီမှုဖြင့် ဒေသခံများတွင် ဖြစ်ပွားလျက်ရှိသော ထုံနာ၊ ကျင်နာ၊ အမူးရောဂါ၊ ခါးနာ၊ ဒူးနာ၊ အရိုးကျီးပေါင်း၊ သွေးတိုး၊ လေဖြန်း အစရှိသည့် အထွေထွေရောဂါများကို အခမဲ့ စမ်းသပ်ကုသပေးခဲ့ကာ ဆေးရုံတက်ရောက်ရမည့် လူနာများကိုလည်း ဆေးရုံသို့ ညွှန်ပို့ဆောင်ရွက်ပေးခဲ့သည်။ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟအိမ်ယာနှင့် ဗဟိုဘဏ်အနီးတွင် တည်ရှိပြီး မည်သူမဆို အခမဲ့ တက်ရောက်ကုသနိုင်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**



# မီးငြိမ်းသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်

**ရေဦး မတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုအရ ရွှေဘိုခရိုင် ရေဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မုံတိုင်ပင်စံပြကျေးရွာ နယ်မြေမီးသတ်စခန်းသို့ မီးငြိမ်းသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်နိုင်က နယ်မြေမီးသတ်စခန်း၌ မီးသတ်ယာဉ်ထားရှိရခြင်း၏ ရည်ရွယ်ချက်နှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး Toyota Fighter အမျိုးအစား မီးသတ်ယာဉ် အမှတ် (ဆ/၈၄၃၆ )နှင့် ယာဉ်နှင့်ဆက်စပ်သည့် မီးသတ်ပစ္စည်းများကို မုံတိုင်ပင်စံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်စွာထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**သန်းထိုက်(ရေဦး)**

# ကေတုမတီတောင်ငူမြို့ရှိ ရှေးဟောင်းအမွေအနှစ်ကျုံးများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ကြပါစို့

**အောင်ခန့်ဖြိုးဝေ(တောင်ငူ)**

ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံတစ်နိုင်ငံ မြို့ပြဒေသတစ်ခုအတွက် အဖိုးအနဂ္ဃထိုက်တန်သော ရတနာတစ်ပါးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ မြို့ပြဒေသတစ်ခု၏တန်ဖိုးကို ထိုနိုင်ငံ၊ ထိုဒေသ၏ ယဉ်ကျေးမှု၊ ထိုဒေသ၏ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တို့အပေါ် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုဖြင့် အကဲဖြတ်ကြသည်။ သို့ဖြစ်ရာ ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံနှင့် လူမျိုး ဒေသအတွင်းနေထိုင်သူများအတွက် ဂုဏ်ယူဖွယ်ရာ တန်ဖိုးထားအပ်သည့်အရာဖြစ်သည်။

တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်သမိုင်းစဉ်တစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်း ကိုယ့်အရှင်သခင်ဖြင့် အတူတကွ ခံ့ညားထည်ဝါစွာ စုစည်းနေထိုင်ခဲ့ကြသည်ကို မျက်မှောက်ကာလအထိ ကျန်ရှိရစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များက သက်သေပြလျက်ရှိသည်။


**ယဉ်ကျေးမှုအမွေအနှစ်များ**

အချို့ယဉ်ကျေးမှုအမွေအနှစ်များမှာ ယနေ့ထက်တိုင် မပျောက်မပျက် တည်ရှိနေသည်မှာ နိုင်ငံနှင့် လူမျိုးအတွက် လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်တည်ရှိရာ ဒေသနေလူထုအတွက်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ထိုရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်အဆက်ဆက်အစိုးရများက ထိန်းသိမ်းစောင့်ရှောက်မှု အားကောင်းခဲ့သည်များရှိသလို အားနည်းခဲ့သည်တို့ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထိုယဉ်ကျေးမှုအမွေအနှစ်များမှာ နိုင်ငံနှင့် လူမျိုး၊ မြို့နေလူထုအတွက် ဂုဏ်ဒြပ်ဖြစ်ပေရာ အစိုးရအဖွဲ့အစည်းများတွင် တာဝန်ရှိသည်သာမက ပြည်သူလူထုများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါသည်။

ကေတုမတီတောင်ငူမြို့သည် နန်းတည် (၅၀၀)ပြည့်နှစ်မှစ၍ (၅၀၇)နှစ်မြောက်အထိမ်းအမှတ်ပွဲတော်ကြီးများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ ကေတုမတီတောင်ငူခေတ်သည် သဝန်ကြီး ၆၄၁-၆၇၉ မှစ၍ မဟာသီဟသူရ(နတ်သျှင်နောင်)အထိ မင်းပေါင်း ၃၆ ဆက် စိုးစံခဲ့ကြရာ နှစ်ပေါင်း ၃၃၃ နှစ်တိုင် တည်တံ့ခဲ့သည်။

ကေတုမတီတောင်ငူမြို့၏ တည်နေရာကို ရတုဘုရင်နတ်သျှင်နောင်က "ထောင့်တိုင်းစပ်ရှည်၊ မြစ်ခပေါင်း၊ ပေါင်းလောင်း လက်ယာကွေ့၊ နန်းမြေစံတည်း၊ ပုတ်ပဲက ဝိုက်လည်၊ မြောက်ဆီကဆွာဖုံး၊ ကြက်ညွန်းနောင်ညီတို့၊ တရထည်မြရည်သို့၊ လွမ်းဖို့မဆုံး" ဟူ၍ နန်းမြို့တည်နေရာနှင့် ပတ်ဝန်းကျင်သာယာပုံကို ဖွဲ့ဆိုထားသည်။ ကောဇာသက္ကရာဇ် ၈၇၂-၁၃၇၉အထိ (ခရစ်နှစ် ၁၅၁၀-၂၀၁၇) ခုနှစ်တွင် ကေတုမတီတောင်ငူမြို့ကြီးသည် နှစ် (၅၀၇) ပြည့်ခဲ့ပြီးဖြစ်သည်။ တောင်ငူဘုရင်မင်းကြီးညိုသည် ကောဇာသက္ကရာဇ် ၈၇၂ နှစ်က ကေတုမတီ (တောင်ငူ) မြို့ကြီးနှင့် တောင်ငူရွှေနန်းတော်ကြီးကို စည်တော်၏ မျက်နှာပြင်ကဲ့သို့ ညီညာပြန့်ပြူးသော မြေပြင်ပေါ်တွင် စနစ်တကျတည်ဆောက်ခဲ့ပါသည်။

ယနေ့တိုင်အောင် ကေတုမတီတောင်ငူမြို့ မြို့ရိုးတစ်ဝက်တစ်ပျက်များ၊ လေးကျွန်းကန်တော်ကြီးနှင့် ရေကျုံးများ၊ ဘုရားပုထိုး၊



ကေတုမတီတောင်ငူမြို့ရှိ ကျုံး၏လက်ရှိအခြေအနေကို တွေ့ရစဉ် ဓာတ်ပုံ-သူရ(တောင်ငူ)

စေတီ အများအပြားကို တွေ့မြင်နိုင်ပါသေးသည်။ တောင်ငူမြို့တော်ကြီးကို အခြေခံ၍ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာ့သမိုင်းတွင် အကြီးကျယ်ဆုံး၊ အကျယ်ပြန့်ဆုံးသော ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ သမိုင်းကြောင်းအရလည်းကောင်း၊ စာပေအနုပညာအရလည်းကောင်း၊ မြန်မာ့သမိုင်းစာမျက်နှာတွင် ခံ့ထည်စွာနေရာယူခဲ့သော မြို့တော်ကြီးလည်း ဖြစ်ပါသည်။

**စိမ်းစိုသာယာ**

ကေတုမတီ(တောင်ငူ)မြို့တော်ကြီးကို ဘုရင်မင်းကြီးညိုသည် အတွင်းကျုံး၊ အပြင်ကျုံးများနှင့် အပြင်မြို့ရိုး၊ အတွင်းမြို့ရိုးများဖြင့် တည်ဆောက်ခဲ့သည်။ သမိုင်းပညာရှင်များ၏ မှတ်သားချက်အရ ကျုံးများ၏ ပတ်လည်အရှည်သည် အရှေ့အနောက်တာ ၇၀၀၊ တောင်မြောက်တာ ၅၀၀ရှိကြောင်း သိရပြီး ယခုအချိန် ပြန်လည်တိုင်းတာချက်များအရ အရှေ့ကျုံးအရှည် ၅၈၂၈ပေ၊ အနောက်ဘက် ကျုံးအရှည် ၆၉၃၉ပေ၊ တောင်ဘက်ကျုံးအရှည် ၇၃၆၅ပေ၊ မြောက်ဘက်ကျုံးအရှည် ၇၀၁၅ပေ၊ ကျုံးရေပြင်ဧရိယာအားဖြင့် ၁၂၅ဧကရှိကြောင်း သိရှိရပါသည်။

တောင်ငူမြို့သည် မြောက်လတ္တီတွဒ် ၁၈° -၅၈' နှင့် ၁၈° -၅၇' ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆° -၂၅' ကြားတွင် တည်ရှိပါသည်။ ရန်ကုန် မြို့မြောက်ဘက် ရထားလမ်းအတိုင်း ၁၆၆ မိုင်နှင့် ကားလမ်းအတိုင်း ၁၇၅ မိုင်အကွာတွင် တည်ရှိပြီး၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ ကိုးမိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေမှာ ၁၆၂ ပေဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အချက်အချာ အလယ်ဗဟို၌တည်ရှိသော ကေတုမတီ(တောင်ငူ) မြို့၏ မြောက်အရပ်၌ ဆွာချောင်းရေတသွင်သွင် စီးဆင်းနေကြရာ စိမ်းစိုသာယာဝပြောသောဌာန၌ ကေတုမတီတောင်ငူမြို့ကို တည်ထားသည်။ ကေတုမတီတောင်ငူမြို့တွင် ရွှေဆံတော်စေတီ၊ မြတ်စောညီနောင်စေတီ၊ ရှင်ပင်ကျောက်ဆောက်စေတီနှင့် မြတ်ထင်မြင်ပေါ်စေတီတို့ကို ဖူးတွေ့ရသည်။ စစ်တောင်းမြစ်သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပြီး မြစ်အတွင်းသို့ အရှေ့ဘက်မှ သောက်ရေခပ်ချောင်း၊ ကရင်ချောင်း၊ ကမ်းနီချောင်း၊ ပသိချောင်းတို့ အသီးသီးစီးဝင်ကြပြီး အနောက်ဘက်မှ ချောင်းဖြူချောင်း၊ ခပေါင်းချောင်း၊ ချောင်းမငယ်ချောင်းတို့ စီးဝင်ကြသည်။ စစ်တောင်းမြစ်၏ စိုးရိမ်ရေမှတ်မှာ ၆၀၀ စင်တီမီတာဖြစ်သည်။ မိုးရာသီ၌ မြစ်ရေကြီးခြင်း ကြုံရပါသည်။

တောင်ငူမြို့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရင့်နောင်၊ မင်းကြီးညို အစရှိသော ရှေးဘုရင်များ နန်းတည်ရာမြို့၊ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး ခရိုင်အဆင့်မြို့ကြီးတစ်မြို့ဖြစ်သည်။ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးပေါ်ရှိ အချက်အချာကျသော မြို့တစ်မြို့လည်းဖြစ်သည်။ မီးရထားလမ်းဆုံရာမြို့လည်း ဖြစ်သည်။ တောင်ငူမြို့အနီးပတ်ဝန်းကျင်ရှိ မြို့များဖြစ်သော သံတောင် (ကရင်ပြည်နယ်)၊ လွိုင်ကော်မြို့ (ကယားပြည်နယ်)နှင့် ကျောက်ကြီး၊ အုတ်တွင်း၊ ထန်းတပင်၊ ရေတာရှည်မြို့နယ်တို့ တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး၏ အဓိကအခြေစိုက် ကူးသန်းရောင်းဝယ်သည့်မြို့လည်း ဖြစ်သည်။

**ပျက်စီးတိမ်ကော**

ကေတုမတီ (တောင်ငူ)မြို့ ကျုံးများမှာ နှစ်ပေါင်း ၅၀၇နှစ် ကျော်လာပြီဖြစ်၍ ယိုယွင်းပျက်စီးတိမ်ကောလျက် ရှိသည်။ နှစ်ပေါင်းများစွာ ကြာမြင့်လာပြီဖြစ်၍ ကျုံးများအတွင်း သဲ၊ နုန်းများ ပို့ချလာမှုကြောင့် ယင်းတို့အား ဖယ်ရှားရှင်းလင်းမှု မပြုနိုင်ဘဲဖြစ်နေရာ သိုလှောင်ထားသည့် ရေ အနက်ပေအတိုင်းအတာမှာ တိမ်ကောလာပြီး ကျုံးရေပြင်၏ ရေပြင်ဧရိယာ လျော့နည်းလာပါသည်။ အချို့သောကျုံးများမှာ ကိုင်းပင်၊ မြက်ပင်များနှင့် ဗေဒါဒိုက်များ ထူထပ်စွာပေါက်လျက်ရှိနေပါသည်။ လက်ရှိပကတိ ဖြစ်ပေါ်နေသော ကျုံးများ၏ အခြေအနေပေါ်မူတည်၍ ကျုံးများကို ရှေးဟောင်းအမွေအနှစ်ကို မထိခိုက်စေဘဲ ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်လာပါသည်။

တောင်ငူမြို့ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ကျုံးများကို ရေရှည်စဉ်ဆက်မပြတ် တည်တံ့စေရေးအတွက် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်အလိုက်ဘတ်ဂျက်ရေးဆွဲရာတွင် ကျုံးများပြုပြင်မွမ်းမံတည်ဆောက်ရေးစီမံကိန်းအား ဒေသန္တရစီမံကိန်းအဖြစ် ထည့်သွင်းရေးဆွဲနိုင်ရန်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ရေးကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းညွှန်မှုပြုထားကြောင်း ကြားသိရ၍ စာရေးသူနှင့် တောင်ငူမြို့သူ မြို့သား (တောင်ငူဒေသနေ ပြည်သူလူထုအပါအဝင်) များက ဝမ်းမြောက်စွာ ကြိုဆိုမိပါသည်။

**အကောင်အထည်ဖော်**
**ဆောင်ရွက်သွားရန် လိုအပ်**

တောင်ငူမြို့ ကျုံးများအတွင်းရှိ သဲများ၊ နုန်းများ ပို့နေသော မြေကြီးများကို ခေတ်မီစက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်ပေးခြင်း၊ ကျုံးများ၏ ရေပြင်ဧရိယာအတွင်း ပေါက်လျက်ရှိသော ကိုင်းပင်၊ မြက်ပင်၊ ဗေဒါဒိုက်များ ရှင်းလင်းခြင်း၊ ပြိုကျပျက်စီးနေသော ကျုံးနံရံများကို မြေပြန်လည်ဖို့၍ ကျောက်စီမြေကာနံရံများ ပြုလုပ်ပေးခြင်း၊ ကျုံးပေါင်တွင် ကျန်းမာရေးအတွက် လမ်းလျှောက်အားကစားပြုလုပ်နိုင်ရေး၊ ပလက်ဖောင်းလျှောက်လမ်းများ၊ စတီးလက်ရန်းတန်းများ တည်ဆောက်ပေးခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်နိုင်မည့် အစီအမံများ၊ Recreation Centre၊ Fitness Centre များ ထားရှိပေးခြင်း၊ ပြည်သူလူထုအပန်းဖြေနိုင်ရန် ပန်းခြံငယ်များ တည်ဆောက်ပေးခြင်း၊ မြေယာရှုခင်းအလှကွက်များ ဖော်ဆောင်ပေးခြင်း၊ ကျုံးဘေး ပတ်လည်တစ်လျှောက် လုံခြုံရေးအတွက် လမ်းမီး (လျှပ်စစ်မီးများ) သွယ်တန်းထွန်းညှိ အလှဆင်ပေးခြင်း၊ အလှမီးဆိုင်းများ တပ်ဆင်ခြင်း၊ ကျုံးမြေဧရိယာအတွင်း ကျူးကျော်နေထိုင်မှုမရှိစေရေးအတွက် ကျုံးပတ်လမ်းများ ဖော်ထုတ်ပေးခြင်း၊ ကျုံးသာယာလှပရေး၊ ကျုံးများရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ကျုံးများပြုပြင်တည်ဆောက်ရေးစီမံကိန်းအား ဒေသန္တရစီမံကိန်းအဖြစ် ဆောင်ရွက်ကြရာတွင် "ကျုံးများပြုပြင်မွမ်းမံတည်ဆောက် ထိန်းသိမ်းရေးကော်မတီ"ကို ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ပါဝင်သင့်ပါဝင်ထိုက်သော ဌာနအဖွဲ့အစည်းများက ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ရပါမည်။ စည်ပင်သာယာဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲ၍ စည်ပင်သာယာကော်မတီနှင့် ဌာနတစ်ခုတည်းက အကောင်အထည်ဖော်ရုံမျှဖြင့် လုံလောက်မည်မဟုတ်ပါ။

အားလုံးဝိုင်းဝန်း ပူးပေါင်းအကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။ ကျုံးများ ပြန်လည်ပြုပြင်ရာတွင် ရှေးဟောင်းအမွေအနှစ်များကို မထိခိုက်စေဘဲ ပြောင်းလဲလာသော ကာလနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

**ကမ္ဘာလှည့်ခရီးသွားများ**

ကေတုမတီတောင်ငူမြို့ကျုံးကို ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် စောင့်ရှောက်ကြခြင်းဖြင့် ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းနိုင်သည့် နိုင်ငံ့ဂုဏ်၊ မြို့ရွာဂုဏ်ကိုဆောင်နိုင်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုပိုမိုရရှိစေပြီး မြန်မာနိုင်ငံ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည် ဖြစ်သည်။

ယနေ့တောင်ငူမြို့နှင့် နိုင်ငံအနှံ့တွင် ဒြပ်ရှိဝတ္ထုပစ္စည်းရှေးဟောင်းအမွေအနှစ်များ အထင်အရှားကျန်ရှိနေပါသည်။ နှစ်ပေါင်း ရာထောင်သက်တမ်းရှိသည့် စေတီဘုရားများ၊ သာသနိကအဆောက်အအုံများ၊ မြို့ပြနေရာနှင့် ကြွင်းကျန်ခဲ့သော ရုပ်ဝတ္ထုပစ္စည်းများမှာ မပျောက်မပျက်ကျန်ရှိနေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကေတုမတီတောင်ငူမြို့သည် သမိုင်းအစဉ်အလာကြီးမားပြီး အမျိုးဘာသာ သာသနာစောင့်ထိန်းကြီးပွားစည်ပင်ရာ မြို့ကြီးအဖြစ် နှစ်ပေါင်း ၅၀၇ နှစ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်ထိန်းသိမ်းရင်း ပိုမိုတိုးတက်ကြီးပွားစည်ပင်ဝပြောစေရန်အတွက် ကေတုမတီတောင်ငူမြို့၏ သမိုင်းအစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ရန် မိဘဘိုးဘွားတို့၏ ဂုဏ်ကျေးဇူးနှင့် အစဉ်အလာကောင်းများကို အောက်မေ့သတိရစေရန် အနာဂတ်တွင် လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ရည်ရွယ်၍ ကြိုးပမ်း ပြင်ဆင်လျက်ရှိရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို မျှော်တွေး၍ "ကေတုမတီတောင်ငူမြို့ရှိ ရှေးဟောင်းအမွေအနှစ်ကျုံးများ ပြန်လည်မွမ်းမံတည်ဆောက်ကြ" ရာတွင် ဒေသခံပြည်သူလူထုများက တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

## ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများ မျိုးစေ့ပြပွဲ လေ့လာ

**နေပြည်တော် မတ် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၈ (Seed Fair) မျိုးစေ့ပြပွဲသို့ မြန်မာ့ဆယ်မားအူလ်အွန်ဒုံစီမံကိန်း ဒက္ခိဏသီရိမြို့နယ် ရွာမအုပ်စု ရွှေပြည်ကျေးရွာနှင့် ရွှေခဲအင်းအုပ်စု ကျွဲတဲကျေးရွာတို့မှ စိုက်ပျိုးတောင်သူ ၄၀ ခန့်သည် မတ်လဒုတိယပတ်က သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာရေးလာရောက်ကြသည့် စိုက်ပျိုးတောင်သူများအား မျိုးစေ့ပြပွဲတွင် သက်ဆိုင်ရာကုမ္ပဏီများနှင့် ခင်းကျင်းပြသထားသည့် ပြခန်းတာဝန်ခံများ၊ ဝန်ထမ်းများက မျိုးစေ့နှင့်ပတ်သက်သည့် အကြောင်းအရာများကို အဆင့်ဆင့်ပြသရှင်းလင်းပြီး G.A.P စိုက်ခင်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

## ရန်ကုန်ဘူတာကြီးရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသ

**မင်္ဂလာတောင်ညွန့် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ မီးရထားရပ်ကွက် ရန်ကုန်ဘူတာကြီးရှေ့တွင် ဒေသခံများအား မှုခင်းအသိပညာတိုးပွားစေရေးအတွက် မတ်လဒုတိယပတ်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရသည်။

မှုခင်းပြခန်းယာဉ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မ ရဲစခန်းမှူး ဒုရဲမှူး ဇော်ဝင်းနိုင်နှင့်အဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၄မှ ရဲအုပ် နိုင်လင်းနှင့်အဖွဲ့တို့သည် တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးအသိပညာပေးခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဟောပြောဆောင်ရွက်ခဲ့ရာ ရပ်ကွက် နေပြည်သူ စုစုပေါင်း ၃၀၀ ကျော် လာရောက်လေ့လာကြသည်။

ထို့နောက်လေ့လာသူများက သိရှိလိုသည်များ မေးမြန်းမှုကို တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ကျောက်တန်းရေလယ်ဘုရားသို့ YangonWater Bus နှစ်ထပ်ရေယာဉ်ဖြင့် ဘုရားဖူးရောက်ရှိ

**ကျောက်တန်း မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ နိုင်ငံခြားသားများနှင့် ပြည်တွင်းဘုရားဖူးများအနေဖြင့် ရန်ကုန်-သန်လျင် ကျောက်တန်းကုန်းလမ်းခရီးဖြင့်သာ နေ့စဉ်လာရောက်ကြပြီး မတ် ၁၇ ရက်က တင့်တင့်မြန်မာခရီးသွားလုပ်ငန်းမှ ရေယာဉ်မှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်း ၂၃ ဦးတို့က Yangon Water Bus နှစ်ထပ်ရေယာဉ်ဖြင့် ဘုရားဖူးခရီးသည် ၁၄၃ ဦးတင်ဆောင်ပြီး ရေကြောင်းခရီးဖြင့် ရေလယ်ဘုရားသို့ ရောက်ရှိလာကြသည်။



နှစ်ထပ်ရေယာဉ်မှာ မြို့ဘက်ကမ်းအနီးတွင် ကျောက်ချရပ်နားလျက် ဘုရားဖူးခရီးသည်များအား ကူးတို့စက်ရေယာဉ်ကြီးများဖြင့် ဘုရားသို့ပို့ဆောင်ပေးပြီး ဘုရားမှမြို့ဘက်ကမ်းထိုမှ နှစ်ထပ်သင်္ဘောသို့ပြန်လည်ပို့ဆောင်ပေးသည်။

ဘုရားဖူးပြီး ကျောက်တန်းဘက်ကမ်းတွင် နှစ်နာရီလည်ပတ်ခွင့်ရ၍ ကမ်းနားဘုရားခေါ် ရှေးဟောင်းကျိုက်ပြာသာဒ်တနော်စေတီတော်သို့ တက်ရောက်ဖူးမြော်သူများနှင့် ဈေးတန်းမှ ဒေသထွက် ငါးပုတ်ခြောက်၊ ပုစွန်ခြောက်ဝယ်သွားကြသည်ကိုလည်းတွေ့ရသည်။

ရေလယ်ဘုရားကို သင်္ဘောပေါ်မှဖူးပြီး ကလေးများနှင့် အတူအေးချမ်းစွာစားသောက်နေကြသည့်မိသားစုများကိုတွေ့၍ လေ့လာရာ မြောက်ဥက္ကလာနေသူ ဦးဌေးညွန့် က မိသားစု ၁၆ ဦးလိုက်ပါလာကြောင်း၊ ကုန်းလမ်းမှ မကြာမကြာ ဘုရားဖူးရောက်ကြောင်း၊ ရေလမ်းခရီးဖြင့် ပထမအကြိမ်လာရောက်ရ၍ ဝမ်းသာပျော်ရွှင်ကြောင်း၊ ဗိုလ်တထောင်ဆိပ်ကမ်းမှ မြင်ကွင်းများနှင့် သီလဝါစက်မှုဇုန် မြင်ကွင်းများကို ကြည့်ရှုရကာ ပင်လယ်လေညှင်းခံရ၍ ခရီးစဉ်မှာ အဆင်ပြေကြောင်း ပြောပြသည်။

အဆိုပါ ကျောက်တန်းရေလယ်ဘုရားဖူးနှစ်ထပ်ရေယာဉ်သည် ခရီးသည်များနှင့်အတူ ညနေ ၄ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားပြီး တနင်္ဂနွေနေ့တွင်လည်း ယခုခရီးစဉ်အတိုင်း ရောက်ရှိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## ငလိုက်ချောင်းသန့်ရှင်းသာယာရေးအတွက် စုပေါင်းဆောင်ရွက်

**ပျဉ်းမနား မတ် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မျှဝေသောလက်များ(ပျဉ်းမနား) အသင်းမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက မတ် ၁၈ မှစ၍ မြို့နယ်အတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်းမှ အမှိုက်များနှင့် အညစ်အကြေးများကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရခြင်းမှာ အမှိုက်များရှိပါက ပြည်သူလူထုကျန်းမာရေး ထိခိုက်လာနိုင်ကြောင်း၊ အမှိုက်ကင်းစင်၍ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်လာစေရန်၊ သဘာဝရေမှ အမှိုက်ကြောင့် ရေဆိုးဖြစ်ခြင်းကို ပြန်လည်ကောင်းမွန်လာစေရန်နှင့် နွေရာသီတွင် ပြည်သူများချောင်းရေကို ပြန်လည်သုံးစွဲနိုင်ရန်အတွက်ရည်ရွယ်၍ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ပေါင်း ၃၄ ဖွဲ့နှင့် ပြည်သူများပူပေါင်းဆောင်ရွက်ရာတွင် ရေသန့်ဘူးများ၊ အချိုရည်များနှင့်မုန့်များကို စေတနာရှင်များက လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## အသက် ၉၀ နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့ကြေးပေးအပ်

**အင်းတော် မတ် ၁၉**

အသက် ၉၀ နှင့် အထက်အဘိုးအဘွားများအား အမျိုးသားလူမှုရေးပင်စင်ထောက်ပံ့ကြေးပေးအပ်ပူဇော်ကန်တော့ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု၌ မတ် ၁၇ က ပြုလုပ်ခဲ့သည်။

မော်လူးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာထဲမှ အသက် ၉၀ ကျော်သူများဖြစ်သည့် ဦးညိုမြ(ဟဲနု)၊ ဦးဘသွင်(ဟဲနု)၊ ဦးခင်မောင်(အုန်းဒုတ်)၊ ဒေါ်ချစ်မုန်း(မင်းသာ)၊ ဒေါ်သန်းရင်၊ ဒေါ်ခင်လေး၊ ဒေါ်လှစိန်၊ ဒေါ်ပို၊ ဒေါ်လေးညို၊ ဒေါ်လှချယ်၊ ဒေါ်အေးမယ် (မော်လူး)တို့အား ဇန်နဝါရီမှ မတ်လအထိ သုံးလစာတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီကို မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့်ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ခံများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**



## SRI စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်လျက်ရှိ

**နေပြည်တော် မတ် ၁၉**

တောင်ငူမြို့နယ် မိုးကောင်းကျေးရွာရှိ ကေတုမတီ တောင်သူအကျိုးပြု စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ စိုက်ကွင်းများအတွင်း SRI စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူနှင့် အဖွဲ့သည် မတ် ၁၅ ရက်က အဆိုပါ စိုက်ကွင်းသို့ သွားရောက်ပြီး စိုက်ကွင်းများအတွင်း SRI စိုက်ပျိုးနည်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးအောင်မြင်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစပ်လုပ်ကိုင်နေမှုများကိုလည်းကောင်း၊ အသင်းဝင်တောင်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသူများ အလွယ်တကူလေ့လာနိုင်ရန် တောင်သူအကျိုးပြုစာအုပ်စင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ကေတုမတီ တောင်သူအကျိုးပြု စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း လီမိတက်အနေဖြင့် အသင်းဝင် ၈၅၃ ဦး ရှိပြီး အသင်းပိုင်နှင့် အသင်းသားပိုင်မြေ ဧက ၅၀၀၀ ခန့်တွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ စိုက်ကွင်းတွင် ယခုနှစ်နွေစပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးထားကြောင်း၊ အသင်းသားများနှင့် ပတ်ဝန်းကျင်တောင်သူများအတွက် လိုအပ်သော မျိုးသန့်မျိုးစေ့များမျိုးပွားထုတ်လုပ်ပေးခြင်း၊ အသင်းပိုင်နှင့် အသင်းသားပိုင် လယ်ယာသုံးစက်ကိရိယာများဖြင့် ဝန်ဆောင်မှုပေးခြင်း၊ အသင်းသားများအား မြေဩဇာနှင့် သွင်းအားစုများ ထောက်ပံ့ခြင်း၊ CB ဘဏ်နှင့် ချိတ်ဆက်ပူးပေါင်း၍ အရင်းအနှီးမတည်ငွေရရှိရေးတို့ကို ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် အသင်း၏ လုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး**



## မြေပုံမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၈ ရွာအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မြေပုံ မတ် ၁၉**

မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development plan) အား ကျေးရွာလူထုကိုယ်တိုင်ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ကျေးရွာများ၏ ပကတိလိုအပ်ချက်များအား ဖော်ထုတ်ပြီး ဖွဲ့စည်းရေးအစီအစဉ်များ ရေးဆွဲနိုင်ရန် ရည်ရွယ်ပြီး မြေပုံမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၈ ရွာ တွင်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ရှိသူများက ၎င်းကျေးရွာများသို့ မတ် ၁၃ ရက်နေ့မှ စတင်ကာ လူထုများနှင့်တွေ့ဆုံ၍ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းများနှင့် ဆက်စပ်ကာလည်းကောင်း၊ ရှေ့သို့ ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းသည် လူထု၏ပူးပေါင်း ပါဝင်မှုကို တိုးတက်စေကာ ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းများကို အစီအစဉ်တကျ ဆောင်ရွက်နိုင်ခြင်း၊ ရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအား တာဝန်ယူစိတ်အပြည့်ဖြင့် ဆောင်ရွက်တတ်ခြင်း၊ လူထုအတွင်း သတင်းအချက်များ မျှဝေတတ်စေခြင်း၊ စုပေါင်း ဆုံးဖြတ်ခြင်းတို့ကို ပိုမိုတိုးတက်စေပြီး စီမံကိန်းအကောင်အထည်ဖော်မှုအား ကြီးကြပ်စစ်ဆေးစွမ်းရည်တိုးတက်စေခြင်း၊ စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

## ဗုဒ္ဓတက္ကသိုလ်၌ လူငယ်စွမ်းရည်မြှင့် သင်တန်းဖွင့်

**ကျွန်းလှ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်၌ မတ် ၁၅ ရက်က လူငယ်စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် အခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ဗုဒ္ဓဓမ္မဘာသာရပ်တို့ကို မတ် ၁၅ ရက်မှ ၃၀ ရက်အထိသင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ ထိုသင်တန်းသို့ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၇၀ ကျော် တက်ရောက်ပြီး သင်တန်းဆရာများနှင့် သင်တန်းသားသင်တန်းသူများအား စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတ ကြွရောက်ချီးမြှင့် အားပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေကြောင့်ဖြစ်သော သံယောဇဉ်

**မြင့်စိုး(နတလ)**



၂၀၁၈ ခုနှစ်ဟာ ကျွန်တော် မြင့်စိုး(နတလ)ရဲ့ ဝန်ထမ်းဘဝ နောက်ဆုံးနှစ်ဖြစ်သလို ကျွန်တော့်အတွက် ရေနှစ်လို့များ ပြောရလေမလားပဲ။ ရေနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ခွင့်ရတဲ့အပြင် ရေဖွင့်ပွဲတွေနဲ့လည်း မကြာခဏကြုံတွေ့နေရတာမို့ ဌာနအတွက်၊ တိုင်းရင်းသားသွေးချင်းတွေအတွက် အလုပ်လုပ်ကိုင်ရင်းရေအကျိုး ၁၀ ပါးကို တစ်လုံး တဝတည်း ရနေတဲ့ နှစ်လို့ပြောမယ်ဆိုရင်လည်း မမှားပေဘူးပေါ့ဗျာ။ ကိုယ့်ရဲ့ထည့်ဝင်လှူဒါန်းငွေ မပါဝင်ငြားသော်လည်း အများအကျိုးအတွက် ဆောင်ရွက်ပေးလိုတဲ့ စိတ်စေတနာကို အရင်းပြုပြီး တကယ့်ကိုသောက်သုံးရေ အခက်အခဲဖြစ်နေတဲ့ ဒေသအချို့မှာရေရရှိဖို့ ဌာနအကြီးအကဲတွေထံပြန်လည်တင်ပြဆောင်ရွက်ပေးခဲ့တာတွေအတွက် ကြည်နူးဝမ်းသာဖြစ်ခဲ့ရဖူးတာလည်း အကြိမ်ကြိမ်ပါ။ ဥပမာအားဖြင့်ပေါ့ဗျာ၊ ၂၀၁၃ခုနှစ်ဇူလိုင်လတုန်းက‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့လေးကိုသွားရောက်ပြီး သံလွင်မြစ်အရှေ့ဘက်ခြမ်းမှာ သီတင်းသုံးနေထိုင်တော်မူနေတဲ့ သံဃာတော်တွေအတွက် (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

## ရေအလွန်ရှားပါးတဲ့ဒေသ

လူကြီးရောက်မလာခင် ကြိုတင်ပြင်ဆင်မှုတွေသွားရောက်စီစဉ်ဆောင်ရွက်ရင်း အချိန်နည်း နည်းရနေတာမို့‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲက ပန်လုံမြို့လေး(ထိုစဉ်ကပန်လုံမြို့နယ်ခွဲ) ကို ရောက်အောင်သွားခဲ့ပါတယ်။ နတလဝန်ထမ်းတွေလည်း ရှိနေတဲ့အတွက်ပါ၊ ဒီလိုသွားရင်းတွေ့လိုက်ရတာက ပန်လုံမြို့ဟာ ရေအလွန်ရှားပါးတဲ့ဒေသဖြစ်နေတယ်။ ယာယီနည်းဗျူဟာမှူး ကိုယ်တိုင်ရေထွက်နေရာ၊ ရေစုကန်ကြီး တည်ဆောက်ထားတဲ့နေရာတွေကို လိုက်လံပြသပေးတဲ့အပြင် နွေရာသီရောက်ရင် ရေမလုံလောက်တာကြောင့် တန်းစီစနစ်နဲ့ ရေခွဲတမ်းချပြီး ခပ်ယူစေခဲ့တဲ့ အကြောင်း၊ ဦးရာလူယူစတမ်းမဖြစ်ရလေအောင် ရဲဘော်တွေကိုရေကန်မှာ ရေကင်းချပြီး စောင့်ကြည့်ထိန်းသိမ်းပေးရတဲ့ အကြောင်းတွေကိုပါ ပြောပြပါတယ်။

တကယ့်ရေထွက်ကောင်းတဲ့နေရာက သုံးမိုင်အကွာအဝေးမှာ ရှိနေပါတယ်၊ နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေခွင့်ပြုပေးရင် ရေသွယ်ယူပြီးပန်လုံမြို့လေးရဲ့ ရေရှားပါးမှုကြောင့် တောက်လောင်နေတဲ့ သောကမီးတွေ ငြိမ်းသွားစေနိုင်ပါတယ်တဲ့၊ ရေမရှိတဲ့အတွက် ပန်လုံမြို့ရပ်ကွက်အသီးသီးမှာတစ်နှစ်ပြီး တစ်နှစ်လူတွေ လျော့နည်းလာပြီလို့လည်း ပြောပါတယ်။ ဒီလောက်ပြောနေမှတော့ သဒ္ဓါပေါက်ပြီး လုပ်ပေးကိုင်ပေးချင်စိတ်တွေ ပေါ်လာတာဘာဆန်းလဲဗျာ။ ကိုယ်တိုင်လည်း မြင်ခဲ့ရတာကိုး၊ ဒါ့ကြောင့်ခရီးစဉ်ကအပြန်မှာ ထိုစဉ်ကနယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးကို တင်ပြပြီး စိမ့်စမ်းရေသွယ်ယူခြင်း သုံးမိုင် ဆောင်ရွက်ပေးခွင့်ရခဲ့ပါတယ်။ တစ်စတစ်စလူနေကျဲပါးလာတဲ့ ပန်လုံမြို့လေး ရေလုံလုံလောက်လောက်ရသွားပြီလို့ သတင်းကြားရတဲ့အခါ အလိုလေးဗျာ မပျော်ခံနိုင်ရိုးလား၊ ပျော်တာပေါ့ဗျာ၊ ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ မိန့်ကြားတော်မူခဲ့တဲ့ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊ စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်း ခြွေရံကာ၊ ရေမငတ်ငြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုးသာ ဆိုတာလိုရေအကျိုး ၁၀ ပါးကိုလည်း မတောင့်မတရခဲ့တယ်။

## အကောင်အထည်ဖော်ဆောင်ရွက်

ဒါကတော့ လွန်ခဲတဲ့နှစ်အနည်းငယ်က စိတ်ကြည်နူးဝမ်းသာဖြစ်ရတာတစ်ခု၊ သည့်နောက်ပိုင်း ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တဲ့ကန် ၁၀၀၊ တွင်း ၁၀၀ စီမံကိန်းမှာလည်း ပါဝင်ကူညီဆောင်ရွက်ခွင့်တွေရခဲ့တဲ့အပြင် ရုပ်မြင်သံကြားအစီအစဉ်လေးတစ်ခုတောင် လုပ်ဖြစ်လိုက်သေး၊ ဆိုတော့ကာရေအကျိုး ၁၀ ပါးကတော့ ရပြီးရင်း ရနေတော့တာပေါ့၊ ဟော- မနေ့တစ်နေ့လို့ပဲ ပြောကြပါစို့ရဲ့၊ ပြည်ထောင် စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်ရဲ့ပအိုဝ်းနဲ့ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွေကို ကွင်းဆင်းဆောင်ရွက်တဲ့ ခရီးစဉ်မှာ ပင်းတယမြို့တောင်ဘက် သုံးမိုင်လောက်ပဲဝေးတဲ့ သရက်ကုန်း ရွာလေးကိုဝင်ပြီး ရေသွယ်ယူပေးထားတဲ့ အခြေအနေတွေကို ကြည့်ရှုခဲ့ကြတယ်၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကလည်း မိုးမခေါင်ပေမယ့် ရေရှားတဲ့ အထဲမှာပါနေတယ်၊ ရွာတော်တော်များများက မိုးရေကိုအားပြုရတယ်၊ အဝီစိတွင်းတူးဖို့ရာလည်း အဆင်မပြေတာများတယ်၊ ကုန်ကုန်ပြောရရင် သည်ဒေသမှာ အဝီစိတွင်းတူးလုပ်ငန်းတွေ ခွင့်ပြုပေးမယ်ဆိုရင်တောင် ရေထွက်မယ်မထွက်ဘူးဆိုတာမသေချာတဲ့အတွက် တင်ဒါဝင်ပြိုင်မယ့် ကုမ္ပဏီအလွန်ရှားပါးတယ်။ ဒါကတော့ အလွန်သေချာတယ်။ သည့်အတွက်ကြောင့်မို့ အိမ်ခြေ ၃၀၀ နီးပါးရှိတဲ့ သရက်ကုန်း(တောင်) ရွာလေးရေရဖို့ အတွက် ၁၁ မိုင်လောက်ဝေးတဲ့ ပန်းစစ်ရေထွက်ကနေ သွယ်ယူပေးခဲ့ရတယ်၊ အခုဆိုရင် ရွာထဲမှာရေစုကန်က ယူနိုင်သလို ရေငုတ် ၂၄ တိုင်ကို လည်း ဖြန့်ခွဲပြုလုပ်ပေးထားတာမို့ ကိုယ့်အိမ်ရှေ့အထိ ရေရောက်လာသလိုပါပဲ၊ နွေအခါမှာ ရေထော်လာဂျီတစ်စီး တိုက်ကိုငွေကျပ် ၁၅၀၀၀ ပေးပြီး ပင်းတယမြို့ပေါ်အထိ သွားဝယ်သုံးစရာမလိုတော့ပါဘူး။ ဒါကလည်း နေပြည်တော်ကို ခနုတိုင်းရင်းသားတိုင်းရင်းသူ လေ့လာရေးအဖွဲ့တွေလာကြတယ်၊ ကျွန်တော်ကလည်း ပင်းတယရောက်တော့သူတို့ရွာတွေအထိ သွားခဲ့တယ်၊ ရေရှားတာကိုတွေ့ခဲ့ မြင်ခဲ့ပြီးလူကြီးတွေကို တင်ပြတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာခွင့်ပြုပေးလို့ သွယ်ခွင့်ရခဲ့တဲ့အတွက် တစ်ရွာလုံးပျော်နေကြပြီလေ။ ဝန်ကြီးနဲ့သွားကြည့်ပြီး ယာဉ်တန်းပြန်အထွက်မှာ ရွာသူရွာသားတွေ ကျွန်တော့်ကို လှမ်းအော်ပြောတာကြားလိုက်ရတယ်။ ကျေးဇူးအများကြီးတင်တယ် ဘကြီးရေ----တဲ့၊ သူတို့ ရွာလေးကို သွားတိုင်း ကျွန်တော့်ကို ဘကြီးလို့ ခေါ်နေကျလေ။

## ရေဖွင့်ပွဲ

သရက်ကုန်း (တောင်) ရွာလေးကိုမရောက်ခင်မှာပြီးခဲ့တဲ့ မတ်လသုံးရက်နေ့တုန်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့မှာတစ်ဖက်ပိတ်ဆည်ကနေ ဖြန့်ဝေပေးတဲ့ ရေဖွင့်ပွဲတစ်ခုပြုလုပ်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြတဲ့ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီးဦးစိုးအောင်၊ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ TPA အဖွဲ့နဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း၊ မြို့ပေါ်ရပ်ကွက်ခြောက်ခု၊ ပတ်ဝန်းကျင်ကျေးရွာ လေးရွာကို သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးနိုင်မှာ ဖြစ်သလို စိုက်ဧက ၃၉၀ကိုလည်း စိုက်ပျိုးရေပေးနိုင်ခဲ့ကြောင်း ကျွန်တော့်ရဲ့ဆောင်ပါးတစ်ပုဒ်မှာ ရေးသားတင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဟော- မကြာခင်ရက်ပိုင်းမှာပဲ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ထဲက ပန်ပက်ကျေးရွာ အုပ်စုအတွင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့တဲ့ ရေသွယ်ယူခြင်းလုပ်ငန်းတစ်ခုဖွင့်လှစ်ပါတော့မယ်။ ဒီဒေသအတွင်းက ကျေးရွာတွေအနေနဲ့လည်း ရေဟာရွှေထက်ရှားပါးပြီး ရေဒုက္ခအကြီးအကျယ်ရောက်နေကြတာကြာခဲ့ပါပြီ။ အဝီစိတွင်းတူးရင်လည်း ပေ ၈၀၀ ကျော်အထိ တူးခဲ့တာတောင် ရေမတွေ့ရတဲ့ အရပ်ဒေသများ ဖြစ်နေပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူရဲ့၂၀၁၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ ကယားပြည်နယ်ခရီးစဉ်လမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ဒေသခံတိုင်းရင်းသားများရဲ့ ပူးပေါင်းကူညီရှာဖွေမှုဖြင့် လွိုကထိရွာအနီး ပေ ၁၀၀ ခန့်အနက်မှာမြေအောက်ဂူ ရေထွက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒီ ရေအရင်းအမြစ်ကနေပင်မရေစုကန်သို့ရေစုပ်ပန့်ဖြင့် စုပ်တင်ခြင်း၊ ထိုမှတစ်ဆင့် အမြင့်ပိုင်းရေစုကန်များသို့ ရေတင်ပန့်များဖြင့် အဆင့်ဆင့်တွန်းတင်ပြီး ကျေးရွာများသို့ အရောက်ဖြန့်ဝေပေးပို့ခြင်းစနစ်နဲ့ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပေးမှုကြောင့် လွိုကထိ ရေထွက်ကနေ ၁၁/၀ မိုင်ခန့်ကွာဝေးတဲ့ ရှမ်း/ကယားနယ်စပ်ရှိ ကသန်းကူကျေးရွာအပါအဝင် လွိုကထိကျေးရွာ၊ ချယ်ရီကုန်း ကျေးရွာ၊ ချယ်ရီကုန်းတောင်ထိပ်၊ လိုင်ဆောင်ဒေးကျေးရွာ၊ ပရက်ကူကျေးရွာ၊ ပေါ်ကူကျေးရွာ၊ ရွှန်းကူတောင်ထိပ်၊ ရွှန်းကူကျေးရွာ၊ ရွှန်းကူအောက်ကျေးရွာ၊ ဒေါ်ကီးကျေးရွာ၊ ချောဒေးကျေးရွာ၊ တိုင်းရင်းသားကုန်း၊ ပန်ပက်လမ်းဆုံ၊ ဆောင်လူကနားရွာသစ်၊ ဆောင်လူကနား ရွာဟောင်း၊ ပင်မဆောင်ကျေးရွာအစရှိတဲ့ ကျေးရွာပေါင်း ၁၇ ရွာမှ ဒေသခံတိုင်းရင်းသားများဟာ သန့်ရှင်းသောသောက်သုံးရေကို စိတ်ချမ်းမြေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ မိုးရေခံလူထုလှုပ်ရှားမှု ရေ့ပြေးစီမံကိန်းများအပါအဝင်ရေနဲ့ ဆက်နွှယ်နေတဲ့ အခြေခံအဆောက်အအုံများ ဆောင်ရွက်ပေးခဲ့ရာမှာ ရေကန် ၁၄၂ ကန်၊ ရေစုကန် ၃၄၃ ကန်၊ ရေတွင်း ၂၉ တွင်း၊ လက်ရိုက်အဝီစိတွင်း ၃၅ တွင်း၊ စက်တူးတွင်း ၅၉ တွင်း၊ မြစ်ရေတင် လုပ်ငန်းနှစ်ခု၊ စိမ့်စမ်းရေးသွယ်ယူခြင်းလုပ်ငန်း ၄၁၄ ခုတို့ကို ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။

အခုလို ရေအလွန်ရှားပါးတဲ့အရပ်ဒေသက တိုင်းရင်းသားသွေးချင်းတွေအတွက် ရေဟာရွှေထက်တန်ဖိုးကြီးမားနေမှာဖြစ်ပါတယ်။ ရွှေကိုမလိုရေကိုသာလိုချင်ကြမှာဖြစ်ပါတယ်။ သူတို့က ရွှေထက်တန်ဖိုးကြီးမားတဲ့ အရာကို ရခဲ့ကြပြီ။ နိုင်ငံတော်ဘက်ကရော ဘာတွေပြန်ပြီးရလိုက်ပါသလဲ၊ ဒီလိုမေတ္တာရေတွေပက်ဖျန်းပေးနိုင်ခဲ့တဲ့အတွက် သူတို့ရဲ့နှလုံးသားထဲကနေ ပွင့်လန်းလာတဲ့ ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့တွေပါပဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာန(နတလ)ကို ကျေးဇူးတင်တာထက် နိုင်ငံတော်ရဲ့ ကျေးဇူးတရားတွေကိုအမြဲတမ်းသတိတရရှိနေကြမှာပါ။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးအတွက် များစွာ အထောက်အကူပြုနေမှာ ဖြစ်ပါတယ်။ ။

> **“ရေအလွန်ရှားပါးတဲ့အရပ်ဒေသက တိုင်းရင်းသားသွေးချင်းတွေအတွက် ရေဟာရွှေထက်တန်ဖိုးကြီးမားနေမှာ ဖြစ်ပါတယ်၊ ရွှေကိုမလိုရေကိုသာ လိုချင်ကြမှာဖြစ်ပါတယ်၊ သူတို့က ရွှေထက်တန်ဖိုးကြီးမားတဲ့အရာကို ရခဲ့ကြပြီ၊ နိုင်ငံတော်ဘက်ကရော ဘာတွေပြန်ပြီး ရလိုက်ပါသလဲ၊ ဒီလိုမေတ္တာရေတွေ ပက်ဖျန်းပေးနိုင်ခဲ့တဲ့အတွက် သူတို့ရဲ့နှလုံးသားထဲကနေ ပွင့်လန်းလာတဲ့ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့တွေပါပဲ”**

## ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

**လွိုင်ကော် မတ် ၁၉**

ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုများမပျောက်ပျက်၊မတိမ်ကောစေရန်နှင့် ဗုဒ္ဓဘာသာအဓွန့်ရှည်တည်တံ့စေရန်ရည်ရွယ်၍ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မတ် ၁၆ ရက်ကလွိုင်ကော်မြို့နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ထောက်ပံ့ငွေကျပ် ငါးသိန်းကိုပေးအပ်လှူဒါန်းခဲ့ရာ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးခွန်ဟန်ဆောင်က လက်ခံယူပြီးကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းကို လွိုင်ကော်မြို့နယ်အတွင်း ပအိုဝ်းတိုင်းရင်းသားများမှီတင်းနေထိုင်ရာကျေးရွာ ၁၃ ရွာရှိဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် သာမဏေနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၂၅၆ ဦးကို အခြေခံပအိုဝ်းစာပေနှင့် ဗုဒ္ဓဘာသာစာပေတို့အား တစ်လသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အမှိုက်သိမ်းကားများမြင့်နေသောကြောင့် အမှိုက်ပစ်သူများ အဆင်မပြေမှုများကြုံတွေ့နေရ

**မြစ်ကြီးနား မတ် ၁၉**

မြစ်ကြီးနားမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်အတွင်း အမှိုက်သိမ်းကားများဖြင့် လိုက်လံသိမ်းဆည်းပေးရာတွင် ကားများမှာမြင့်နေသောကြောင့် အမှိုက်ပစ်သူများမှာ အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း ရပ်ကွက်နေ ဒေသခံများထံမှ သိရသည်။



လက်ရှိအမှိုက်သိမ်းပေးသည့် ကားများမှာ တုန်ဖုန်းကားများဖြစ်ပြီးကိုးပေခန့်မြင့်သည့်အတွက် အသက်အရွယ်ကြီးသူ အမျိုးသမီးများ၊ ကလေးသူငယ်များမှာ အမှိုက်ပစ်ရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက် ၂၈ ရပ်ကွက်ရှိရာ ၂၅ ရပ်ကွက်မှ အမှိုက်များကို အမှိုက်သိမ်းကား ၁၁ စီးဖြင့် သိမ်းဆည်းပေးနေပြီး ကြက်ပေါင်ခြံရပ်ကွက်၊ ရွှေအိုက်ရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်စသည့် သုံးရပ်ကွက်ကို အမှိုက်သိမ်းဆည်းပေးသည့်ကား မလုံလောက်မှုကြောင့် သိမ်းဆည်းပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

“အမှိုက်သိမ်းယာဉ် အခက်အခဲရှိနေတဲ့အတွက်ကြောင့် မြို့ပေါ်ရပ်ကွက် ၂၈ ရပ်ကွက်မှာ ၂၅ ရပ်ကွက်ကိုပဲ အမှိုက်သိမ်းပေးနိုင်ပါတယ်၊ အစိုးရအဖွဲ့ကို ယာဉ်ထပ်တိုးပေးဖို့လည်း တောင်းထားပါတယ်၊ သုံးလကျော်လောက်တော့ရှိပြီ၊ သူများမြို့တွေမှာလို အခုလက်ရှိအမှိုက်သိမ်းပေးနေတဲ့ ကားထက်ပိုနိမ့်တဲ့ ကားတွေအသက် ၁၀ နှစ်သား၊ ၁၂ နှစ်သား ကလေးတွေလည်း ပစ်နိုင်တဲ့ကားအနိမ့်လေးတွေလည်း တောင်းထားပါတယ်”ဟုမြို့နယ်စည်ပင်သာယာရေးအဖွဲ့သန့်ရှင်းရေးဌာနစိတ်မှုဒုဦးစီးမှူး ဦးအောင်နေစိုးက ပြောသည်။

**မင်းမင်းဦး**



# နှမ်းစပါးစိုက်တောင်သူများ အဆင်ပြေစေရန် ရေခေါ်မြောင်းတူးဖော်

**ရေစကြို မတ် ၁၉**

ရေစကြိုမြို့နယ် ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် ယခုနှစ်နွေစပါးနှင့် အခြားနွေသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အောင်ရေရသည်အထိ ရေပေးဝေနိုင်ရန် ရေခေါ်မြောင်းတူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းသည် ချင်းတွင်းမြစ်အတွင်းမှရေကို စက်စွမ်းအားဖြင့် စုပ်ယူ၍စိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေရခြင်းဖြစ်ပြီး ယခုအခါ ချင်းတွင်းမြစ်ရေကျချိန်ဖြစ်၍ မြစ်ကြောင်းတစ်လျှောက် သဲသောင်ခုံများ အများအပြား ဖြစ်ထွန်းမှုကြောင့် ယခုနှစ်နွေစပါးနှင့်အခြား နွေသီးနှံစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေအလုံအလောက်နှင့် အောင်ရေရသည်အထိ ပေးဝေနိုင်ရန် သဲသောင်ခုံများကိုဖောက်၍ ရေခေါ်မြောင်းတူးဖော်လျက်ရှိသည်။

ထိုသို့ ရေခေါ်မြောင်းတူးဖော်ရာတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုဒီဇယ်ဆီ ၁၅၄၈ ဂါလန်ကိုအသုံးပြု၍ ပခုက္ကူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဘက်ဟိုးနှစ်စီးဖြင့် ရေခေါ်မြောင်းအရှည် ပေ ၄၀၀၀၊ အောက်ခြေရေသွယ်အကျယ် ပေ ၃၀၊ အနက် ခုနစ်ပေ တူးဖော်လျက်ရှိရာ မတ် ၁၇ ရက်အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောသည်။

ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင်ရေသောက် ဧရိယာတွင် ယမန်နှစ်က နွေစပါး ဧက ၃၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် နွေစပါး ဧက ၃၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးကျော်ဌေးထံမှ သိရသည်။

**ဖေထွက်းဇော် (ရေစကြို)**

## ရေလုပ်ငန်းလုပ်ကိုင်စားသောက်သူများ ငါးဖမ်းဆီးရရှိမှုနည်းပါးလာ

**ပခုက္ကူ မတ် ၁၉**

ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်အတွင်းရေလုပ်ငန်းလုပ်ကိုင်စားသောက်သူ မိသားစုများအနေဖြင့် ငါးသယံဇာတရှားပါးလာမှု၊ တရားမဝင်ဘက်ထရီရှော့(ခ်)တိုက်ဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းတို့ကြောင့် မိရိုးဖလာရေလုပ်ငန်း လုပ်ကိုင်စားသောက်သူများအနေဖြင့် ငါးဖမ်းဆီးရရှိမှုနည်းလာပြီး ဘဝရှင်သန်ရပ်တည်ရန်ခက်ခဲလာကြောင်း သိရသည်။ ပခုက္ကူမြို့နယ်သည် ဧရာဝတီနှင့် ချင်းတွင်းမြစ်ဆုံသည့်နေရာနှင့် ရေမိုင်အနည်းငယ်သာ ကွာဝေးပြီး မြစ်ကြီးနှစ်မြစ်ဆုံရာအနီးတွင် တည်ရှိသောကြောင့် ငါးသယံဇာတပေါများခဲ့ကြောင်း၊ ယခုအခါ မြစ်အတွင်းတွင် ဘက်ထရီရှော့(ခ်)တိုက်ငါးဖမ်းခြင်းနှင့် အဆိပ်ချငါးဖမ်းဆီးခြင်းများကြောင့် ငါးမျိုးစိတ်များ ပြုန်းတီးလာပြီး ဖမ်းယူရရှိခြင်းမှ ယခင် တစ်နေကုန်ဖမ်းပါက လေးပိဿာမှ ငါးပိဿာရရှိပြီး ယခုအခါ ငါးဆယ်ကျပ်သားမှ ကိုးဆယ်ကျပ်သားခန့်သာရရှိသည့်အတွက် ဝင်ငွေရရှိမှုနည်းပါးလာကာ မိသားစုများ ဘဝရပ်တည်ရန်ခက်ခဲလာကြောင်း ပခုက္ကူမြို့နယ် သဖန်ပင်ကျေးရွာမှ ရေလုပ်သား တစ်ဦးဖြစ်သော ဦးမြင့်နိုင်ထံမှ သိရသည်။

ဘက်ထရီရှော့(ခ်)တိုက်ဖမ်းဆီးသူများအနေဖြင့် အုပ်စုဖွဲ့၍ လျင်မြန်စွာ သွားလာနိုင်သောစက်တပ်လှေများဖြင့် ဘဝတူရေလုပ်သားများအပေါ်တွင်အနိုင်ကျင့်၍ ငါးဖမ်းဆီးမှုများ ရှိနေသည့်အတွက်လည်း သာမန်ရေလုပ်သားများ နေ့ညငါးဖမ်းဆီးရန် မလွယ်ကူသည့်အခြေအနေသို့ ရောက်နေကြောင်းကိုလည်း သိရသည်။

ပခုက္ကူမြို့နယ် ငါးသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လူမှုဘဝမြှင့်တင်ရေးစီမံချက်ကို ကျေးရွာငါးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ယူကာ ဒေသတွင်းဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုတမာ**

## ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများအား စားနပ်ရိက္ခာများထောက်ပံ့

**လားရှိုး မတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများအားစားနပ်ရိက္ခာများထောက်ပံ့ခြင်းအခမ်းအနားကို လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အမှာစကားပြောကြားပြီး နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်တို့မှ တိုက်ပွဲရှောင်စခန်း ကိုယ်စားလှယ်များထံသို့ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

နမ္မတူမြို့နယ်မှ လားရှိုးမြို့နယ် မန်ပြိန်းကျေးရွာသို့ လတ်တလောရောက်ရှိလာသော တိုက်ပွဲရှောင်အိမ်ထောင်စု ၂၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ အိမ်ထောင်စု ၂၁ စု လူဦးရေ ၉၅ ဦးအတွက် ဆန်ရိက္ခာခုနစ်ရက်စာဖိုး ငွေကျပ် ၁၉၉၅၀၀ ကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်ကလည်းကောင်း၊ နမ္မတူမြို့နယ်မှ လားရှိုးမြို့နယ် လွယ်တောက်ကျေးရွာသို့ လတ်တလောရောက်ရှိလာသော တိုက်ပွဲရှောင်အိမ်ထောင်စုငါးစုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးနှင့် အိမ်ထောင်စုငါးစု လူဦးရေ ၂၈ ဦးတို့အတွက် ဆန်ရိက္ခာခုနစ်ရက်စာဖိုး ငွေကျပ် ၅၈၈၀၀ ကို လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းကလည်းကောင်း စခန်းကိုယ်စားလှယ်များထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ တိုက်ပွဲရှောင်အိမ်ထောင်စုများနှင့် မန်ပြိန်းကျေးရွာ၊ လွယ်တောက်ကျေးရွာသို့ လတ်တလောရောက်ရှိလာသည့် အိမ်ထောင်စုများအား ထောက် ပံ့ပေးအပ်ခဲ့သော စုစုပေါင်းတန်ဖိုးမှာ ပစ္စည်းနှင့်ငွေသား ၄၁၃၄၄၈၃၈ ကျပ်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

ပီပါခွံများနှင့် IBC Tank များရောင်းရန်ရှိသည်။
ဆက်သွယ်ရန်
01.385536, 01.385550
01.246845, 01.242053
09.43064862, 09.976603632
09.424001818, 09.424001919

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ
ဒုရှုံးမှုမပျက်စေတတ်မီလုပသောနာမည်လုလုလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်း၊ တပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်နာမည်မျိုးစုံနယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၉၄)ပထပ်မန္တလေးလမ်း(လယ်)ခရမြောင်းကြီးအနီးမင်္ဂလာတောင်ညွန့်၊ရန်ကုန်
☎01-394727,01-399426,09-253997740,09-5152521

ဒေါ်မေဟန်ခင်(ခ)မအိရွှေစင်မြင့် ၁၂/ဒဂတ(နိုင်)၀၅၉၁၉၉
အမှတ်(၃၃)၊ အောင်မင်္ဂလာလမ်း၊ ၁၈/စီရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေသူအား
သတိပေးကြေညာခြင်း
ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ညိုဝင်းထွန်း ၁၂/ကတတ(နိုင်)၀၀၃၄၂၇ထံမှ (၁)မှတ်ပုံတင်မိတ္တူ၊ (၂)အမှတ်(၁၁၄)၊ ၃၈ လမ်း၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ် နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာမူရင်း၊ (၃)ကျောက်တံတားမြို့နယ်ရဲစခန်း ထောက်ခံစာမူရင်းတို့အား ဒေါ်မေဟန်ခင်မှ ကားဝယ်ယူရာတွင် အသုံးပြုလိုကြောင်း အကြောင်းပြ၍ တောင်းခံရယူထားပါသည်။ ယင်းကိစ္စပြီး၍ ကျွန်ုပ်မိတ်ဆွေမှ ပြန်လည်တောင်းသောအခါ ပေးအပ်လာခြင်းမရှိသဖြင့် အဆိုပါစာရွက်စာတမ်းများဖြင့် ကျွန်ုပ်မိတ်ဆွေသဘောတူသိရှိခြင်းမရှိဘဲ အခြားကိစ္စရပ်များတွင် သုံးစွဲထားခြင်း မပြုရန်တားမြစ်ပါသည်။ အကယ်၍ သုံးစွဲပါက ဥပဒေအရအရေးယူခြင်းခံရမည် ဖြစ်ကြောင်းကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသွယ်တင်လတ် LL.B, D.B.L,D.I.L(တရားလွှတ်တော်ရှေ့နေ၊စဉ်-၁၂၂၅၂)
အမှတ် ၆/၃၁၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်ကွက်(ကျောက်မြောင်း)၊
တာမွေမြို့နယ်၊ ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင်
အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၈၃၈၀၁၇၅၊ ၃၉၂၉၉၄

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို
မည္ဆု 01-2339310,01-2339355,01-578044

တူးမို့ တူးမို့
သင်္ကြန်သီချင်းသံကြားရင် လူတွေပျော်ကြတယ်၊ ဆန်ဝယ်ဖို့လည်း မမေ့နေဦးမယ်နော် ...
09-43334111 ☎013-682844
09-43334222 ☎013-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊ ၁၈၊၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လစျုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မြေကွက်ရောင်းမည်
ဗဟန်း၊ ဖိုးစိန်လမ်းမမှ ပေ ၂၅၀ အကွာအဝေး၊ မြေ ၃၂၀၀ စတုရန်းပေ၊ ၁ စတုရန်း(နှစ်သိန်း)၊ အကျိုးဆောင် (၂%)ပေးမည်။ **သိန်း-၆၄၀၀**
ဖုန်း-၀၉-၄၅၉၃၆၃၀၆၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၉၅/၃၀၃၉၇ Traw lergi (Lifan) F/T(4x2)L Dump Body ယာဉ်လက်ဝယ်ရှိသူ SAN CHAIN Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂ဟ/၅၇၁၅ Li Fan (LF 200 ZH) သုံးဘီးယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးသင်း MME-၆၅၄၇၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3G/1917 Honda Fit GE6 Hatch Back (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဦး ၈/ပခက(နိုင်)၁၅၀၇၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၂ယ/၈၂၃၅၇ Yamaha Fino M/C ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်အောင်မျိုးသိန်း ၉/ကပတ(နိုင်)၂၁၅၂၁၂၏ Pass Port No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၂၃၂၈၄၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၂ယ/၂၈၃၄၅ Yamaha C 90, M/C ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၂ယ/၉၀၉၃၂ Kenbo 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုကြည်မြတ် ၉/အမရ(နိုင်)၁၀၄၈၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

# ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း သတ္တမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၉ ရက်၊ ၂၅-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သတ္တမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ကန်တော့ခံဖိတ်ကြားခြင်းခံရသော ဆရာကြီး၊ ဆရာမကြီးများသည် သတ္တမအကြိမ်မြတ်ဆရာပူဇော်ပွဲသို့ ကန်တော့ခံတက်ရောက်ကြပါရန် ထပ်မံရိုသေစွာဂါရဝပြုဖိတ်ကြားအပ်ပါသည်။ နေရာဒေသမရွေးဘဲ ပင်ပန်းဆင်းရဲစွာဖြင့် လာရောက်ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများသည် ယခုအခါတွင် အသက်အရွယ်ကြီးရင့်လာခြင်းနှင့် အချို့သောဆရာကြီး၊ ဆရာမကြီးများသည် ကျန်းမာရေးချို့တဲ့လာကြပါသည်။ အချို့သောဆရာကြီး၊ ဆရာမကြီးများသည် ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။

သို့ပါ၍ တပည့်ဟောင်းများသည် မိမိတို့တတ်စွမ်းသမျှဖြင့် ဆရာကြီး၊ ဆရာမကြီးများ၏ ကျေးဇူးတရားများအား အထူးပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ကျေးဇူးတရားအား သိတတ်ခြင်း၊ ကျေးဇူးတရားများပြန်လည်ပေးဆပ်ခြင်းတို့သည် သူတော်ကောင်းတရားနှင့် သူတော်ကောင်းတို့၏ ကောင်းမွန်သောအကျင့်ဖြစ်ပါသည်။

သို့ပါ၍ မန်ကျည်းပင်ကျေးရွာ (ယခင် အမက၊ အလက၊ခွဲ-အထက)ယခုအခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ယနေ့ရောက်ရှိအသက်(၂၀)မှသည်အသက်(၇၀)အထိ (သက်ငယ်၊ သက်လတ်၊ သက်ကြီး) ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မြတ်ဆရာပူဇော်ပွဲသို့ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် တက်ရောက်နိုင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

[မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်လာကြသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇတရေ ဒေါက်တာသုဓမ္မာဦးကျော်ဝင်းနှင့် ဇနီးသီဟသုဓမ္မသီရိဂီဒေါက်တာ ဒေါ်မြင့်မြင့်သန်း (မန်းမြေရာဇာကုမ္ပဏီ)တို့မှ ဗုဒ္ဓရုပ်ပွားတော်အဆူ (၄၀၀) တို့အား ဓမ္မဒါနကုသိုလ်ပြု လှူဒါန်းမည်ဖြစ်ပါသည်။]

**မြတ်ဆရာပူဇော်ပွဲကျင်းပပြုလုပ်ရေးကော်မတီ**
**ကျောင်းသားကျောင်းသူဟောင်းများအဖွဲ့၊ အခြေခံပညာအထက်တန်းကျောင်း၊ မန်ကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်**

---

# (၄၁) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်သော ဘိုးဘိုး သီရိပျံချီ ဦးသိန်းဆွေနှင့် ချစ်သောဖွားဖွား ဒေါ်မြသိင်္ဂီ တို့၏ (၂၀.၃.၂၀၁၈)တွင် ကျရောက်သော (၄၁)နှစ်မြောက် မင်္ဂလာရတု ရက်မြတ်မင်္ဂလာ မှသည် နောင်နှစ်များစွာ၊ ရတုများစွာ အထိတိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ သက်ရှည်၊ ကျန်းမာ စိတ်ချမ်းသာစွာဖြင့် လောကီလောကုတ္တရာအကျိုးကိုဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေ။

ချစ်သော သား၊ သမီး၊ မြေးများ

သား - ကိုနောင် + စုစု
မြေးသား - ဟိန်းစစ်ညီမိး
မြေးသမီးအမွှာ - ဝင့်မြတ်သွယ်
ဝင့်မြတ်ချယ်

သမီး - မြတ်သူ၊ မီးမီး
မြေးသားများ - သီဟသန့်
ဘုန်းပြည့်ပိုင်

---

# (၃၅)နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာဆုတောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အောက်လမ်းကြီး၊ အမှတ်(၇၂၇)နေ ပါးပါး ဦးချိန်ရီ၊ မေမေ ဒေါ်အေးအေးသစ် (သီရိရတနာ-ရွှေဆိုင်)တို့၏ ၂၀-၃-၂၀၁၈ ရက်တွင် ကျရောက်သော ကျောက်စိမ်းရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံ၍ ရတုမင်္ဂလာနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**သမီးကြီး - မသီသီဖြိုး**
**သမီးလတ် - မသီတာစိုး**
**သားငယ် - မောင်ဇော်ထိုက်အောင်**
**သမီးထွေး - မဆွေဇင်မိုး**

## အမည်မှန်

ဖယ်ခုံမြို့၊ ညောင်ကုန်း (၃)ရပ်ကွက်နေ ဦးခူးယူဂျင်း-ဒေါ်ပန်းချို တို့၏သား မောင်ရှုဘတ်ဆီဇာ၏ အမည်မှန်မှာ ဟျူးဘတ်ဆီဇာ ဖြစ်ပါကြောင်း။ **ဟျူးဘတ်ဆီဇာ**

## အမည်မှန်

ဝန်းသိုမြို့နယ်၊ မြောက်လည်ရွာနေ ဦးကျော်ခင် ၅/ဝသန(နိုင်)၀၀၇၈၄၄ ၏သမီး မရွှေဇင်ကျော် ၅/ဝသန(နိုင်) ၀၅၉၈၂၉ ၏အမည်မှန်မှာ မရွှေစင်ကျော် ဖြစ်ပါကြောင်း။ **မရွှေစင်ကျော်**

## မွေးသက္ကရာဇ်အမှန်

ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းလီအထကခွဲ နဝမတန်းမှ မောင်အာရ်ဂျန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၁-၂၀၀၃ ဖြစ်ပါကြောင်း။ **မောင်အာရ်ဂျန်း**

## ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ ဂဏိန်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အဋ္ဌမတန်းကျောင်းသူ မစိုးသဇင်၏ ဖခင်အမည်မှန်မှာ ဦးသိုက်စိုး ဖြစ်ပါကြောင်း။ **ဦးသိုက်စိုး**

## အမြန်ဆက်သွယ်ပါ

အငြိမ်းစားရဲမှူးကြီး ဦးခင်မောင်ဗိုလ်နှင့် အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်သန်းသန်းနွယ် တွေ့ဆုံလိုပါသည်။
- **ဒေါ်နန်းတင်ကြည်**
- **ဒေါ်နန်းတင်ရွှေ**
- **ဒေါ်နန်းရွှေအောင်**
- **ဒေါက်တာစိုင်းမြမောင်**

**ဖုန်း-၀၉-၅၄၀၅၈၅၉၊ ၀၉-၄၃၁၆၀၄၃၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၄၃၉၂)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကေ ဒေါ်အေးနု ၉/ပမန(နိုင်)၂၂၇၄၁၂ (ဘ) ဦးကြီးလှအမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ရွှေရွှေခိုင် ၅/ဝလန(နိုင်)၀၉၅၉၁၆ (ဘ)ဦးညွန့်အေးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ် အဆက်ဆက်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၄င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)
## သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၆၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲအတွက် သက်ကြီးများစာရင်းနှင့် ၂၀၁၇ခုနှစ်တွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီး၊ ကျောင်းသူ ကျောင်းသားများစာရင်းကို အထောက်အထားမိတ္တူများဖြင့် မတ် ၂၃ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးနိုင်းနိုင်း ဖုန်း-၀၁-၂၉၁၂၁၆၊ အတွင်းရေးမှူး ဦးစံမြင့် ဖုန်း-၀၉-၇၃၁၁၂၃၇၄၊ ၀၁-၆၈၀၂၇၄ တို့ထံ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အစည်းအဝေးပွဲသို့ ကျိုက်ထိုမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မိသားစုများပါ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အသင်းဝင်များ၏ လိပ်စာအပြောင်းအရွှေ့များရှိနေပါသဖြင့် မိမိတို့နေထိုင်သည့် လိပ်စာများကို အထက်ပါအမှုဆောင်များထံ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၇-၃-၂၀၁၈ ရက် (အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - ရန်ကုန်မြို့တော်စည်ပင်ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း(တောင်ဘက်မုခ်)
**အကျွေးအမွေး** - အသင်းနာယကကြီး ဦးစိုးနိုင် (ဒေါ်ချစ်ယဉ်) မိသားစုမှ အကျွေးအမွေးဖြင့်ဧည့်ခံပါမည်။

**အမှုဆောင်အဖွဲ့၊ ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)**

# မြေကွက် ဝယ်လိုသည်

ဒဂုံဆိပ်ကမ်းနှင့် တောင်ပိုင်း

**ဖုန်း-၀၉-၇၉၆၅၅၅၉၁၁၊ ၀၉-၄၄၃၂၇၆၆၇၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ ဧရိယာ ၀ဒသမ ၀၅၅ဧကစီရှိ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေကွက်များပေါ်ရှိ
(က) မြေကွက်အမှတ်-၁၂၁၄၊ အမည်ပေါက်-ဒေါ်နှင်းအေးခိုင်
(ခ) မြေကွက်အမှတ်-၁၂၁၅၊ အမည်ပေါက်-ဒေါ်ခိုင်ခိုင်သင်း
အမှတ်(၁၂၁၄/၁၂၁၅)၊ ရတနာပုံလမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေကွက်များသည် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်နှင်းအေးခိုင် ၁၂/ဗဟန(နိုင်)၀၈၈၆၈၅ နှင့် ဒေါ်ခိုင်ခိုင်သင်း ၁၂/တမန(နိုင်) ၀၃၂၁၃၄ တို့ တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လက်ဝယ်ထားရှိ စီမံခန့်ခွဲလျက်ရှိပါသည်။ အဆိုပါမြေကွက်နှစ်ကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံခြင်း လုံးဝမရှိပါကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေများ၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ခိုးစည်းရိုးကာရံခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ စီမံခန့်ခွဲခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး**
**တရားလွှတ်တော်ရှေ့(စဉ်-၁၀၈၇၅)**

**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ပိန်းဇလုပ်ဒေသမှ (ရန်ကုန်မြို့)သို့ ရောက်ရှိကြသော မိတ်သင်္ဂဟအပေါင်းတို့ခင်ဗျာ ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်) ပဋ္ဌမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်တကွ (မပျက်မကွက်) ကြွရောက်ကြပါရန် ပိန်းဇလုပ်ဒေသသူ/သား အားလုံးတို့ကို ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်** ။ သီးခြားဖိတ်စာပေးပို့ခြင်း မပြုပါ။
**ကျင်းပမည့်ရက်** - ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီ
**ကျင်းပမည့်နေရာ** - ပိန်းဇလုပ်ကျောင်းတိုက် ခြောက်ထပ်ကြီးဘုရားနှင့် ရွှေဂုံတိုင်ဆေးရုံ SSC အနီး၊ ဗဟန်းမြို့နယ်
**မှတ်ချက်** - မိမိတို့၏ယာဉ်များကို ခြောက်ထပ်ကြီးဘုရားဝင်းအတွင်း ရပ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**ကျွေးမွေးမည့်အစီအစဉ်** - နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

**ပိန်းဇလုပ်ဒေသအသင်း**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀/ပေါင်းလောင်း-၁၊ မြေကွက်အမှတ်(၂၉၁)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးစိန်လွင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နွယ်နွယ်ဝင်း (ဘ) ဦးကျော်သန်းထွန်း ၉/ပမန(နိုင်)၁၂၅၉၄၉ မှ ပျဉ်းမနားမြို့၊ မြို့မြေတိုင်းချုပ်ရေးကော်မတီ၏ အိမ်ဝိုင်းကွက် တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ မြို့မတိုးချဲ့သီရိမင်္ဂလာလမ်း၊ အလျား(၆၀)အနံ(၄၀)အိမ်ခြံမြေပိုင်ဆိုင်သော ဒေါ်သန်းစိန် ၁၂/မဂဒ(နိုင်)၀၀၇၄၉၂ထံမှ ဦးအောင်သန်း ၁၂/မရက(နိုင်)၅၁၄၀၉၂သည် ၁၀-၂-၂၀၀၆ရက်တွင် အပြီးအပိုင် လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသဖြင့် ဂရန်စာချုပ်လျှောက်ထားမည်ဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သန်း**
**သမီး မကြည်ကြည်ဝင်း ၁၂/မရက(နိုင်)၁၂၀၁၆၂**
**ဖုန်း-၇၃၁၂၀၀၇၂**

# မြန်မာ့မီးရထားသို့ အိန္ဒိယနိုင်ငံမှ ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၈ ခေါင်း လွှဲပြောင်းပေးအပ်



နေပြည်တော် မတ် ၁၉

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသို့ အိန္ဒိယနိုင်ငံ RITES Ltd. မှ YDM –4 ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၈ ခေါင်း လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ဘူတာကြီးရှိ အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အိန္ဒိယနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Rajen Gohain၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်မျိုးနှင့် ဦးသာဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr.Vikram Misri၊ အိန္ဒိယနိုင်ငံ RITES Ltd. မှ Technical Director Mr. Mukesh Rathore၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့ လွှဲပြောင်းလက်ခံသည့် အိန္ဒိယနိုင်ငံထုတ် ရထားစက်ခေါင်း ၁၈ ခေါင်းကို အိန္ဒိယနိုင်ငံ EXIM Bank ချေးငွေဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း၊ လူစီးရထားများအတွက်သာမက ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများစွာအတွက် အဓိကအားထားသုံးစွဲသွားရန် ရည်ရွယ်ထားပါကြောင်း။

ယခုရောက်ရှိလာပြီဖြစ်သည့် အိန္ဒိယစက်ခေါင်းသစ်များကို ကြံ့ခိုင်မှုစွမ်းရည် အပြည့်အဝအသုံးချနိုင်ရေးအတွက် စာချုပ်ပါအတိုင်း RITES Ltd. ဘက်က

စာမျက်နှာ ၉ ကော်လံ ၁ ❍

# မြန်မာ့ရေထွက်ကုန်များ ဆော်ဒီအာရေဗျနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေး ဆွေးနွေးလျက်ရှိ

**နေပြည်တော် မတ် ၁၉**

မြန်မာ့ရေထွက်ကုန်များ ဆော်ဒီအာရေဗျနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးရာအကြီးအကဲဖြစ်သူနှင့် ဆွေးနွေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ကုန်တင်သွင်းခွင့်ကို ၂၀၁၈ ဧပြီ ၁ ရက်မှ စတင်ကာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က အကြောင်းကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၆ ✻

# မောင်တောဒေသ၌ ကုန်ပစ္စည်းများ ပုံမှန်ရောင်းချလျက်ရှိ

**မောင်တော မတ် ၁၉**

မောင်တောဒေသ၌ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း အသား၊ ငါး၊ ဟင်းသီးဟင်းရွက် စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ရာမှ ယခုအခါတွင် ရောင်းဝယ်ဖောက်ကားမှုများ ပုံမှန်ဖြစ်လာ၍ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ ပုံမှန်ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချလျက် ရှိကြောင်းကို မောင်တောမြို့ အသား၊ ငါးနှင့် အသီးအရွက်ဈေးမှ သိရသည်။

"အကြမ်းဖက်ဖြစ်စဉ်တွေ ဖြစ်ပွားနေတဲ့အချိန် ကုန်ပစ္စည်းတွေ ပြတ်လပ်သွားတာရယ်၊ အရောင်းအဝယ် မလုပ်တော့ဘဲ ပိတ်ထားတဲ့ဆိုင်တွေများတဲ့အတွက် ဈေးနှုန်းက အဆမတန် တက်သွားတယ်၊ လမ်းပန်းဆက်သွယ်ရေး

စာမျက်နှာ ၁၀ ကော်လံ ၁ ❖



# အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း နိုင်ပွဲဆက်



**ရန်ကုန် မတ် ၁၉**

၂၀၁၈ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ နိုင်ပွဲများ ရယူနိုင်ခဲ့သည်။

စတုတ္ထနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တပ်မတော် (ရေ) အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော် (လေ) အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ရန်ကုန်တိုင်းဒေသကြီးအသင်းသည် သုံးပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေး ပိုကောင်းလာခဲ့သည်။

တပ်မတော် (ရေ)အသင်းသည် ပွဲအစပိုင်းသာ ရန်ကုန်တိုင်းဒေသကြီးအသင်းဘက်သို့ ဖိကစားနိုင်ပြီး နောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက အသာစီးမှ ကစားကာ ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၃ ❄

ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တပ်မတော် (ရေ) အသင်း ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-စိုးညွှန့်

## နိုင်ငံခြားသား မောင်းနှင်လာသည့် ယာဉ်တိုက်မိသဖြင့် ငါးဦးဒဏ်ရာရ

စာမျက်နှာ-၁၂

## အရှေ့ဂူတာရှိ တိုက်ပွဲဖြစ်ပွားနေသည့် ဒေသများသို့ ဆီးရီးယားသမ္မတ အာဆတ် သွားရောက်

စာမျက်နှာ-၁၄

